**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည်အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၅)၊ အမှတ်(၂၈၆)
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်၊ ကြာသပတေးနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း** စာ - ၃ သို့

## ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့်ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများအား စစ်ရေယာဉ်(မုတ္တမ)ဖြင့် မြိတ်မြို့မှရန်ကုန်မြို့သို့ ပို့ဆောင်



ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများ စစ်ရေယာဉ်(မုတ္တမ)ဖြင့် မြိတ်မြို့မှ ရန်ကုန်မြို့သို့ရောက်ရှိလာရာ တာဝန်ရှိသူများက စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့်တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေးအိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေသည့် နိုင်ငံခြားသားများကိုလည်း လူသားချင်းစာနာ


စာမျက်နှာ ၁၆ ကော်လံ ၁ ➲

**ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ** စာ - ၄ သို့

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအပိုင်း(၃) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းဆန္ဒမဲရရှိမှု အခြေအနေ** စာ - ၆ သို့

**နီပါးရ်ပိုင်းရပ်စ်အကြောင်း သိကောင်းစရာ**

ကျန်းမာရေးဆောင်းပါး စာ - ၂၄ သို့



## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်)

# ပြည်သူလူထုကျန်းမာရေးကဏ္ဍ အလေးထားမြှင့်တင်ရေး

ယနေ့ခေတ်သည်သိပ္ပံနှင့်နည်းပညာခေတ်ဖြစ်သည့်အတွက် အရာရာတွင်အရှိန်အဟုန်နှင့်တိုးတက်ပြောင်းလဲလျက်ရှိနေသည်။ ဆေးသိပ္ပံပညာရပ်များ၊ ရောဂါရှာဖွေကုသသည့်ခေတ်မီဆေးဘက်ဆိုင်ရာကိရိယာများ၊ ဆေးဝါးနှင့်ကုထုံးအသစ်များတိုးတက်လာရန်နှင့် Artificial Intelligence (AI) နည်းပညာအကူအညီဖြင့်ဆောင်ရွက်နိုင်သည်အထိ စဉ်ဆက်မပြတ်လေ့လာသိရှိရန် လိုအပ်လာနေပြီဖြစ်သည်။ ထို့ပြင်နိုင်ငံတော်ကိုတည်ဆောက်ရာမှာ လူငယ်များ အသိပညာ၊ အတတ်ပညာမြင့်မားရေးနှင့်တိုင်းရင်းသားပြည်သူအားလုံး ကျန်းမာကြံ့ခိုင်ရန်လိုအပ်သည်။ ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် **"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"**ကိုဦးတည်ချက်ချမှတ်ကာဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးသည်လူတိုင်းနှင့်သက်ဆိုင်သည့်အတွက် ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးနှင့်ပတ်သက်၍ဆောင်ရွက်ချက်များတွင် ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံများကျင်းပခြင်းလည်းပါဝင်သည်။ မြန်မာနိုင်ငံတွင် ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကို ၁၉၆၅ ခုနှစ်က စတင်ကျင်းပလာခဲ့သည်မှာယခုအခါ (၅၄)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ **"(၅၄)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ"** ကို **"သုတေသနဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးဆိုင်ရာပညာရပ်များတိုးတက်လာပြီးကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းမြင့်မားလာစေရန်နှင့် သုတေသနတွေ့ရှိချက်များကိုလက်တွေ့အသုံးချမည့် သက်ဆိုင်ရာကျန်းမာရေးပညာရှင်များသိရှိဆွေးနွေးနိုင်စေရန်"** ရည်ရွယ်ချက်ဖြင့် ဇန်နဝါရီလ ၂၆ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့၌ကျင်းပလျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၅၄)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံဖွင့်ပွဲအခမ်းအနား၌ပြောကြားသည့်ဂုဏ်ပြုမိန့်ခွန်းတွင် **"မိမိတို့ပြည်သူတွေ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ဖို့အတွက် အာဟာရဆိုင်ရာသုတေသနများ၊ အစားအသောက်ဘေးကင်းလုံခြုံမှုဆိုင်ရာသုတေသနများ၊ ကျန်းမာရေးနဲ့ညီညွတ်စွာနေထိုင်ပြုမူရေးနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချကျန်းမာရေးသုတေသနများကို တိုးမြှင့်ဆောင်ရွက်ကြဖို့လိုပါတယ်။ အဲဒီသုတေသနတွေက တွေ့ရှိချက်တွေကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်အောင် ကျန်းမာရေးဆိုင်ရာကြိုတင်ကာကွယ်မှုပညာပေးလုပ်ငန်းတွေကိုပါ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဆေးကုသရေးဆိုင်ရာသုတေသနလုပ်ငန်းတွေ၊ ဆေးရုံအုပ်ချုပ်စီမံခန့်ခွဲမှုဆိုင်ရာသုတေသနလုပ်ငန်းတွေကိုလည်း တိုးမြှင့်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေဆောင်ရွက်ရာမှာ ကျန်းမာရေးဝန်ကြီးဌာနရှိ ဆေးနဲ့ဆေးနီးနွယ်တက္ကသိုလ်များ၊ ဆေးရုံများ၊ ရောဂါတိုက်ဖျက်ရေးစီမံချက်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူလူထုအခြေပြုအဖွဲ့များနဲ့ ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်"**ဟူ၍ထည့်သွင်းပြောကြားခဲ့သည်။

ယခု (၅၄)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၏ ဦးတည်ချက်အဖြစ် **"ဆေးသုတေသနဆောင်ရွက်မှုများမှသည် ပြည်သူလူထု၏ကျန်းမာရေးပိုမိုကောင်းမွန်စေရေး"**ဆိုသည့်ဆောင်ပုဒ်သတ်မှတ်ထားသည်။ (၅၄)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကြီးမှာတင်ပြသည့် သုတေသနရလဒ်ကောင်းများက ကျန်းမာရေးဝန်ကြီးဌာန၏ရည်မှန်းချက်ဖြစ်သည့် **"လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေထိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေး"**ကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ ဆေးသုတေသနဦးစီးဌာန၏ မျှော်မှန်းချက်ဖြစ်သည့် ဆေးသုတေသနတွေ့ရှိချက်များကိုအသုံးချပြီး ပြည်သူများပိုမိုကျန်းမာလာစေရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

ယခု (၅၄)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနတွေ့ရှိချက်များအရ မကူးစက်တတ်သောရောဂါဖြစ်ပွားမှုမြင့်မားလာခြင်းကို ကာကွယ်တားဆီးခြင်းလုပ်ငန်းများနှင့်အတူ ပြည်သူလူထုအတွင်း အာဟာရမျှတစွာစားသုံးသည့်အလေ့အထများရရှိနိုင်ရန်အတွက် ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆေးသုတေသနဦးစီးဌာနသာမက အခြားဦးစီးဌာနများ၊ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဘဏ္ဍာငွေကျပ် ၁ ဒသမ ၅ ဘီလီယံခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် သုတေသနပြုလုပ်ခြင်းက အရေးကြီးကြောင်းနားလည်သဘောပေါက်ပြီး သုတေသနဆိုင်ရာယဉ်ကျေးမှုတစ်ရပ် (Research Culture) တစ်ခုတိုးတက်ဖြစ်ထွန်းရှင်သန်လာစေရေးလေ့ကျင့်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် **"ဆေးသုတေသနဆောင်ရွက်မှုများမှသည် ပြည်သူလူထု၏ကျန်းမာရေးပိုမိုကောင်းမွန်စေရေး"** ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံးလက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။


**ကျန်းမာရေးဝန်ကြီးဌာန**

**(၅၄)ကြိမ်မြောက်မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ**

**၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၆ ရက် မှ ၃၀ ရက်**

**ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)** **အမှတ်(၅)၊ ဇီဝကလမ်း၊ရန်ကုန်မြို့**


## ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

ICJ ကြားနာပွဲတွင် မြန်မာနိုင်ငံကိုယ်စား သွားရောက်ဖြေရှင်းနေသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်ဦးဆောင်သော Agent of Myanmar အဖွဲ့အား ပြည်သူတစ်ရပ်လုံးအနေဖြင့် အားပေးထောက်ခံလျက်ရှိသည်ကို ဝမ်းသာဂုဏ်ယူဖွယ်မြင်တွေ့ရပါသည်။

အဖွဲ့အစည်းအသီးသီးမှ လူမှုကွန်ရက်ပေါ်တွင် ထောက်ခံအားပေးသည့် Post များရေးသားခြင်း၊ ထုတ်ပြန်ချက်များထုတ်ပြန်ခြင်း၊ မြေပြင်ထောက်ခံပွဲများပြုလုပ်ခြင်းများကို မည်သူ့တိုက်တွန်းချက်မှမပါဘဲ အားတက်သရောလုပ်ဆောင်နေကြသည်ကို လေးစားဂုဏ်ယူဖွယ်အသိအမှတ်ပြုပါသည်။

သို့ရာတွင် Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ တရားရင်ဆိုင်ဆဲကာလဖြစ်သဖြင့် အားပေးထောက်ခံမှုများအား လူမှုကွန်ရက်ပေါ်တွင်လည်းကောင်း၊ အဖွဲ့အစည်းများမှ မြို့/ရွာအသီးသီးတွင် ထောက်ခံပွဲများပြုလုပ်ရာတွင်လည်းကောင်း အောက်ပါအချက်များအား အထူးသတိပြုလိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) ICJ တရားရုံးနှင့် တရားသူကြီးများအား ဝေဖန်ပုတ်ခတ်ခြင်း၊ ဖိအားပေးသည့်သဘော ရေးသားပြောဆိုခြင်းများ လုံးဝမပြုလုပ်ကြပါရန်။

(၂) လူမျိုးရေးခွဲခြားသည့်အသုံးအနှုန်းများ ရေးသားပြောဆိုခြင်း၊ လက်ကိုင်ဆိုင်းဘုတ်ပြုလုပ်ခြင်းများ မပြုလုပ်ကြပါရန်။

(၃) တိုင်းရင်းသားအမျိုးအမည်တွင်မပါဝင်သည့်၊ တိုင်းရင်းသားအဖြစ် မသတ်မှတ်ထားသည့် လူမျိုးအမည်အားသုံးစွဲပြီး ထိုအမည်အား အမုန်းစကား (Hate Speech) များ မပြုလုပ်ကြပါရန်။

(၄) Agent of Myanmar အဖွဲ့အနေဖြင့်နိုင်ငံတကာဥပဒေများနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းနေကြောင်းကိုသာ ထောက်ခံရေးသားပြောဆိုကြပါရန်။

**သတင်းအဖွဲ့**


the Myawady Daily မြဝတီ နေ့စဉ်

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ်
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို
ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ
(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၂/၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေပုဒ်မ ၆ တွင်ပါရှိသော "တည်းခိုနေထိုင်စရိတ်ကျပ် ၅၀၀၀"ဆိုသည့်စကားရပ်ကို "တည်းခိုနေထိုင်စရိတ်ကျပ် ၈၀၀၀"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "အခြားအသုံးစရိတ်ကျပ် ၅၀၀၀"ဆိုသည့်စကားရပ်ကို "အခြားအသုံးစရိတ်ကျပ် ၇၀၀၀"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၃။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေပုဒ်မ ၈ တွင်ပါရှိသော "ကျပ်တစ်သောင်း"ဆိုသည့်စကားရပ်ကို "ကျပ်နှစ်သောင်း"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအတည်ပြုခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးကြည်ဇင်ထွန်း<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်<br>ကုးသန်းရောင်းဝယ်ရေးဘဏ်<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (ခ) | ဦးကျော်ကျော်နိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာကြည်ကြည်သန်းအောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ပါမောက္ခဒေါက်တာရဲမြင့် | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ခ) | ပါမောက္ခဒေါက်တာခင်စောဦး | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာနည်းပညာ<br>တက္ကသိုလ်(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

## မြို့ပြသန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပဲခူး ဇန်နဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည်ယနေ့နံနက်ပိုင်းတွင်ပဲခူးမြို့လယ်ရှိ ပဲခူးမြစ်ကူးတံတား လှပတင့်တယ်စေရေးနှင့် ကမ်းပြိုမှုကာကွယ်နိုင်ရေးအတွက် Bored Pile အခြေပြုကျောက်၊ ကွန်ကရစ်မြေထိန်းနံရံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန်နှင့် ပဲခူးမြစ် ရေစီးရေလာကောင်းမွန်ရေး မြစ်ကြောင်းရှင်းလင်းခြင်း လုပ်ငန်းများ တစ်ပါတည်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ ဥဿာမြို့သစ်ရှိ သမိန်ဗရမ်းလမ်းအား ပေ ၄၀ အကျယ် မြေသားတာပေါင်ပြုလုပ်ခြင်း၊ ၂၆ ပေအကျယ် ကျောက်ခင်းခြင်း၊ ၂၄ ပေအကျယ်ကွန်ကရစ်ခင်းခြင်းနှင့် ပေ ၆၀ အကျယ် ကွန်ကရစ်ရေထုတ်မြောင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပဲခူးမြို့ ကျိုက်ပညာယျစေတီတော်အနီး၌ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကျင်းပမည့်နေရာ၌ တောင်သူလယ်သမားများအတွက် စားဖိုဆောင်စိုက်ခင်းနှင့် သီးနှံမျိုးစုံစိုက်ခင်းများ သရုပ်ပြဆောင်ရွက်နေမှု၊ သီးနှံပြခန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပြခန်းများ၊ MSMEs ပြခန်းတည်ဆောက်မည့်နေရာများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

ဥဿာတိုင်းသား

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကျင်းပရေးဆိုင်ရာ ဖိတ်ကြားရေး၊ နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးလုပ်ငန်းများဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၈

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ပွဲတော်ကျင်းပရေးဆိုင်ရာ ဖိတ်ကြားရေး၊ နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကျင်းပရေး ဗဟိုကော်မတီ၏ ညွှန်ကြားချက်များအတိုင်း မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် လုပ်ငန်းတာဝန်များကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်သွားရန်၊ ဖွင့်ပွဲအခမ်းအနားနှင့် ပွဲတော်ကျင်းပစဉ်ကာလအတွင်း မိမိတို့၏ လုပ်ငန်းတာဝန်များကို ချို့ယွင်းချက်များနှင့် လစ်ဟင်းမှုများမရှိအောင် ကြိုတင်ပြင်ဆင်၍ အလေးထားကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၄ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ( ခ ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|
| **ကချင်ပြည်နယ်** | | | |
| ( ၁ ) ဦးကျော်လင်း | ၁/ဗမန(နိုင်)၀၀၉၇၀၉ | ဗန်းမော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၂ ) ဦးသက်ပိုင်ထူး | ၈/ပဖန(နိုင်)၁၄၅၄၀၆ | ဖားကန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကရင်ပြည်နယ်** | | | |
| ( ၃ ) ဒေါ်ခင်နီနီအောင် | ၁၂/ရကန(နိုင်)၀၀၂၅၇၅ | ကော့ကရိတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၄ ) ဦးမြင့်ထွန်း | ၃/ကဆက(နိုင်)၀၁၂၆၁၃ | ကြာအင်းဆိပ်ကြီး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | |
| ( ၅ ) ဦးရဲထွန်းဝင်း | ၆/ထဝန(နိုင်)၀၇၈၇၉၅ | သရက်ချောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၆ ) ဦးစိုးတင် | ၁၀/ပမန(နိုင်)၁၁၀၂၃၄ | ပုလော | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | |
| ( ၇ ) ဦးဟံသာဝင်း | ၇/ကကန(နိုင်)၀၃၆၄၀၄ | ကျောက်ကြီး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၈ ) ဦးကျော်ဆန်းဦး | ၇/ကတခ(နိုင်)၀၀၃၆၉၈ | ကျောက်တံခါး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၉ ) ဦးမြင့်ဇော်လင်း | ၇/ဖမန(နိုင်)၁၂၁၈၆၄ | ဖြူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) ဦးဝင်းမြင့် | ၇/အတန(နိုင်)၀၂၈၀၆၃ | အုတ်တွင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) ဒေါ်ဥမ္မာမို့မို့ဇော် | ၇/သကန(နိုင်)၀၀၀၃၀၃ | သဲကုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၂) ဦးအောင်နိုင် | ၇/ဝမန(နိုင်)၀၀၆၅၀၈ | ဝေါ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) ဒေါ်သန္တာအောင် | ၇/ကပက(နိုင်)၀၆၂၆၄၀ | ကြို့ပင်ကောက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) ဦးတင်ထွေး | ၇/အဖန(နိုင်)၀၄၄၈၆၇ | အုတ်ဖို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | |
| (၁၅) ဦးစန်းမြင့် | ၉/မသန(နိုင်)၀၈၃၀၁၁ | မြစ်သား | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) ဦးကိုကိုဦး | ၉/မရတ(နိုင်)၀၉၃၈၀၁ | ချမ်းမြသာစည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) ဦးအောင်ကျော်သူ | ၉/မလန(နိုင်)၀၀၀၇၁၇ | မလှိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) ဦးတိုးဝင်း | ၉/တသန(နိုင်)၀၉၆၈၉၅ | တောင်သာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) ဒေါ်ပြုံးကြည် | ၉/မခန(နိုင်)၁၃၄၉၇၆ | မြင်းခြံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) ဦးလှမင်း | ၁၁/စတန(နိုင်)၀၀၇၅၇၈ | ငါန်းဇွန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) ဒေါ်အေးမြမြစိုး | ၉/သပက(နိုင်)၀၃၄၁၇၄ | သပိတ်ကျင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) ဦးဝင်းနိုင် | ၉/ပသက(နိုင်)၀၀၄၄၁၈ | ပုသိမ်ကြီး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | |
| (၂၃) ဒေါက်တာနန္ဒကျော်စွာ | ၁၂/ဒဂန(နိုင်)၀၂၁၄၄၁ | ဒဂုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) ဦးရန်မျိုးအောင်သိန်း | ၁၂/ဒဂန(နိုင်)၀၀၇၄၆၆ | လမ်းမတော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၅) ဒေါက်တာထွန်းထွန်းဝင်း | ၁၂/သခန(နိုင်)၀၇၉၀၈၀ | ဆိပ်ကြီး/ခနောင်တို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) ဦးတင်မြင့် | ၁၂/တတန(နိုင်)၀၂၅၀၇၀ | ဒလ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၇) ဒေါက်တာရွှေပြည်စိုး | ၁၂/ပဘတ(နိုင်)၀၁၇၄၅၅ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၈) ဒေါ်အေးအေးမြင့် | ၁၂/မဂတ(နိုင်)၀၅၂၇၆၂ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၉) ဦးစိုင်းလင်းလင်းထွဏ်း | ၁၂/မဂတ(နိုင်)၀၈၄၂၁၉ | မင်္ဂလာတောင်ညွန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၀) ဒေါ်အေးမြမြကြိုင် | ၁၂/သကတ(နိုင်)၁၄၉၁၉၅ | သာကေတ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) ဦးနေလင်းအောင် | ၁၂/ဥကမ(နိုင်)၁၇၉၀၀၀ | မြောက်ဥက္ကလာပ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၂) ဦးထွန်းအုံ | ၇/ဖမန(နိုင်)၀၀၃၇၉၇ | တာမွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) ဦးတင်မိုးအောင် (ခ) နေရှိုင်း | ၇/ဒဥန(နိုင်)၀၂၄၉၁၉ | ရန်ကင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) ဦးနိုင်ဝင်း | ၁၂/ကတန(နိုင်)၀၀၁၁၉၀ | ကျောက်တန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၅) ဦးဝင်းဆွေ | ၁၂/ခရန(နိုင်)၀၀၆၆၄၆ | ခရမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၆) ဦးအောင်ကျော်မင်း | ၁၂/သခန(နိုင်)၀၃၈၂၆၃ | သုံးခွ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) ဦးမျိုးသန့် | ၁၂/စခန(နိုင်)၀၄၅၅၂၈ | စမ်းချောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၈) ဦးအောင်ကျော်ဟိုး | ၁၄/ဓနဖ(နိုင်)၀၀၃၅၁၃ | လှိုင်သာယာ (အနောက်ပိုင်း) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၉) ဦးအေးချမ်း | ၁၂/ရကန(နိုင်)၀၀၀၃၆၅ | လှိုင်သာယာ (အရှေ့ပိုင်း) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ရှမ်းပြည်နယ်** | | | |
| (၄၀) နန်းရီရီဝင်း | ၁၃/တကန(နိုင်)၁၃၇၁၁၆ | ပင်လောင်း | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ( PNO ) ပါတီ |
| (၄၁) ဒေါက်တာရဲမြင့်စိုး | ၁၂/ပဘတ(နိုင်)၀၂၈၅၉၈ | ညောင်ရွှေ | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ |
| (၄၂)ဒေါ်နန်းတင်ဦး | ၁၃/ကသန(နိုင်)၀၀၀၅၉၅ | ကျေးသီး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၄၃) ဦးစိုင်းကံ | ၅/စကန(နိုင်)၀၀၉၅၈၁ | မိုင်းရှူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၄) ဦးကောင်းသက်စံ | ၁၂/ဒပန(နိုင်)၀၆၅၄၄၉ | သီပေါ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၄၅) ဦးအေးထွန်း | ၁၂/ဒဂန(နိုင်)၀၁၀၅၄၀ | ကျောက်မဲ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | |
| (၄၆) ဒေါ်အိအိချော | ၁၄/ရကန(နိုင်)၀၉၂၇၄၁ | ရေကြည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၇) ဒေါ်ခင်သန်းမြင့် | ၁၄/ငပတ(နိုင်)၀၀၇၈၂၅ | ငပုတော | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၈) ဦးအောင်သန်းမြင့် | ၁၂/လမန(နိုင်)၀၃၆၁၃၅ | ဒေးဒရဲ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၉) ဦးအောင်မြသန်း | ၁၄/ညတန(နိုင်)၀၀၄၄၄၅ | ညောင်တုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၀) ဦးနိုင်ဝင်း | ၁၄/ဓနဖ(နိုင်)၀၁၁၅၇၈ | ဓနုဖြူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၁) ဒေါက်တာငွေးဝင်း | ၁၄/အဂပ(နိုင်)၁၁၇၄၀၁ | အင်္ဂပူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၂) ဦးခင်မောင်ဝင်း | ၁၄/မမက(နိုင်)၀၀၂၅၀၆ | မော်လမြိုင်ကျွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၃) ဦးလှခိုင် | ၁၄/ဇလန(နိုင်)၀၄၂၈၄၂ | ဇလွန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၄) ဦးမြင့်စိုး | ၉/ကဆန(နိုင်)၀၁၅၉၆၉ | လေးမျက်နှာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# သီတဂူဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်ဖူးမြော်



**မန္တလေး ဇန်နဝါရီ ၂၈**

မန္တလေးမြို့ မဟာမုနိဘုရားကြီးတွင် နိုင်ငံတော်ဩဝါဒါစရိယ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက ယနေ့ညနေပိုင်းတွင် သွားရောက်ဖူးမြော်ကြသည်။

ရှေးဦးစွာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ သီတဂူဆရာတော်ကြီးသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကမန္တလေးလျှောင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့်ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ဂန္ဓကုဋိတိုက်တော် ရွှေကျောင်းတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှု အခြေအနေများ၊ စိန်ဖူးတော်ကြီး၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များတင်လှူပူဇော်နိုင်ရေးနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်အခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရေးတို့နှင့်စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီးနောက် ဆရာတော်ကြီးထံမှ ဩဝါဒများခံယူခဲ့ကြကြောင်းနှင့် သီတဂူဆရာတော်ကြီးက ဂန္ဓကုဋိတိုက်တော် ရွှေကျောင်းတော်ကြီးနှင့် သာသနိကအဆောက်အအုံများအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှစ်ခုနှင့်ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုအတည်ပြုပေး




**ရန်ကုန် ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၆)ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ၏ ထုတ်လုပ်သည့် ပစ္စည်းနမူနာပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုနှင့် ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုတို့ကို အတည်ပြုပေးခဲ့သည်။

အစည်းအဝေးတွင်အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ SKD စနစ်ဖြင့် လူသုံးကုန်လျှပ်စစ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်၍ ပြည်တွင်း၌ ၁၀၀ ရာခိုင်နှုန်း ရောင်းချခြင်းလုပ်ငန်း၊ ဒီဇယ်အင်ဂျင် အမျိုးမျိုးတပ်ဆင်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းတို့ဖြစ်ကာ အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာ ငွေကျပ် ၉၅၃၇ ဒသမ ၂၂၇ သန်းနှင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၂၀ သန်း ဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၉၁၁ ဦးအတွက် ဖန်တီးပေးနိုင်ခဲ့ကြောင်းနှင့် အစည်းအဝေးတွင် မတည်ရင်းနှီးငွေ တိုးမြှင့်မည့်လုပ်ငန်းနှစ်ခု အပါအဝင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၂ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ **ဖွဲ့ထက်ကို( ပြန်/ဆက်)**




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၃°C | / | ၃၃°C |
| ရန်ကုန် | ၁၈°C | / | ၃၂°C |
| မန္တလေး | ၁၃°C | / | ၃၃°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၈**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

# (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားဆိုင်ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၈**

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားဆိုင်ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက ပြည်ထောင်စုနေ့အခမ်းအနားသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုဖော်ဆောင်သည့်နိုင်ငံတော်အဆင့်အခမ်းအနား ဖြစ်သည့်အတွက် ဆပ်ကော်မတီဝင်များအားလုံး လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် အလေးအနက်ထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အခမ်းအနားသို့တက်ရောက်မည့် တိုင်းဒေသကြီး/ပြည်နယ် ကိုယ်စားပြုယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ နေပြည်တော်သို့ ရောက်ရှိချိန်မှစ၍ အခမ်းအနားပြီးဆုံးပြီး ပြန်လည်ထွက်ခွာသည့်အချိန်အထိ သတ်မှတ်နေရာသို့ အချိန်မီလုံခြုံစိတ်ချစွာ သွားလာနိုင်ရေးနှင့် ဆက်သွယ်ရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်ဆပ်ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့ရပါက အချိန်နှင့် တစ်ပြေးညီတင်ပြရန်လိုကြောင်း၊ အဖွဲ့ခေါင်းဆောင်များ၊ ကြီးကြပ်သူများနှင့် ယာဉ်မောင်းများအနေဖြင့် လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် လုံခြုံရေးအသိ၊ သတိဖြင့်ဆောင်ရွက်သွားရန်၊ ဝတ်စားဆင်ယင်မှုများ သတ်မှတ်ချက်နှင့်အညီ ဖြစ်စေရန်နှင့် အချင်းချင်းဆက်သွယ်မှု မြန်ဆန်စေရေး ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ညွှန်ကြားချက်များကို ကော်မတီဝင်များအားလုံး ပူးပေါင်းပြီး အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့်တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | ဗန်းမော်မြို့နယ် | | | ၂၄၈ | ၅၁၅၅ | ၅၄၀၃ | |
| | | ဦးကျော်လင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၀ | ၄၇၆၄ | ၄၉၆၄ | ၉၁.၈၈% |
| | | ဦးဂမ်အောင် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၇ | ၁၇၅ | ၁၉၂ | ၃.၅၅% |
| | | ဦးအောင်ဇော်ထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈ | ၈၈ | ၉၆ | ၁.၇၈% |
| | | ဒေါ်မွေးမွေးကြိုင် | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆ | ၈၀ | ၈၆ | ၁.၅၉% |
| | | ဒေါ်မြတ်ခက်မွန် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၇ | ၄၈ | ၆၅ | ၁.၂၀% |
| ၂ | ဖားကန့်မြို့နယ် | | | ၂၆၇၆ | ၉၆၂ | ၃၆၃၈ | |
| | | ဦးသက်ပိုင်ထူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၅၅ | ၆၂၂ | ၁၆၇၇ | ၄၆.၁၀% |
| | | ဦးဖုံးချန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၆၅ | ၂၃၂ | ၁၃၉၇ | ၃၈.၄၀% |
| | | ဦးကျော်လင်း | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၅၆ | ၁၀၈ | ၅၆၄ | ၁၅.၅၀% |
| | ကရင်ပြည်နယ် | | | | | | |
| ၃ | ကော့ကရိတ်မြို့နယ် | | | ၆၉၃၈ | ၄၀၅၁ | ၁၀၉၈၈ | |
| | | ဒေါ်ခင်နီနီအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၀၄၂ | ၃၂၉၀ | ၇၃၃၂ | ၆၆.၇၃% |
| | | ဦးစောနေရှင် | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၁၁၇၉ | ၄၅၈ | ၁၆၃၇ | ၁၄.၉၀% |
| | | ဦးထွန်းထွန်းဝင်း | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၈၃၅ | ၁၂၇ | ၉၆၂ | ၈.၇၅% |
| | | ဦးဝင်းအောင် | မွန်တိုးတက်ရေးပါတီ | ၅၉၄ | ၉၂ | ၆၈၆ | ၆.၂၄% |
| | | ဦးတင့်ဇော်လင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၈၈ | ၈၃ | ၃၇၁ | ၃.၃၈% |
| ၄ | ကြာအင်းဆိပ်ကြီးမြို့နယ် | | | ၃၀၅၀ | ၂၄၉၁ | ၅၅၄၁ | |
| | | ဦးမြင့်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၅၁ | ၂၀၀၇ | ၃၄၅၈ | ၆၂.၄၁% |
| | | ဦးစောဖိုးဝါး | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၁၀၂၇ | ၃၄၇ | ၁၃၇၄ | ၂၄.၈၀% |
| | | ဦးဇင်မျိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၂၅ | ၅၉ | ၃၈၄ | ၆.၉၃% |
| | | ဒေါ်နှင်းနှင်းအိ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၇ | ၇၈ | ၃၂၅ | ၅.၈၆% |
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| ၅ | သရက်ချောင်းမြို့နယ် | | | ၅၆၂၂ | ၁၉၀၈ | ၇၅၃၀ | |
| | | ဦးရဲထွန်းဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၈၇ | ၁၄၃၉ | ၃၉၂၆ | ၅၂.၁၄% |
| | | ဦးမင်းသူ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၁၃၅ | ၄၆၉ | ၃၆၀၄ | ၄၇.၈၆% |
| ၆ | ပုလောမြို့နယ် | | | ၁၄၁၈၄ | ၂၆၁၀ | ၁၆၇၉၄ | |
| | | ဦးစိုးတင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၆၅၆ | ၂၀၁၀ | ၇၆၈၆ | ၄၅.၇၇% |
| | | ဒေါ်ခင်စန္ဒာ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၂၈၈ | ၄၀၃ | ၄၆၉၁ | ၂၇.၉၃% |
| | | ဒေါ်စန္ဒာမင်း | ပြည်သူ့ပါတီ | ၃၀၄၂ | ၁၃၆ | ၃၂၇၈ | ၁၉.၅၂% |
| | | ဦးသိန်းသိန်းဇော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၉၈ | ၄၁ | ၁၁၃၉ | ၆.၇၈% |
| | ပဲခူးတိုင်းဒေသကြီး | | | | | | |
| ၇ | ကျောက်ကြီးမြို့နယ် | | | ၄၂၄၆ | ၂၈၆၃ | ၇၁၀၉ | |
| | | ဦးဟံသာဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၈၅ | ၂၁၁၆ | ၅၁၀၁ | ၇၁.၇၅% |
| | | ဦးအောင်နိုင်ဆွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၄၇ | ၅၂၃ | ၁၂၇၀ | ၁၇.၈၇% |
| | | ဦးနောင်ထူးလင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၁၄ | ၂၂၄ | ၇၃၈ | ၁၀.၃၈% |
| ၈ | ကျောက်တံခါးမြို့နယ် | | | ၅၆၅၄၁ | ၂၂၅၆၄ | ၇၉၁၀၅ | |
| | | ဦးကျော်ဆန်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၉၅၀ | ၉၆၀၆ | ၃၂၅၅၆ | ၄၁.၁၆% |
| | | ဦးကျော်ကျော်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၉၅၅၃ | ၇၃၆၂ | ၁၆၉၁၅ | ၂၁.၃၈% |
| | | ဦးကိုကိုလတ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၄၃၈ | ၁၉၉၂ | ၈၄၃၀ | ၁၀.၆၆% |
| | | ဒေါ်ခင်မြတ်နိုးထွန်း | ပြည်သူ့ပါတီ | ၆၄၂၅ | ၁၅၁၂ | ၇၉၃၇ | ၁၀.၀၃% |
| | | ဦးမင်းမင်းဇော် | တစ်သီးပုဂ္ဂလ | ၆၁၂၀ | ၁၂၇၁ | ၇၃၉၁ | ၉.၃၄% |
| | | ဦးကျော်မင်းထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၀၅၅ | ၈၂၁ | ၅၈၇၆ | ၇.၄၃% |
| ၉ | ဖြူးမြို့နယ် | | | ၁၇၃၆၇ | ၁၆၆၃၈ | ၃၄၀၀၅ | |
| | | ဦးမြင့်ဇော်လင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၆၀၂ | ၁၀၅၀၀ | ၁၈၁၀၂ | ၅၃.၂၃% |
| | | ဦးသန်းဌေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၈၃၂ | ၂၂၆၂ | ၅၀၉၄ | ၁၄.၉၈% |
| | | ဒေါက်တာဖြိုးမာန် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၈၃၆ | ၁၅၁၆ | ၄၃၅၂ | ၁၂.၈၀% |
| | | ဦးရဲသူရ | ပြည်သူ့ပါတီ | ၂၅၃၈ | ၁၄၅၅ | ၃၉၉၃ | ၁၁.၇၄% |
| | | ဒေါ်အိမ့်စန္ဒာရွှန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၅၅၉ | ၉၀၅ | ၂၄၆၄ | ၇.၂၅% |
| ၁၀ | အုတ်တွင်းမြို့နယ် | | | ၃၄၉၃၂ | ၁၁၄၀၇ | ၄၆၃၃၉ | |
| | | ဦးဝင်းမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၀၁၀ | ၇၅၈၃ | ၂၀၅၉၃ | ၄၄.၄၄% |
| | | ဦးမြအေး | ပြည်သူ့ပါတီ | ၆၂၄၇ | ၁၄၀၇ | ၇၆၅၄ | ၁၆.၅၂% |
| | | ဦးသန်းလွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၃၈၇ | ၉၆၄ | ၆၃၅၁ | ၁၃.၇၁% |
| | | ဦးမောင်ဝေ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၀၇၉ | ၅၄၀ | ၃၆၁၉ | ၇.၈၁% |
| | | ဒေါ်ခင်သိမ့်သိမ့်ထွေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၆၈၄ | ၃၁၆ | ၃၀၀၀ | ၆.၄၇% |
| | | ဦးသက်ဦး | တစ်သီးပုဂ္ဂလ | ၂၄၉၅ | ၃၆၈ | ၂၈၆၃ | ၆.၁၈% |
| | | ဦးသန်းထိုက် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၀၃၀ | ၂၂၉ | ၂၂၅၉ | ၄.၈၇% |

စာမျက်နှာ ၇ သို့ ❐

❒ စာမျက်နှာ ၆ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| ၁၁ | သဲကုန်းမြို့နယ် | | | ၄၃၈၄၁ | ၆၃၈၇ | ၅၀၂၂၈ | |
| | | ဒေါ်ဥမ္မာမို့မို့ဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၉၀၆ | ၃၇၉၂ | ၁၉၆၉၈ | ၃၉.၂၂% |
| | | ဒေါ်စောယုမာ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | ၅၈၈၁ | ၉၉၂ | ၆၈၇၃ | ၁၃.၆၈% |
| | | ဦးကံလှ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၉၅၆ | ၄၁၈ | ၆၃၇၄ | ၁၂.၆၉% |
| | | ဒေါ်စန္ဒာညွန့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၉၁၁ | ၄၆၁ | ၅၃၇၂ | ၁၀.၇၀% |
| | | ဒေါ်ချိုမာအေး | ပြည်သူ့ပါတီ | ၃၆၈၅ | ၁၅၉ | ၃၈၄၄ | ၇.၆၅% |
| | | ဦးသိန်းအောင်စိုး | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၂၇၀၄ | ၂၀၈ | ၂၉၁၂ | ၅.၈၀% |
| | | ဦးဇော်ဝင်းထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၆၁၅ | ၁၂၈ | ၂၇၄၃ | ၅.၄၆% |
| | | ဒေါ်သန္တာလင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၁၈၃ | ၂၂၉ | ၂၄၁၂ | ၄.၈၀% |
| ၁၂ | ဝေါမြို့နယ် | | | ၅၂၉၇၁ | ၁၆၈၃၈ | ၆၉၈၀၉ | |
| | | ဦးအောင်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၈၇၁ | ၁၃၀၂၄ | ၃၈၈၉၅ | ၅၅.၇၂% |
| | | ဦးနေသူအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၅၆၁ | ၁၈၉၈ | ၁၂၄၅၉ | ၁၇.၈၅% |
| | | ဦးခင်ဇော်လတ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၃၄၈ | ၆၈၈ | ၈၀၃၆ | ၁၁.၅၁% |
| | | ဦးဘိုဘိုဟန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၂၆၄ | ၇၅၅ | ၆၀၁၉ | ၈.၆၂% |
| | | ဦးထွန်းအောင်ကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၉၂၇ | ၄၇၃ | ၄၄၀၀ | ၆.၃၀% |
| ၁၃ | ကြို့ပင်ကောက်မြို့နယ် | | | ၂၇၂၄၅ | ၉၀၃၅ | ၃၆၂၈၀ | |
| | | ဒေါ်သန္တာအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၉၈၈ | ၄၇၈၅ | ၁၅၇၇၃ | ၄၃.၄၈% |
| | | ဒေါ်ချိုချိုကျော်ငြိမ်း | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၆၆၈၅ | ၂၄၅၂ | ၉၁၃၇ | ၂၅.၁၈% |
| | | ဒေါ်အိမ့်မျက်ချယ်သူ | ပြည်သူ့ပါတီ | ၃၀၈၉ | ၃၆၇ | ၃၄၅၆ | ၉.၅၃% |
| | | ဦးဇော်လင်းထိုက် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၃၉၅ | ၅၁၉ | ၂၉၁၄ | ၈.၀၃% |
| | | ဦးသက်ဖြိုးမောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၁၀၆ | ၅၉၅ | ၂၇၀၁ | ၇.၄၄% |
| | | ဒေါ်အေးမြတ်ကြွယ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၉၈၂ | ၃၁၇ | ၂၂၉၉ | ၆.၃၄% |
| ၁၄ | အုတ်ဖိုမြို့နယ် | | | ၂၁၆၆၉ | ၈၁၆၀ | ၂၉၈၂၉ | |
| | | ဦးတင်ထွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၉၄၅၈ | ၅၂၇၈ | ၁၄၇၃၆ | ၄၉.၄၀% |
| | | ဦးဇော်ထက်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၉၀၉ | ၆၅၃ | ၄၅၆၂ | ၁၅.၂၉% |
| | | ဦးဇေယျာလင်း | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၂၈၄၄ | ၁၁၁၁ | ၃၉၅၅ | ၁၃.၂၆% |
| | | ဦးမြတ်သူ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၂၄ | ၅၅၂ | ၃၃၇၆ | ၁၁.၃၂% |
| | | ဒေါ်စန္ဒာဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၆၃၄ | ၅၆၆ | ၃၂၀၀ | ၁၀.၇၃% |
| | မန္တလေးတိုင်းဒေသကြီး | | | | | | |
| ၁၅ | မြစ်သားမြို့နယ် | | | ၁၀၃၃၁၀ | ၅၅၁၁ | ၁၀၈၈၂၁ | |
| | | ဦးစန်းမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၄၅၈၇ | ၄၅၇၉ | ၅၉၁၆၆ | ၅၄.၃၇% |
| | | ဦးသန်းထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၉၈၄ | ၂၉၅ | ၁၅၂၇၉ | ၁၄.၀၄% |
| | | ဦးပြည့်ဖြိုးအောင် | ပြည်သူ့ပါတီ | ၁၀၇၅၅ | ၂၀၀ | ၁၀၉၅၅ | ၁၀.၀၇% |
| | | ဦးကျော်စိုးလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၀၂၆ | ၁၇၆ | ၁၀၂၀၂ | ၉.၃၈% |
| | | ဦးဗိုလ်ဗိုလ်တာရာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၆၀၃ | ၁၈၃ | ၆၇၈၆ | ၆.၂၃% |
| | | ဒေါ်ယဉ်ယဉ်မော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၃၅၅ | ၇၈ | ၆၄၃၃ | ၅.၉၁% |
| ၁၆ | ငါန်းဇွန်မြို့နယ် | | | ၃၈၆၀ | ၁၁၀၉ | ၄၉၆၉ | |
| | | ဦးလှမင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၄၆ | ၈၄၂ | ၂၇၈၈ | ၅၆.၁၁% |
| | | ဒေါ်မြင့်မြင့်နိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၃၀ | ၂၁၀ | ၁၈၄၀ | ၃၇.၀၃% |
| | | ဦးသောင်းထွန်းဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၈၄ | ၅၇ | ၃၄၁ | ၆.၈၆% |
| ၁၇ | ချမ်းမြသာစည်မြို့နယ် | | | ၇၄၉၅၀ | ၉၇၈၅ | ၈၄၇၃၅ | |
| | | ဦးကိုကိုဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၀၃၅ | ၆၂၈၈ | ၃၇၃၂၃ | ၄၄.၀၅% |
| | | ဒေါ်တင်မာကြိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၂၇၀ | ၁၃၃၈ | ၁၄၆၀၈ | ၁၇.၂၄% |
| | | ဦးစန်းလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၉၅၄ | ၅၉၅ | ၉၅၄၉ | ၁၁.၂၇% |
| | | ဒေါ်နီနီဝင်း | ပြည်သူ့ပါတီ | ၈၅၄၃ | ၅၃၄ | ၉၀၇၇ | ၁၀.၇၁% |
| | | ဦးမင်းမြတ်နိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၀၃၇ | ၄၇၉ | ၇၅၁၆ | ၈.၈၇% |
| | | ဦးတင်ထွန်းကျော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၁၁၁ | ၅၅၁ | ၆၆၆၂ | ၇.၈၆% |
| ၁၈ | မလှိုင်မြို့နယ် | | | ၂၀၂၅၉ | ၁၇၆၆ | ၂၂၀၂၅ | |
| | | ဦးအောင်ကျော်သူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၆၄၄ | ၁၂၃၃ | ၉၈၇၇ | ၄၄.၈၅% |
| | | ဦးအောင်ဟိန်းသူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၁၈၈ | ၁၈၀ | ၃၃၆၈ | ၁၅.၂၉% |
| | | ဦးမိုးမြင့်ကျော် | ပြည်သူ့ပါတီ | ၂၅၅၂ | ၁၃၅ | ၂၆၈၇ | ၁၂.၂၀% |
| | | ဦးကျော်ဇင်လတ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၄၅၉ | ၇၇ | ၂၅၃၆ | ၁၁.၅၁% |
| | | ဦးနေလင်းအောင် | မျိုးဆက်သစ်ဝံသာနုပါတီ | ၁၇၈၀ | ၄၂ | ၁၈၂၂ | ၈.၂၇% |
| | | ဦးအောင်သူရ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆၃၆ | ၉၉ | ၁၇၃၅ | ၇.၈၈% |
| ၁၉ | တောင်သာမြို့နယ် | | | ၄၁၆၀ | ၂၉၄၆ | ၇၁၀၆ | |
| | | ဦးတိုးဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၃၀ | ၂၀၅၈ | ၃၇၈၈ | ၅၃.၃၀% |
| | | ဒေါ်ဇင်မြတ်သူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၂၃ | ၅၆၃ | ၂၀၈၆ | ၂၉.၃၅% |
| | | ဒေါ်စန်းမြင့်မြင့်ကြည် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၀၇ | ၃၂၅ | ၁၂၃၂ | ၁၇.၃၄% |
| ၂၀ | မြင်းခြံမြို့နယ် | | | ၄၇၂၅၉ | ၆၂၂၂ | ၅၃၄၈၁ | |
| | | ဒေါ်ပြုံးကြည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၀၁၄ | ၄၉၀၈ | ၂၈၉၂၂ | ၅၄.၀၈% |

စာမျက်နှာ ၈ သို့ ❒

❐ စာမျက်နှာ ၇ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | | ဦးလူလူအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၈၇၅ | ၇၆၄ | ၁၃၆၃၉ | ၂၅.၅၀% |
| | | ဦးဇေယျအောင်ကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၃၇၀ | ၅၅၀ | ၁၀၉၂၀ | ၂၀.၄၂% |
| ၂၁ | သပိတ်ကျင်းမြို့နယ် | | | ၂၄၄၁ | ၃၁၀၇ | ၅၅၄၈ | |
| | | ဒေါ်အေးမြမြစိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၅၆ | ၂၅၇၀ | ၃၈၂၆ | ၆၈.၉၆% |
| | | ဦးသန့်ဇင်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၈၀ | ၁၅၃ | ၉၃၃ | ၁၆.၈၂% |
| | | ဦးအေးမင်းထွဋ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၀၀ | ၃၅၂ | ၅၅၂ | ၉.၉၅% |
| | | ဒေါ်ခင်သူသူဝင်း | ပြည်သူ့ပါတီ | ၁၄၂ | ၂၅ | ၁၆၇ | ၃.၀၁% |
| | | ဦးအောင်မင်းသန့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၃ | ၇ | ၇၀ | ၁.၂၆% |
| ၂၂ | ပုသိမ်ကြီးမြို့နယ် | | | ၁၀၄၆၁၄ | ၇၈၁၀ | ၁၁၂၄၂၄ | |
| | | ဦးဝင်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၈၀၆၄ | ၅၄၇၇ | ၄၃၅၄၁ | ၃၈.၇၃% |
| | | ဦးမောင်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၂၆၀၃ | ၁၁၉၇ | ၂၃၈၀၀ | ၂၁.၁၇% |
| | | ဦးကျော်မင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၃၈၁ | ၄၄၁ | ၁၁၈၂၂ | ၁၀.၅၂% |
| | | ဒေါ်ပုဂျား | ပြည်သူ့ပါတီ | ၁၀၄၄၁ | ၁၈၇ | ၁၀၆၂၈ | ၉.၄၅% |
| | | ဦးအောင်နိုင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၈၈၄ | ၁၅၇ | ၉၀၄၁ | ၈.၀၄% |
| | | ဦးနိုင်လင်းနောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၃၉၂ | ၂၄၀ | ၇၆၃၂ | ၆.၇၉% |
| | | ဒေါ်ဖူးပွင့်ရွှေ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | ၅၈၄၉ | ၁၁၁ | ၅၉၆၀ | ၅.၃၀% |
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၂၃ | ဒဂုံမြို့နယ် | | | ၈၀၈၄ | ၁၂၄၀ | ၉၃၂၄ | |
| | | ဒေါက်တာနန္ဒကျော်စွာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၀၄၁ | ၁၀၆၅ | ၆၁၀၆ | ၆၅.၄၉% |
| | | ဒေါ်စိုးစိုးမွန် | ပြည်သူ့ပါတီ | ၈၉၀ | ၃၉ | ၉၂၉ | ၉.၉၆% |
| | | ဒေါက်တာသိန်းဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၈၂ | ၅၁ | ၈၃၃ | ၈.၉၃% |
| | | ဒေါ်သန်းသန်းစိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၇၅ | ၃၂ | ၆၀၇ | ၆.၅၁% |
| | | ဦးသက်နောင်စိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၅၂ | ၃၉ | ၄၉၁ | ၅.၂၇% |
| | | ဦးရဲထွန်းလင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၄၄ | ၁၄ | ၃၅၈ | ၃.၈၄% |
| ၂၄ | လမ်းမတော်မြို့နယ် | | | ၇၈၄၇ | ၁၃၈၅ | ၉၂၃၂ | |
| | | ဦးရန်မျိုးအောင်သိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၂၁ | ၈၄၄ | ၃၇၆၅ | ၄၀.၇၈% |
| | | ဦးကိုကိုကြီး | ပြည်သူ့ပါတီ | ၂၇၂၂ | ၁၉၈ | ၂၉၂၀ | ၃၁.၆၃% |
| | | ဦးဇော်မျိုးလင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၆၅ | ၂၅၈ | ၁၇၂၃ | ၁၈.၆၆% |
| | | ဦးမင်းယုဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၃၉ | ၈၅ | ၈၂၄ | ၈.၉၃% |
| ၂၅ | ဆိပ်ကြီး/ခနောင်တိုမြို့နယ် | | | ၁၄၂၅၅ | ၁၄၉၁ | ၁၅၇၄၆ | |
| | | ဒေါက်တာထွန်းထွန်းဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၀၈၈ | ၁၀၄၅ | ၇၁၃၃ | ၄၅.၃၀% |
| | | ဦးဇော်လွင်မြင့် | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၆၀၄ | ၁၃၇ | ၂၇၄၁ | ၁၇.၄၁% |
| | | ဒေါ်လှကေသီဝင်း | စစမျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၂၀၃၅ | ၁၀၀ | ၂၁၃၅ | ၁၃.၅၆% |
| | | ဦးရန်နိုင် | ပြည်သူ့ပါတီ | ၁၃၁၃ | ၉၃ | ၁၄၀၆ | ၈.၉၃% |
| | | ဦးအောင်မင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၂၂ | ၃၄ | ၈၅၆ | ၅.၄၄% |
| | | ဦးထွန်းမြဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၈၉ | ၄၈ | ၈၃၇ | ၅.၃၁% |
| | | ဦးထူးအေးငြိမ်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၀၄ | ၃၄ | ၆၃၈ | ၄.၀၅% |
| ၂၆ | ဒလမြို့နယ် | | | ၄၆၉၁၈ | ၈၉၃၄ | ၅၅၈၅၂ | |
| | | ဦးတင်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၁၁၅ | ၇၈၅၅ | ၂၉၉၇၀ | ၅၃.၆၆% |
| | | ဒေါ်စန္ဒာ | စစမျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၁၀၇၃၀ | ၄၆၂ | ၁၁၁၉၂ | ၂၀.၀၄% |
| | | ဦးသူရအောင် | ပြည်သူ့ပါတီ | ၄၁၀၀ | ၁၅၆ | ၄၂၅၆ | ၇.၆၂% |
| | | ဒေါ်သင်းရနံ့ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၅၂၆ | ၂၁၄ | ၃၇၄၀ | ၆.၇၀% |
| | | ဒေါ်သီတာအေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၅၂၇ | ၁၀၄ | ၂၆၃၁ | ၄.၇၁% |
| | | ဦးဝင်းမောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၂၀၄ | ၈၁ | ၂၂၈၅ | ၄.၀၉% |
| | | ဦးပြည့်ဖြိုးဟိန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇၁၆ | ၆၂ | ၁၇၇၈ | ၃.၁၈% |
| ၂၇ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် | | | ၅၃၁၅၅ | ၂၄၅၃ | ၅၅၆၀၈ | |
| | | ဒေါက်တာရွှေပြည်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၂၅၅ | ၁၇၄၂ | ၂၂၉၉၇ | ၄၁.၃၆% |
| | | ဦးကျော်စွာစိုး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၅၁၃ | ၁၈၅ | ၈၆၉၈ | ၁၅.၆၄% |
| | | ဦးအောင်မြင့်သန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၇၇၀ | ၁၅၃ | ၆၉၂၃ | ၁၂.၄၅% |
| | | ဒေါ်ဇာနည်မွန် | ပြည်သူ့ပါတီ | ၆၀၃၄ | ၁၄၃ | ၆၁၇၇ | ၁၁.၁၁% |
| | | ဦးမိုးကျော်အောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၀၀၇ | ၈၂ | ၄၀၈၉ | ၇.၃၅% |
| | | ဦးကျော်မျိုးညွန့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၄၇၅ | ၆၃ | ၃၅၃၈ | ၆.၃၆% |
| | | ဒေါ်ဝင်းကေခိုင်အေး | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၃၀၀၁ | ၈၅ | ၃၀၈၆ | ၅.၇၃% |
| ၂၈ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် | | | ၅၁၄၆၃ | ၃၆၄၉ | ၅၅၁၁၂ | |
| | | ဒေါ်အေးအေးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၄၆၄ | ၂၆၄၄ | ၂၃၁၀၈ | ၄၁.၉၃% |
| | | ဦးကျော်လှိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၈၃၉ | ၂၆၉ | ၆၁၀၈ | ၁၁.၀၈% |
| | | ဦးသူရ | ပြည်သူ့ပါတီ | ၅၈၂၉ | ၁၆၂ | ၅၉၉၁ | ၁၀.၈၇% |
| | | ဦးညီညီဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၆၉၉ | ၁၆၈ | ၅၈၆၇ | ၁၀.၆၄% |
| | | ဦးကျော်ဇင် | ပြည်သူ့အလုပ်သမားပါတီ | ၅၁၂၂ | ၁၄၁ | ၅၂၆၃ | ၉.၅၅% |

စာမျက်နှာ ၉ သို့ ❐

❒ စာမျက်နှာ ၈ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | | ဒေါ်ကြည်ကြည်မော် | ဒီမိုကရက်တစ်ပါတီ | ၃၅၁၅ | ၇၁ | ၃၅၈၆ | ၆.၅၁% |
| | | ဦးပြည့်စုံဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၅၉၇ | ၁၀၇ | ၂၇၀၄ | ၄.၉၁% |
| | | ဦးခိုင်မျိုးစစ်အောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၃၉၈ | ၈၇ | ၂၄၈၅ | ၄.၅၁% |
| ၂၉ | မင်္ဂလာတောင်ညွန့်မြို့နယ် | | | ၃၀၀၇၄ | ၁၈၇၄ | ၃၁၉၄၈ | |
| | | ဦးစိုင်းလင်းလင်းထွဏ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၆၇၅ | ၁၂၂၈ | ၁၃၉၀၃ | ၄၃.၅၂% |
| | | ဒေါက်တာအောင်မိုး | ပြည်သူ့ပါတီ | ၆၀၃၀ | ၂၁၆ | ၆၂၄၆ | ၁၉.၅၅% |
| | | ဦးထွန်းလင်းအေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၅၉၅ | ၁၄၆ | ၂၇၄၁ | ၈.၅၈% |
| | | ဒေါ်မြကေသီ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၆၁၀ | ၁၁၉ | ၂၇၂၉ | ၈.၅၄% |
| | | ဒေါ်ယဉ်ယဉ်ငွေ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၁၁၅ | ၈၃ | ၂၁၉၈ | ၆.၈၈% |
| | | ဦးကျော်မျိုးဦး | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၂၀၉၃ | ၄၅ | ၂၁၃၈ | ၆.၆၉% |
| | | ဦးအောင်မျိုးမင်း | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | ၁၉၅၆ | ၃၇ | ၁၉၉၃ | ၆.၂၄% |
| ၃၀ | သာကေတမြို့နယ် | | | ၅၇၈၁၆ | ၄၅၃၅ | ၆၂၃၅၁ | |
| | | ဒေါ်အေးမြမြကြိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၀၉၁ | ၃၁၀၅ | ၂၄၁၉၆ | ၃၈.၈၁% |
| | | ဦးဉာဏ်လင်းစော | တစ်သီးပုဂ္ဂလ | ၈၅၈၂ | ၂၅၁ | ၈၈၃၃ | ၁၄.၁၆% |
| | | ဦးနိုင်လင်းထွန်း | ပြည်သူ့ပါတီ | ၆၉၈၂ | ၂၅၆ | ၇၂၃၈ | ၁၁.၆၁% |
| | | ဦးရွှေသန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၆၈၁ | ၄၃၃ | ၇၁၁၄ | ၁၁.၄၁% |
| | | ဒေါ်နိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၂၆၇ | ၂၁၃ | ၅၄၈၀ | ၈.၇၉% |
| | | ဦးအေးသက် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၆၄၂ | ၁၂၆ | ၄၇၆၈ | ၇.၆၅% |
| | | ဦးသိန်းဆွေ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၅၇၁ | ၁၅၁ | ၄၇၂၂ | ၇.၅၇% |
| ၃၁ | မြောက်ဥက္ကလာပမြို့နယ် | | | ၇၅၉၈၃ | ၅၉၈၈ | ၈၁၉၇၁ | |
| | | ဦးနေလင်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၉၈၀ | ၃၅၃၁ | ၂၉၅၁၁ | ၃၆.၀၀% |
| | | ဦးမြတ်စောဝင်း | တစ်သီးပုဂ္ဂလ | ၁၂၆၁၅ | ၇၃၈ | ၁၃၃၅၃ | ၁၆.၂၉% |
| | | ဒေါ်သရဖီအောင် | ပြည်သူ့ပါတီ | ၁၀၉၂၆ | ၄၇၂ | ၁၁၃၉၈ | ၁၃.၉၀% |
| | | ဦးသန်းငွေ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၁၅၄ | ၃၀၀ | ၁၀၄၅၄ | ၁၂.၇၅% |
| | | ဒေါ်တင်နိုင်အေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၅၈၃ | ၃၆၄ | ၈၉၄၇ | ၁၀.၉၂% |
| | | ဦးမင်းထင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၇၂၅ | ၅၈၃ | ၈၃၀၈ | ၁၀.၁၄% |
| ၃၂ | တာမွေမြို့နယ် | | | ၂၈၉၅၀ | ၂၄၈၉ | ၃၁၄၃၉ | |
| | | ဦးထွန်းအုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၉၆၄ | ၁၈၂၁ | ၁၄၇၈၅ | ၄၇.၀၃% |
| | | ဦးကိန်းထက်မြတ်သောင်း | ပြည်သူ့ပါတီ | ၄၇၆၂ | ၁၇၅ | ၄၉၃၇ | ၁၅.၇၀% |
| | | ဒေါ်တင်တင်ထွေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၀၈၁ | ၂၀၁ | ၃၂၈၂ | ၁၀.၄၄% |
| | | ဦးအေးချိုဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၃၀၀ | ၆၅ | ၂၃၆၅ | ၇.၅၂% |
| | | ဒေါ်ခင်မမစီ | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၃၇ | ၁၀၁ | ၂၃၃၈ | ၇.၄၄% |
| | | ဒေါ်စောစောထွေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၉၈၀ | ၈၆ | ၂၀၆၆ | ၆.၅၇% |
| | | ဦးသိန်းကြည် | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | ၁၆၂၆ | ၄၀ | ၁၆၆၆ | ၅.၃၀% |
| ၃၃ | ရန်ကင်းမြို့နယ် | | | ၂၀၄၁၃ | ၁၅၀၂ | ၂၁၉၁၅ | |
| | | ဦးတင်မိုးအောင်(ခ) နေရှိုင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၂၂၁ | ၇၇၁ | ၇၉၉၂ | ၃၆.၄၇% |
| | | ဦးမောင်မောင်ညွန့် | တစ်သီးပုဂ္ဂလ | ၅၄၁၅ | ၃၆၀ | ၅၇၇၅ | ၂၆.၃၅% |
| | | ဦးခင်မောင်ငွေ | ပြည်သူ့ပါတီ | ၃၁၉၉ | ၇၄ | ၃၂၇၃ | ၁၄.၉၃% |
| | | ဦးလေးဇော်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၁၂ | ၁၈၃ | ၁၉၉၅ | ၉.၁၀% |
| | | ဦးအောင်သိန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၅၃၉ | ၄၄ | ၁၅၈၃ | ၇.၂၃% |
| | | ဒေါ်ဆုမွန်သက် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၂၇ | ၇၀ | ၁၂၉၇ | ၅.၉၂% |
| ၃၄ | ကျောက်တန်းမြို့နယ် | | | ၈၇၃၄၀ | ၁၀၄၅၇ | ၉၇၇၉၇ | |
| | | ဦးနိုင်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၇၇၈၄ | ၇၈၈၄ | ၄၅၆၆၈ | ၄၆.၇၀% |
| | | ဒေါ်စန်းကေသီ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၂၉၉၀ | ၄၃၅ | ၁၃၄၂၅ | ၁၃.၇၃% |
| | | ဒေါ်အိအိဆွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၅၁၀ | ၇၂၀ | ၁၃၂၃၀ | ၁၃.၅၃% |
| | | ဦးဝင်းငွေ | ပြည်သူ့ပါတီ | ၁၂၃၁၈ | ၈၃၈ | ၁၃၁၅၆ | ၁၃.၄၅% |
| | | ဒေါ်ဇင်မာမြင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၇၃၈ | ၅၈၀ | ၁၂၃၁၈ | ၁၂.၅၉% |
| ၃၅ | ခရမ်းမြို့နယ် | | | ၈၅၀၀၅ | ၈၄၇၁ | ၉၃၄၇၆ | |
| | | ဦးဝင်းဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၀၉၁၁ | ၆၆၆၇ | ၄၇၅၇၈ | ၅၀.၉၀% |
| | | ဦးထိန်လင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၈၂၂ | ၁၀၄၀ | ၂၁၈၆၂ | ၂၃.၃၉% |
| | | ဦးသိန်းဇော် | ပြည်သူ့ပါတီ | ၁၅၀၇၉ | ၅၃၀ | ၁၅၆၀၉ | ၁၆.၇၀% |
| | | ဦးအောင်ဇော်လတ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၁၉၃ | ၂၃၄ | ၈၄၂၇ | ၉.၀၁% |
| ၃၆ | သုံးခွမြို့နယ် | | | ၈၇၈၈၉ | ၅၉၆၇ | ၉၃၈၅၆ | |
| | | ဦးအောင်ကျော်မင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၆၆၁၇ | ၄၂၆၂ | ၄၀၈၇၉ | ၄၃.၅၆% |
| | | ဦးနိုင်သူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၁၁၅၇ | ၉၇၅ | ၂၂၁၃၂ | ၂၃.၅၈% |
| | | ဒေါ်အိမ့်မို့အောင် | ပြည်သူ့ပါတီ | ၁၁၈၀၁ | ၃၂၄ | ၁၂၁၂၅ | ၁၂.၉၂% |
| | | ဦးကျော်ဇင်ကို | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၄၀၇ | ၁၈၅ | ၁၀၅၉၂ | ၁၁.၂၈% |
| | | ဒေါ်တင်တင်အေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၉၀၇ | ၂၂၁ | ၈၁၂၈ | ၈.၆၆% |

စာမျက်နှာ ၁၀ သို့ ❒

❒ စာမျက်နှာ ၉ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| ၃၇ | စမ်းချောင်းမြို့နယ် | | | ၁၆၉၄၂ | ၂၆၃၁ | ၁၉၅၇၃ | |
| | | ဦးမျိုးသန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၈၉၀ | ၁၈၅၆ | ၈၇၄၆ | ၄၄.၆၈% |
| | | ဦးသက်မှူးအောင် | ပြည်သူ့ပါတီ | ၄၁၀၈ | ၂၈၉ | ၄၃၉၇ | ၂၂.၄၇% |
| | | ဦးအောင်သန်းဝင်း | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀၁၃ | ၂၂၉ | ၃၂၄၂ | ၁၆.၅၆% |
| | | ဦးကြီးမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၉၃၁ | ၂၅၇ | ၃၁၈၈ | ၁၆.၂၉% |
| ၃၈ | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် | | | ၄၉၇၃၄ | ၄၆၉၃ | ၅၄၄၂၇ | |
| | | ဦးအောင်ကျော်ဟိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၃၅၈ | ၃၃၀၇ | ၁၈၆၆၅ | ၃၄.၂၉% |
| | | ဒေါ်အေးအေးမော် | စစ်မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ )ပါတီ | ၁၁၄၈၂ | ၄၈၃ | ၁၁၉၆၅ | ၂၁.၉၈% |
| | | ဦးတင်စိုးနီ | ပြည်သူ့ပါတီ | ၅၂၄၅ | ၂၀၃ | ၅၄၄၈ | ၁၀.၀၁% |
| | | ဒေါ်နီလာဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၁၂၇ | ၂၃၇ | ၅၃၆၄ | ၉.၈၆% |
| | | ဦးအောင်ပြည့်စုံ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၆၀၂ | ၁၅၀ | ၃၇၅၂ | ၆.၈၉% |
| | | ဦးကျော်သိန်း | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ | ၃၆၀၀ | ၅၀ | ၃၆၅၀ | ၆.၇၁% |
| | | ဒေါ်နန်းဆုသဇင်အောင် | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၉၂ | ၁၇၈ | ၃၃၇၀ | ၆.၁၉% |
| | | ဦးသက်ထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၁၂၈ | ၈၅ | ၂၂၁၃ | ၄.၀၇% |
| ၃၉ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် | | | ၄၁၇၃၈ | ၂၅၈၁ | ၄၄၃၁၉ | |
| | | ဦးအေးချမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၆၀၃ | ၁၇၇၀ | ၁၇၃၇၃ | ၃၉.၂၀% |
| | | ဦးရဲထွန်း | စစ်မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ )ပါတီ | ၇၉၇၂ | ၁၉၈ | ၈၁၇၀ | ၁၈.၄၃% |
| | | ဦးကျော်ဝင်းနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၆၀၂ | ၂၂၉ | ၅၈၃၁ | ၁၃.၁၆% |
| | | ဦးသန်းအေး | ပြည်သူ့ပါတီ | ၂၉၇၃ | ၇၁ | ၃၀၄၄ | ၆.၈၇% |
| | | ဦးယဉ်အောင် | တစ်သီးပုဂ္ဂလ | ၂၆၄၁ | ၇၉ | ၂၇၂၀ | ၆.၁၄% |
| | | ဦးသန့်ဇင်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၂၆ | ၇၇ | ၂၅၀၃ | ၅.၆၅% |
| | | ဦးမျိုးမင်းသက် | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၈၉ | ၉၃ | ၂၃၈၂ | ၅.၃၇% |
| | | ဦးမင်းဂေါင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၂၃၂ | ၆၄ | ၂၂၉၆ | ၅.၁၈% |
| | ရှမ်းပြည်နယ် | | | | | | |
| ၄၀ | ပင်လောင်းမြို့နယ် | | | ၉၇၂၀၃ | ၇၇၁၃ | ၁၀၄၉၁၆ | |
| | | နန်းရီရီဝင်း | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၇၆၄၇၇ | ၃၅၀၁ | ၇၉၉၇၈ | ၇၆.၂၃% |
| | | စိုင်းဆိုင်နွံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၇၉၈ | ၃၇၅၈ | ၁၆၅၅၆ | ၁၅.၇၈% |
| | | ဒေါ်ဝတ်ရည် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၀၈၄ | ၃၄၃ | ၅၄၂၇ | ၅.၁၇% |
| | | ဦးတိုးတိုးထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၈၄၄ | ၁၁၁ | ၂၉၅၅ | ၂.၈၂% |
| ၄၁ | ညောင်ရွှေမြို့နယ် | | | ၉၆၀၂၆ | ၄၉၃၂ | ၁၀၀၉၅၈ | |
| | | ဒေါက်တာရဲမြင့်စိုး | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၄၁၇၆၆ | ၂၂၇၁ | ၄၄၀၃၇ | ၄၃.၆၂% |
| | | ဦးကျော်နိုင် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၂၁၇၈၈ | ၇၁၂ | ၂၂၅၀၀ | ၂၂.၂၉% |
| | | ဦးမြင့်ဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၄၂၁ | ၁၄၇၄ | ၁၇၈၉၅ | ၁၇.၇၃% |
| | | ဦးခင်လှိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၈၇၅ | ၂၁၆ | ၆၀၉၁ | ၆.၀၃% |
| | | ဒေါ်သန်းသန်းဌေး | ပြည်သူ့ပါတီ | ၄၈၁၁ | ၈၂ | ၄၈၉၃ | ၄.၈၅% |
| | | နန်းဝင့်ဝင့်ဝါဟန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၀၀၂ | ၁၀၂ | ၃၁၀၄ | ၃.၀၇% |
| | | ဒေါ်အေးနန္ဒာအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၃၆၃ | ၇၅ | ၂၄၃၈ | ၂.၄၁% |
| ၄၂ | ကျောက်မဲမြို့နယ် | | | ၁၃၉၆၅ | ၁၅၉၄ | ၁၅၅၅၉ | |
| | | ဦးအေးထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၄၆၄ | ၁၀၉၆ | ၉၅၆၀ | ၆၁.၄၄% |
| | | ဦးဌေးတင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၅၀၁ | ၄၉၈ | ၅၉၉၉ | ၃၈.၅၆% |
| ၄၃ | သီပေါမြို့နယ် | | | ၁၅၆၆၁ | ၁၁၈၇ | ၁၆၈၄၈ | |
| | | ဦးကောင်းသက်စံ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၂၃၄ | ၃၇၉ | ၉၆၁၃ | ၅၇.၀၆% |
| | | ဦးအောင်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၄၂၇ | ၈၀၈ | ၇၂၃၅ | ၄၂.၉၄% |
| ၄၄ | မိုင်းရှူးမြို့နယ် | | | ၁၅၃၅၃ | ၁၆၀၈ | ၁၆၉၆၁ | |
| | | ဦးစိုင်းကံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၈၈၃ | ၁၁၆၄ | ၉၀၄၇ | ၅၃.၃၄% |
| | | ဒေါ်ခင်နဒီကျော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၄၇၀ | ၄၄၄ | ၇၉၁၄ | ၄၆.၆၆% |
| ၄၅ | ကျေးသီးမြို့နယ် | | | ၁၈၃၀၂ | ၁၉၀၆ | ၂၀၂၀၈ | |
| | | ဒေါ်နန်းတင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၇၀၀ | ၃၂၈ | ၁၁၀၂၈ | ၅၄.၅၇% |
| | | ဦးစိုင်းမိုးကျော်သူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၆၀၂ | ၁၅၇၈ | ၉၁၈၀ | ၄၅.၄၃% |
| | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| ၄၆ | ရေကြည်မြို့နယ် | | | ၈၃၇၀၇ | ၆၁၁၄ | ၈၉၈၂၁ | |
| | | ဒေါ်အိအိချော | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၈၄၀၇ | ၄၁၅၇ | ၄၂၅၆၄ | ၄၇.၃၉% |
| | | ဦးဆန်းဆင့် | တစ်သီးပုဂ္ဂလ | ၂၁၇၁၄ | ၁၀၈၆ | ၂၂၈၀၀ | ၂၅.၃၈% |
| | | ဦးအောင်မိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၉၂၁၆ | ၃၂၀ | ၉၅၃၆ | ၁၀.၆၂% |
| | | ဦးဝင်းစိန် | ပြည်သူ့ပါတီ | ၅၆၅၄ | ၁၄၇ | ၅၈၀၁ | ၆.၄၆% |
| | | ဒေါ်ဝတ်မှုံဖူး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၅၉၅ | ၂၄၈ | ၄၈၄၃ | ၅.၃၉% |
| | | ဒေါ်ရွှေဇင်မြင့်အောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၁၂၁ | ၁၅၆ | ၄၂၇၇ | ၄.၇၆% |
| ၄၇ | ငပုတောမြို့နယ် | | | ၉၈၈၄၀ | ၆၄၃၈ | ၁၀၅၂၇၈ | |
| | | ဒေါ်ခင်သန်းမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၃၇၆၈ | ၄၄၅၇ | ၄၈၂၂၅ | ၄၅.၈၁% |

စာမျက်နှာ ၁၁ သို့ ❒

❒ စာမျက်နှာ ၁၀ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | | ဒေါ်မြင့်ရွှေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၆၁၁ | ၇၄၇ | ၂၁၃၅၈ | ၂၀.၂၉% |
| | | ဒေါ်ကေခိုင်ဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၆၁၇၄ | ၄၂၂ | ၁၆၅၉၆ | ၁၅.၇၆% |
| | | ဦးချစ်သန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၅၂၃ | ၆၁၈ | ၁၀၁၄၁ | ၉.၆၃% |
| | | ဦးအောင်ခင်ဇော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၇၆၄ | ၁၉၄ | ၈၉၅၈ | ၈.၅၁% |
| ၄၈ | ဒေးဒရဲမြို့နယ် | | | ၈၈၃၂၀ | ၄၂၀၁ | ၉၂၅၂၁ | |
| | | ဦးအောင်သန်းမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၂၉၁၈ | ၃၁၁၁ | ၄၆၀၂၉ | ၄၉.၇၅% |
| | | ဦးသီဟ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၅၀၇ | ၄၃၀ | ၁၂၉၃၇ | ၁၃.၉၈% |
| | | ဒေါ်ခင်မာစန်း | ပြည်သူ့ပါတီ | ၁၁၅၆၇ | ၁၄၆ | ၁၁၇၁၃ | ၁၂.၆၆% |
| | | ဦးဇော်ထွန်း | တစ်သီးပုဂ္ဂလ | ၆၃၇၀ | ၁၃၇ | ၆၅၀၇ | ၇.၀၃% |
| | | ဦးသက်မင်းအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၀၈၆ | ၂၂၃ | ၆၃၀၉ | ၆.၈၂% |
| | | ဦးနေရှိုင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၈၀၆ | ၁၀၁ | ၄၉၀၇ | ၅.၃၀% |
| | | ဦးဖိုးချို | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၀၆၆ | ၅၃ | ၄၁၁၉ | ၄.၄၅% |
| ၄၉ | ညောင်တုန်းမြို့နယ် | | | ၁၀၃၇၈၀ | ၅၉၅၁ | ၁၀၉၇၃၁ | |
| | | ဦးအောင်မြသန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၀၈၁၁ | ၄၀၈၅ | ၄၄၈၉၆ | ၄၀.၉၁% |
| | | ဦးသူရ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၆၈၃ | ၇၆၈ | ၁၉၄၅၁ | ၁၇.၇၃% |
| | | ဒေါ်သန်းသန်းဝင်း | ပြည်သူ့ပါတီ | ၁၆၉၅၃ | ၃၈၇ | ၁၇၃၄၀ | ၁၅.၈၀% |
| | | ဦးချစ်စိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၅၉၅ | ၂၃၄ | ၁၁၈၂၉ | ၁၀.၇၈% |
| | | ဦးမြင့်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၉၉၄ | ၁၆၂ | ၈၁၅၆ | ၇.၄၃% |
| | | ဦးဝေစိုးထက် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၇၄၄ | ၃၁၅ | ၈၀၅၉ | ၇.၃၅% |
| ၅၀ | ဓနုဖြူမြို့နယ် | | | ၈၀၂၃၀ | ၆၁၀၂ | ၈၆၃၃၂ | |
| | | ဦးနိုင်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၅၆၂ | ၃၆၅၃ | ၃၂၂၁၅ | ၃၇.၃၂% |
| | | ဦးကြည်ရွှေ | ပြည်သူ့ပါတီ | ၂၁၂၆၁ | ၉၇၂ | ၂၂၂၃၃ | ၂၅.၇၅% |
| | | ဦးမြင့်အောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၀၃၉ | ၇၆၇ | ၁၂၈၀၆ | ၁၄.၈၃% |
| | | ဦးငွေဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၇၆၈ | ၃၆၄ | ၇၁၃၂ | ၈.၂၆% |
| | | ဦးရဲကျော်သူ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၂၇၂ | ၁၄၅ | ၆၄၁၇ | ၇.၄၃% |
| | | ဦးမြင့်လွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၃၂၈ | ၂၀၁ | ၅၅၂၉ | ၆.၄၁% |
| ၅၁ | အင်္ဂပူမြို့နယ် | | | ၉၇၉၂၇ | ၈၄၀၉ | ၁၀၆၃၃၆ | |
| | | ဒေါက်တာငွေဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၃၂၇၀ | ၅၉၀၈ | ၄၉၁၇၈ | ၄၆.၂၅% |
| | | ဦးနေလင်းမောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၆၁၀ | ၉၄၉ | ၁၈၅၅၉ | ၁၇.၄၅% |
| | | ဦးဇော်မင်း | ပြည်သူ့ပါတီ | ၁၅၂၈၂ | ၄၃၈ | ၁၅၇၂၀ | ၁၄.၇၈% |
| | | ဦးဇင်အောင်ထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၅၀၄ | ၄၇၃ | ၁၁၉၇၇ | ၁၁.၂၇% |
| | | ဦးအောင်မျိုးမင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၂၆၁ | ၆၄၁ | ၁၀၉၀၂ | ၁၀.၂၅% |
| ၅၂ | မော်လမြိုင်ကျွန်းမြို့နယ် | | | ၁၂၀၉၄၃ | ၄၅၉၃ | ၁၂၅၅၃၆ | |
| | | ဦးခင်မောင်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၁၀၆၅ | ၃၀၂၆ | ၆၄၀၉၁ | ၅၁.၀၅% |
| | | ဦးသန်းထွေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၁၂၂၈ | ၅၆၆ | ၂၁၇၉၄ | ၁၇.၃၆% |
| | | ဒေါ်ခွန်မေဦး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၇၈၅ | ၄၀၇ | ၁၁၁၉၂ | ၈.၉၂% |
| | | ဒေါ်မေသန္တာစိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၃၇၆ | ၃၂၃ | ၁၀၆၉၉ | ၈.၅၂% |
| | | ဦးအောင်ကျော်ဦး | ပြည်သူ့ပါတီ | ၁၀၄၄၀ | ၁၃၈ | ၁၀၅၇၈ | ၈.၄၃% |
| | | ဦးမင်းသိမ်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၀၄၉ | ၁၃၃ | ၇၁၈၂ | ၅.၇၂% |
| ၅၃ | ဇလွန်မြို့နယ် | | | ၇၃၀၄၂ | ၅၉၀၅ | ၇၈၉၄၇ | |
| | | ဦးလှခိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀၅၈၂ | ၃၆၈၃ | ၃၄၂၆၅ | ၄၃.၄၀% |
| | | ဦးစိန်ထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၅၄၄ | ၉၈၆ | ၁၅၅၃၀ | ၁၉.၆၇% |
| | | ဦးစိုးမြင့်ထွန်း | ပြည်သူ့ပါတီ | ၁၄၀၃၉ | ၄၆၅ | ၁၄၅၀၄ | ၁၈.၃၇% |
| | | ဦးမြတ်သူရ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၀၅၂ | ၄၃၀ | ၈၄၈၂ | ၁၀.၇၅% |
| | | ဦးပြည့်ဖြိုးအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၈၂၅ | ၃၄၁ | ၆၁၆၆ | ၇.၈၁% |
| ၅၄ | လေးမျက်နှာမြို့နယ် | | | ၂၅၀၂၃ | ၂၇၀၈ | ၂၇၇၃၁ | |
| | | ဦးမြင့်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၀၁၀ | ၂၀၀၁ | ၁၅၀၁၁ | ၅၄.၁၃% |
| | | စမျိုးဇော် | ပြည်သူ့ပါတီ | ၇၁၃၂ | ၃၄၂ | ၇၄၇၄ | ၂၆.၉၅% |
| | | ဒေါ်ငွေရီ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၆၀ | ၁၇၈ | ၂၅၃၈ | ၉.၁၅% |
| | | ဒေါ်စိုးစိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၃၀၇ | ၇၆ | ၁၃၈၃ | ၄.၉၉% |
| | | ဒေါ်မြတ်မြတ်သူ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၁၄ | ၁၁၁ | ၁၃၂၅ | ၄.၇၈% |


**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# AI နည်းပညာအခြေခံ လုပ်ငန်းခွင်အသုံးချမှုသင်တန်းဖွင့်ပွဲကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၈

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန AI နည်းပညာအခြေခံ လုပ်ငန်းခွင်အသုံးချမှုသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသား ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဒါရိုက်တာ ဒေါက်တာတင်ဖုန်းကျော်နှင့် အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြဆရာများနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ (၂၁)ရာစု နည်းပညာခေတ်တွင်သတင်းအချက်အလက်နည်းပညာများမှာ ဒစ်ဂျစ်တယ်ပလက်ဖောင်းအသွင် အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လျက်ရှိသကဲ့သို့ အဆိုပါပလက်ဖောင်းတွင် Artificial Intelligent(AI) နည်းပညာသည်လည်း လူသားများ၏နေ့စဉ်ဘဝလုပ်ငန်းများတွင် မရှိမဖြစ်နည်းပညာတစ်ခုအဖြစ် နေရာယူလာကြောင်း၊ နိုင်ငံတကာတွင် လူ့စွမ်းအား၊ စက်မှုစွမ်းအားများ လျှော့ချပြီး AI နည်းပညာနှင့် အစားထိုး၍ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် စက်မှုလက်မှုကဏ္ဍတို့တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာသည့်အပြင်လုံခြုံရေးနှင့် စစ်ရေးဆိုင်ရာ ကဏ္ဍများတွင်လည်း အသုံးပြုလာသည် ကိုတွေ့ရကြောင်း၊ ဝန်ထမ်းများအနေဖြင့် တိုးတက်ပြောင်းလဲလာသော AI နည်းပညာများကို လေ့လာသင်ယူပြီး ရုံးလုပ်ငန်းခွင်နှင့် မိမိတို့၏နေ့စဉ်ဘဝများတွင် လက်တွေ့ပြန်လည်အသုံးချနိုင်ရန် လိုအပ်ကြောင်း။

နိုင်ငံတော်က ပြည်ထောင်စုအဆင့် အဖွဲ့အစည်း/ ဝန်ကြီးဌာနအသီးသီး၏ လုပ်ငန်းများ ပိုမိုထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားဉာဏ်ရည်တုနည်းပညာအခြေပြုစီမံကိန်းများရေးဆွဲ၍ "အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီ" ဖွဲ့စည်းပြီး AI ကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင်အကျိုးရှိစွာအသုံးချနိုင်ရေး၊ နိုင်ငံသားများလိုက်နာရမည့် ကျင့်ဝတ်များ၊ စံနှုန်းများ၊ စည်းမျဉ်းများကို သိရှိနိုင်ရေး၊ ဒေသတွင်းဉာဏ်ရည်တုနည်းပညာဆိုင်ရာ ကျွမ်းကျင်သောလူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး၊ နိုင်ငံတကာနှင့်ချိတ်ဆက်၍ စနစ်တကျဆောင်ရွက်နိုင်ရေးတို့အတွက် အမျိုးသားအဆင့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာမဟာဗျူဟာနှင့်မူဝါဒတို့ကို ရေးဆွဲလျက်ရှိကြောင်း၊ AI နည်းပညာကို အသုံးပြုချိတ်ဆက်ပြီး e-Government ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရေး၊ မိမိဌာနနှင့် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အစဉ်ရှေးရှု၍ တိုးတက်ပြောင်းလဲနေသည့် ICT နည်းပညာများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးကာ မျှော်မှန်းထားသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဒါရိုက်တာ ဒေါက်တာတင်ဖုန်းကျော်က မိတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မူလတန်းဆရာ၊ ဆရာမများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဆရာဖြစ်သင်တန်းဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၂၈

ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ပူးပေါင်းဖွင့်လှစ်သော မူလတန်းဆရာ၊ ဆရာမများအတွက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။



ဖွင့်ပွဲတွင်ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယခုသင်တန်းတွင်မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ၊ ကလေးသူငယ်အခွင့်အရေးများ၊ ကလေးစိတ်ပညာစသည့် ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်သည့်အတွက် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် စိတ်ပါဝင်စားစွာ လေ့လာသင်ယူရန်လိုအပ်ကြောင်း၊ အစောပိုင်း ကလေးဘဝ၏အာရုံငါးပါးဟန်ချက်ညီဖွံ့ဖြိုးမှုမှသည် ပတ်ဝန်းကျင်၊ ရပ်ရွာ၊ နိုင်ငံတော်အတွက် ရေရှည်တည်တံ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် လူသားအရင်းအမြစ်ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့သင်ကြားလေ့ကျင့်ပေးနေသည့် မူလတန်းအရွယ်ကလေးများအတွက်ကျောင်းနေရာတွင်အသင့်ဖြစ်စေပြီး ပညာသင်ယူရာတွင် အဆင်ပြေချောမွေ့စေခြင်းဖြင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ကောင်းများဖြစ်စေကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်အရေးကြီးသဖြင့် ကလေးများ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ စိတ်ထားကောင်းမွန်ရေး၊ အများနှင့်နေထိုင်တတ်ပြီး အများအကျိုးဆောင်ရွက်လိုစိတ်၊ ကျန်းမာရေးနှင့်လူနေမှုဘဝအလေ့အကျင့်ကောင်းများရရှိစေရေး၊ ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်လာစေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်အပေါ် ယခုကဲ့သို့ ဆရာ၊ ဆရာမများက စိတ်ပါဝင်စားစွာ တက်တက်ကြွကြွပါဝင်ဆောင်ရွက်နေသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

မူလတန်းဆရာ၊ ဆရာမများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ ဆရာဖြစ်သင်တန်းအမှတ်စဉ်(၁)တွင် ပညာရေးဝန်ကြီးဌာန နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့ရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမ ၄၆ ဦးနှင့် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများမှ ဆရာမ ၃၀ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၇၆ ဦး တက်ရောက်လျက်ရှိသည်။

အဆိုပါသင်တန်းတွင် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘာသာရပ်များဖြစ်သည့် ကလေးသဘောသဘာဝနှင့် အခြေခံလိုအပ်ချက်၊ ကစားခြင်းဖြင့် သင်ကြားခြင်း၊ ကလေးဖွံ့ဖြိုးမှု၊ စာသင်ခန်းစီမံခန့်ခွဲမှုနှင့်သင်ယူရာနေရာများ၊ ကလေးစိတ်ပညာ၊ သင်ယူမှု၏ အခြေခံအုတ်မြစ်များ၊ မိသားစုပုံစံအမျိုးမျိုးနှင့် မိဘ ရပ်ရွာပူးပေါင်းဆောင်ရွက်ခြင်း၊ အထူးဂရုပြုစောင့်ရှောက်ရန်လိုအပ်သောကလေးများနှင့် သင်ကြားမှုနည်းလမ်းများ၊ ဘာသာစကားဖွံ့ဖြိုးမှု၊ အစောပိုင်းကာလ စာတတ်မြောက်မှု၊ ကလေးများအားကြည့်ရှုလေ့လာခြင်း၊ အကူးအပြောင်းကာလအရေးကြီးပုံ စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့နည်းလမ်းများ၊ Role Play များဖြင့် သင်ကြားပေးလျက်ရှိပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ကာ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း သင်တန်းလေးကြိမ် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

■ ကျောဖုံးမှအဆက်

ရာမညယူနိုက်တက်အသင်းသည် ရမှတ် ၆ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၁၂) တွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။

ယနေ့ပထမပိုင်းပွဲအစတွင် နှစ်ဖက်အသင်းကစားသမားများ အပြန်အလှန်တိုက်စစ်ဆင်ကစားခဲ့ကြသည်။ မဟာယူနိုက်တက်အသင်းအတွက်ဦးဆောင်ဂိုးကို အီဆတ်ကွမ်ဆာက ရယူပေးနိုင်ခဲ့သည်။ ရာမညယူနိုက်တက်အသင်း ချေပဂိုးရရှိရေး အကြိတ်အနယ်ကြိုးစားခဲ့သော်လည်း အီဆတ်ကွမ်ဆာ၏ပေးပို့မှုမှ မျိုးထက်ဦးက မဟာယူနိုက်တက်အသင်းအတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ရာမညယူနိုက်တက်အသင်း ချေပဂိုးပြန်လည်ရရှိရေးလူစားလဲမှုများပြုလုပ်ခဲ့သော်လည်း မဟာယူနိုက်တက်နောက်တန်းကို ကျော်ဖြတ်နိုင်ခြင်းမရှိခဲ့ပေ။ ရာမညအသင်း၏ဟာဖကွက်တစ်ခုမှ အီဒူဘတ်ပတ်ထရစ်က မဟာယူနိုက်တက်အသင်းအတွက် တတိယမြောက်ဂိုးကို သွင်းယူခဲ့ပြန်သည်။

လက်ကျန်ပွဲကစားချိန်များအား ချေပဂိုးရရှိရေး ရာမညအသင်းတိုက်စစ်အား မလျှော့ဘဲ ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ဖီမားဇန်ပိုက ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးတစ်ဂိုးကိုပြန်လည်သွင်းယူခဲ့သည်။ ချေပဂိုးတစ်ဂိုးရရှိပြီးသိပ်မကြာဘဲ ပွဲကစားချိန် ၇၅ မိနစ်တွင် စောထူးဝေလျှံအောင်၏ ပေးပို့မှုမှ လူစားဝင်ကစားသမားစောနိုင်က ရာမညအသင်းအတွက် ဒုတိယချေပဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့၍ ၃ ဂိုး ၂ ဂိုးဖြင့် ပွဲကအကြိတ်အနယ်ရှိသည်။ ဒုတိယပိုင်းပွဲကစားချိန်ပြီး၍ နာကျင်အပိုချိန်တွင် မဟာယူနိုက်တက်အသင်းအတွက် စတုတ္ထမြောက်ဂိုးကို အီဒူဘတ်ပတ်ထရစ်က ထပ်မံသွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ၄ ဂိုး ၂ ဂိုးဖြင့် မဟာယူနိုက်တက်အသင်းက အနိုင်ရရှိသွားကြောင်း သိရသည်။

ဝန်းရံခ

# ပြည်ထောင်စုစိတ်ဓာတ်ကို စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် သက်သေပြ

ဆုလတ်မေ

မြန်မာနိုင်ငံတွင် အလေးအမြတ်ပြုထားသော နေ့ထူးနေ့မြတ်များစွာရှိသည့်အနက် ပြည်ထောင်စုနေ့သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ပြည်ထောင်စုနေ့သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အထင်ကရနေ့တစ်နေ့ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရန်အတွက် အုတ်မြစ်ချခဲ့သော နေ့တစ်နေ့ဟုဆိုလျှင်လည်း မှားမည်မထင်ပေ။ ပြည်ထောင်စုနေ့သည် မြန်မာ့လွတ်လပ်ရေး၏ အသက်သွေးကြောဖြစ်သလို ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမများအား မည်သူမျှ သွေးခွဲ၍မရသော ပြည်ထောင်စုစိတ်ဓာတ်ကို စည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ကမ္ဘာသိသက်သေပြခဲ့သည့် နေ့ထူးနေ့မြတ်လည်းဖြစ်သည်။

မြန်မာ့သမိုင်းတစ်လျှောက်ကို ကြည့်မည်ဆိုလျှင် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းမင်းတရားတို့လက်ထက်တွင် မြန်မာတစ်နိုင်ငံလုံး တစ်ပေါင်းတစ်စည်းတည်း စည်းလုံးညီညွတ်စွာဖြင့် တည်ရှိခဲ့သည်ကိုတွေ့ရသည်။ ထိုကာလများတွင် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာတည်ငြိမ်ခဲ့သလို ပြည်သူအားလုံး ငြိမ်းချမ်းစွာ အတူတကွနေထိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ သီပေါမင်းပါတော်မူပြီး အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့သည့်အချိန်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားတို့က လက်နက်စွဲကိုင်တော်လှန်ခဲ့ကြသော်လည်း ပေါင်းစည်းမှုအားနည်းခြင်း၊ လက်နက်အင်အားကွာခြားခြင်းစသည်တို့ကြောင့် တော်လှန်ရေးများမအောင်မြင်ဘဲ မြန်မာနိုင်ငံ၏ကျွန်သက်တမ်းမှာ ရှည်ကြာခဲ့သည်။

**စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သောနေ့**

၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့လွတ်လပ်ရေးအတွက် အင်္ဂလန်သို့သွားရောက်ရာတွင် အင်္ဂလိပ်တို့က တောင်တန်းဒေသရှိ တိုင်းရင်းသားများသာ ပြည်မနှင့်ပူးပေါင်းရန် သဘောတူပါက တောင်တန်းရောပြည်မပါ တစ်ပြိုင်နက်တည်း လွတ်လပ်ရေးပေးမည်ဟု ကတိပြုခဲ့သည့် အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာချိန်တွင် ပင်လုံညီလာခံသို့ တက်ရောက်ပြီး ပြည်နယ်နှင့်တောင်တန်းဒေသများ ပူးပေါင်းရေးကိုဆွေးနွေးခဲ့ကြကာ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တောင်တန်းဒေသကိုယ်စားလှယ် ၂၃ ဦးတို့ ပြည်နယ် ပြည်မ ပူးပေါင်းရေးအတွက် သဘောတူသောပင်လုံစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ကြသည်။ **ပင်လုံညီလာခံတွင် တန်းတူရည်တူရှိမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်ဒီမိုကရေစီအခွင့်အရေးများရှိစေရမည်ဟူသော ကတိကဝတ်များထည့်သွင်းဆွေးနွေးမှုကြောင့် တိုင်းရင်းသားများအကြား ယုံကြည်မှုပိုမိုခိုင်မာစေခဲ့သည့်အတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်သဘောတူလက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် တိုင်းရင်းသားအားလုံးတို့၏ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သော နေ့တစ်နေ့ဖြစ်သောကြောင့် ထိုနေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။**

**"မိမိတို့အမိနိုင်ငံတော်ကို ဘိုးဘွားများပေးအပ်ထားခဲ့သည့်အမွေအနှစ်အဖြစ် မြတ်မြတ်နိုးနိုးတန်ဖိုးထားရမည်ဖြစ်သလို ပင်လုံညီလာခံမှအစပြုခဲ့သည့် ပင်လုံစိတ်ဓာတ်ကိုလည်း ဘိုးဘွားတို့အမွေပေးခဲ့သည့် အမွေအနှစ်တစ်ရပ်သဖွယ် တန်ဖိုးထားကာ ယနေ့ကာလအထိ ဆက်လက်မွေးမြူသွားကြမှသာ အမိမြန်မာနိုင်ငံတော်၏အေးချမ်းသာယာမှုကို သားစဉ်မြေးဆက်ထိန်းသိမ်းတည်ဆောက်သွားနိုင်မည်ဖြစ် . . ."**

ယခု ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို အောက်ပါအမျိုးသားရေးဦးတည်ချက်များဖြင့် ကျင်းပမည်ဖြစ်ပါသည်။

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ပညာရေး၊ ကျန်းမာရေးနှင့်လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

**သမိုင်းဝင်ပင်လုံစာချုပ်မှသည်**

ပင်လုံညီလာခံတွင် ရှမ်း၊ ကချင်၊ ချင်းနှင့် ဗမာခေါင်းဆောင်များ အင်္ဂလိပ်လက်အောက်မှ အတူတကွ လွတ်မြောက်ရန်နှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း အတူတကွ ညီညွတ်ချစ်ခင်စွာနေထိုင်ရေးကို အဓိကထား ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ထိုအချိန်က တိုင်းရင်းသားအားလုံး၏ အဓိကရည်မှန်းချက်မှာ လွတ်လပ်ရေးအလျင်အမြန်ရရှိရေး၊ လွတ်လပ်ရေးရရှိပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် အတူတကွယှဉ်တွဲနေထိုင်ရေးပင်ဖြစ်သည်။ ပင်လုံစာချုပ်ကြောင့် အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ခြွင်းချက်မရှိလွတ်လပ်ရေးပေးခဲ့ရပြီးနောက် ယနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် တည်ရှိခဲ့ခြင်းဖြစ်သည်။

ပင်လုံစာချုပ်သည် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံး၏တစ်စုတစ်ဝမ်းတည်း စည်းလုံးညီညွတ်မှုကို ပြသနိုင်သော သက်သေတစ်ခုဖြစ်သည်။ စည်းလုံးညီညွတ်ခြင်းသည် ရန်သူကိုအောင်မြင်ရေးအတွက် အဓိကကျသော လက်နက်ဖြစ်သည်ကိုပြသခဲ့သော အကောင်းဆုံးပြယုဂ်တစ်ခုဖြစ်ပေသည်။ ပင်လုံစာချုပ်ဖြင့် မြေပြန့်တောင်ပေါ်ဒေသအားလုံး၏ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့ပြီး ပင်လုံမြေမှအခြေတည်ခဲ့သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးမပြိုကွဲစေရန် ထိန်းသိမ်းခဲ့ကြသည်။

မြန်မာ့သမိုင်းကြောင်းတစ်လျှောက်တွင် အုပ်ချုပ်သူမင်းအဆက်ဆက်တို့သည် အမျိုးသားစည်းလုံးညီညွတ်ရေးကိုအခြေပြုပြီး ခိုင်မာသည့်ပြည်ထောင်စုကြီးအဖြစ် ကြိုးပမ်းတည်ထောင်ခဲ့ကြသည်။ သို့ရာတွင် မိမိတို့နိုင်ငံသည် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် နယ်ချဲ့ကိုလိုနီအင်္ဂလိပ်လက်အောက်သို့ကျရောက်ခဲ့ပြီးနောက် နယ်ချဲ့အစိုးရ၏သွေးခွဲအုပ်ချုပ်မှုများကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်း သံသယများအခြေခံကာ စိတ်ဝမ်းကွဲပြားခဲ့ကြသည်။

လူတိုင်းသည် အတ္တကိုဗဟိုပြုကာ စဉ်းစားကြသည့်သူများဖြစ်သည်။ ငါ့အတွက်၊ ငါ့မိသားစုအတွက်၊ ငါ့လူမျိုးအတွက်ဟူ၍ စဉ်းစားကြသည်တွင် ငါနေထိုင်သော ငါ့တိုင်းပြည်အတွက်ဟူသည့် အချက်ကိုပါ ထည့်သွင်းစဉ်းစားရပေလိမ့်မည်။ ယနေ့ကဲ့သို့ တိုးတက်လာသည့်အခြေအနေတွင် ငါ့နိုင်ငံ၊ ငါ့တိုင်းပြည်အတွက်ဟူသည့် အမျိုးသားအကျိုးစီးပွားကို မဖြစ်မနေ ထည့်သွင်းစဉ်းစားကြမှသာ မိမိတိုင်းပြည်ကို ကမ္ဘာပေါ်တွင် မျက်နှာမငယ်စေဘဲ ရဲရဲရင့်ရင့် ရပ်တည်နိုင်အောင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာ ရောက်ပေလိမ့်မည်။

**"နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်သည်ဆိုရာတွင် တည်ငြိမ်အေးချမ်းမှုသည်လည်း အရေးပါသောအခန်းကဏ္ဍတစ်ခုဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်ပေ။ ဖွံ့ဖြိုးတိုးတက်သည်ဆိုရာတွင်လည်း တစ်မြို့တစ်ရွာတည်း ကွက်၍ ဖြစ်ထွန်းတိုးတက်နေ၍မရပေ။ နိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်ကြသည့် ပြည်သူအားလုံးတိုးတက်ရန်လိုအပ်သည်။ ယခုကာလတွင် နိုင်ငံတော်က ကျေးလက်ဒေသများနှင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေပြီဖြစ်ရာ တည်ငြိမ်အေးချမ်းမှုရှိသည့်ဒေသများတွင် လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပြီး တည်ငြိမ်အေးချမ်းမှုမရှိသည့်ဒေသများတွင်မူ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်မည်သာဖြစ် . . ."**

**ပြည်ထောင်စုဟူသည်**

ပြည်ထောင်စုဟူသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များကိုစုစည်းပြီး စည်းလုံးညီညွတ်မှုကို ဖော်ဆောင်သော စကားစုဖြစ်သည်။ မြန်မာနိုင်ငံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟူသော အမည်နှင့်အညီ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသည့် တိုင်းရင်းသားများနှင့် ဖွဲ့စည်းထားသောနိုင်ငံတော်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ချစ်ခင်စည်းလုံးစွာရပ်တည်စုစည်း၍ ပြည်ထောင်စုကြီးအဖြစ် ကာလအခွန့်ရှည်စွာ တည်ထောင်နေထိုင်ခဲ့ကြသောနိုင်ငံဖြစ်သည်။

တစ်လုံးတည်းသောဝါးဖြင့် တံတားမဆောက်နိုင်သကဲ့သို့ စည်းလုံးညီညွတ်မှုမရှိဘဲ မည်သည့်တိုင်းပြည်ကိုမှ တိုးတက်သာယာဝပြောအောင် တည်ဆောက်နိုင်မည်မဟုတ်ပေ။ ထို့ပြင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားတို့ပေါင်းစည်းနေထိုင်ရာပြည်ထောင်စုကြီးသည် ပဒေသာပင်ပေါက်သကဲ့သို့ အသင့်ဖြစ်ပေါ်လာသည်မဟုတ်ပေ။ ပထမမြန်မာနိုင်ငံတော်ကြီးတည်ဆောက်ချိန်မှစ၍ ယနေ့အထိပင် ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး တစ်စိတ်တစ်ဝမ်းတည်း စုစည်းနေထိုင်ကြရန် စည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့ကြရသည်။ မိဘဘိုးဘွားတို့၏သမိုင်းပေးအမွေဟုပင်ဆိုဆို၊ သမိုင်းပေးတာဝန်ဟုပင်ဆိုဆို ပြည်ထောင်စုကြီးကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးကြရဦးမည်ဖြစ်သည်။

စာမျက်နှာ ၁၄ သို့ ◆

## ခေတ်သစ်ပြည်သူ့ပါတီ၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၈)ရက်

နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် အမှန်တရားအတွက် နိုင်ငံနဲ့လူမျိုးဂုဏ်ကိုကိုယ်စားပြုဆောင်ရွက်နေသော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုထုတ်ပြန်ချက်

ခပတ-၁/၂၀၂၆

(၁) ယခုအခါနယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဇန်နဝါရီလ (၁၂)ရက်နေ့မှ (၂၉)ရက်နေ့အထိ ပြုလုပ်သော မြန်မာနဲ့ဂမ်ဘီယာနိုင်ငံတို့ရဲ့အမှုနဲ့ပတ်သက်တဲ့ကြားနာပွဲကို ပြည်ထောင်စုဝန်ကြီးဦးကိုကိုလှိုင်နဲ့ ပြည်ထောင်စုရှေ့နေချုပ်ဒေါ်သီတာဦးတို့ဦးဆောင်တဲ့ကိုယ်စားလှယ်အဖွဲ့တက်ရောက်နေကြပြီး နှစ်ကြိမ်လျှောက်လဲချက်များပေးသွားမယ်ဖြစ်တယ်လို့ သိရပါတယ်။

(၂) ဂမ်ဘီယာနိုင်ငံဟာ မြန်မာနိုင်ငံနဲ့မိုင်ပေါင်းထောင်ချီဝေးကွာတဲ့ အာဖရိကတိုက်ရဲ့အနောက်ပိုင်းမှာတည်ရှိတဲ့ နိုင်ငံငယ်လေးတစ်နိုင်ငံဖြစ်ပါတယ်။ ဒီနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံးမှာ အာရှတိုက်က မြန်မာနိုင်ငံအပေါ် တရားစွဲဆိုထားလို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ နိုင်ငံတကာတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး ဘန်ဒေါင်းမူကြီး(၅)ရပ်နဲ့အညီ အစဉ်တစိုက်ရပ်တည်လာခဲ့သော ရပ်တည်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

(၃) အမှန်တရားကိုရှာဖွေရင် ပကတိဘဝမှာရှာဖွေရမယ့်လူတွေရှိနေသရွေ့ လူမှုပြဿနာမကင်းနိုင်။ ပြဿနာရှိတာ မရှိတာ အဓိကမဟုတ် ပြဿနာဖြေရှင်းနည်းမှန်ရေးကသာ အဓိကဖြစ်တယ်လို့ လူမှုသိပ္ပံတရားကဆိုပါတယ်။

(၄) ဒါကြောင့်နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် အမှန်တရားအတွက်နိုင်ငံနဲ့လူမျိုးဂုဏ်ကို ကိုယ်စားပြုဆောင်ရွက်နေသော ပြည်ထောင်စုဝန်ကြီးဦးကိုကိုလှိုင်နဲ့ ပြည်ထောင်စုရှေ့နေချုပ် ဒေါ်သီတာဦးတို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အထူးတလည်ဂုဏ်ပြုထုတ်ပြန်အပ်ပါသည်။

ဥက္ကဋ္ဌ

ဗဟိုအလုပ်အမှုဆောင်ကော်မတီကိုယ်စား

ခေတ်သစ်ပြည်သူ့ပါတီဗဟိုရုံးချုပ်

## သာယာဝတီမြို့နယ်၌ နှမ်းစပါး ၄၆၂၈၃ ဧက လျာထားစိုက်ပျိုးမည်



သာယာဝတီ ဇန်နဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ သုံးဆယ်ရေလှောင်တမံအတွင်း ရေဝင်ရောက် သိုလှောင်ထားရှိမှုအခြေအနေ၊ နှမ်းစပါးစိုက်ပျိုးမည့်စိုက်ပျိုးမြေ ဧရိယာနှင့်ရေဖြန့်ဝေနိုင်မှုအခြေအနေများကို မြို့နယ်စိုက်ပျိုးမွေးမြူမှုကြီးကြပ်ရေးအဖွဲ့မှတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ယခုနှစ်အတွက် နှမ်းစပါး ၄၆၂၈၃ ဧက လျာထားစိုက်ပျိုးရန် သတ်မှတ်ကြောင်းသိရသည်။

နှမ်းစပါး စိုက်ပျိုးနိုင်ရေးအတွက် သုံးဆယ်ရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေနိုင်ရေးကို ဆည်မြောင်းဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

သာယာဝတီမြို့နယ်ရှိ တောင်သူများအနေဖြင့် နှမ်းစပါးများဖြစ်ထွန်းအောင်မြင်ရေးအတွက်စိုက်ပျိုးမည့်မြေများ၌ ကြိုတင်ထွန်ယက်ခြင်း၊ မြေပြုပြင်ခြင်းနှင့် လိုအပ်သောလယ်ကြားမြောင်းများတူးဖော်ခြင်းများကို ကြိုတင်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## စည်းလုံးချစ်ကြည် မြဲခိုင်ကျည် ပေါင်းစုညီညာ ပြည်သာယာ

◆ **စာမျက်နှာ ၁၃ မှအဆက်**

လက်ဆင့်ကမ်း တာဝန်ကျေပွန်ကြမှလည်း အနာဂတ်ပြည်ထောင်စုအရေးစိတ်အေးကြရပေလိမ့်မည်။

ပြည်ထောင်စုဆိုသည်က စာရွက်တွင်သာရှိရမည့်အရာမဟုတ်သကဲ့သို့ ရည်ညွှန်းရမည့်စကားသက်သက်လည်း မဟုတ်ပေ။ ပြည်ထောင်စုတွင်နေထိုင်ကြသည့်တိုင်းရင်းသားအားလုံးသည် ကောင်းတူဆိုးဖက် တစ်စိတ်တစ်ဝမ်းတည်း နေထိုင်လိုစိတ်ရှိကြရပေမည်။ တစ်နည်းအားဖြင့် တိုင်းရင်းသားလူမျိုးများစုစည်းနေထိုင်ကြသည့်မိမိတို့နိုင်ငံသည် သူတစ်လူငါတစ်မင်းနှင့် ကိုယ့်မြင်းကိုယ်စိုင်းနေကြမည်ဆိုပါက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးမျှော်မှန်းချက်ဆိုသည်မှာ လိုက်လေဝေးလေဖြစ်နေမည်။

**ဖွံ့ဖြိုးတိုးတက်မှုဆိုရာဝယ်**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်သည်ဆိုရာတွင် တည်ငြိမ်အေးချမ်းမှုသည်လည်း အရေးပါသောအခန်းကဏ္ဍတစ်ခုဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်ပေ။ ဖွံ့ဖြိုးတိုးတက်သည်ဆိုရာတွင်လည်း တစ်မြို့တစ်ရွာတည်းကွက်၍ ဖြစ်ထွန်းတိုးတက်နေ၍ မရပေ။ နိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်ကြသည့် ပြည်သူအားလုံးတိုးတက်ရန် လိုအပ်သည်။ ယခုကာလတွင် နိုင်ငံတော်က ကျေးလက်ဒေသများနှင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်နေပြီဖြစ်ရာ တည်ငြိမ်အေးချမ်းမှုရှိသည့်ဒေသများတွင် လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပြီး တည်ငြိမ်အေးချမ်းမှုမရှိသည့်ဒေသများတွင်မူ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်မည်သာဖြစ်သည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်သည် သစ်ပင်တစ်ပင်ဆိုပါက ထိုတိုင်းပြည်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများသည် ရေသောက်မြစ်များပင်ဖြစ်သည်။ ထိုရေသောက်မြစ်များကျန်းမာဖွံ့ဖြိုးပါမှ သစ်ပင်၏အကိုင်းအခက်အရွက်အလက်များ ဝေစည်လာမည်ဖြစ်ပေသည်။

မိသားစုတစ်ခုအတွင်း၌ဖြစ်စေ၊ လူ့အဖွဲ့အစည်းအသိုက်အမြုံတစ်ခု၌ဖြစ်စေ၊ နိုင်ငံတစ်ခုဒေသတစ်ခု၌ဖြစ်စေ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ရှိကြမည်ဆိုလျှင် အရေးအရာမှန်သမျှ အနှောင့်အယှက်ကင်းကင်းနှင့် အဆင်ပြေပြေချောချောမွေ့မွေ့ အောင်မြင်နိုင်မည်ဖြစ်သည်။ မိမိဒေသ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတိုင်းရင်းသားအားလုံးတွင် တာဝန်ကိုယ်စီရှိပေသည်။ ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ်ရင်မှာအပ်လျက် အမိနိုင်ငံတော်ရေရှည်တည်တံ့မည့် အတွေးအခေါ်၊ ယုံကြည်မှု၊ ကြိုးပမ်းအားထုတ်မှုများဖြင့် တက်ညီလက်ညီဆောင်ရွက်မည်ဆိုပါက မိမိတို့လိုလားတောင့်တသည့်အရာသည်ဖြစ်ပေါ်လာမည်ဖြစ်သည်။

သို့ဖြစ်၍ မိမိတို့အမိနိုင်ငံတော်ကိုဘိုးဘွားများပေးအပ်ထားခဲ့သည့် အမွေအနှစ်အဖြစ် မြတ်မြတ်နိုးနိုးတန်ဖိုးထားရမည်ဖြစ်သလို ပင်လုံညီလာခံမှအစပြုခဲ့သည့် ပင်လုံစိတ်ဓာတ်ကိုလည်း ဘိုးဘွားတို့အမွေပေးခဲ့သည့်အမွေအနှစ်တစ်ရပ်သဖွယ် တန်ဖိုးထားကာ ယနေ့ကာလအထိဆက်လက်မွေးမြူသွားကြမှသာ အမိမြန်မာနိုင်ငံတော်၏အေးချမ်းသာယာမှုကို သားစဉ်မြေးဆက် ထိန်းသိမ်းတည်ဆောက်သွားနိုင်မည်ဖြစ်ပေတော့သည်။ ။

## တပို့တွဲလ ချမ်းမြမြ

✦ နှင်းရည်စိုရွှဲ၊ တပို့တွဲ
ပေါက်လဲကင်းငုံ၊ ရာသီကုံ
ရဂုံမြိုင်မှာ၊ သာရကာ
သံစာဟစ်ကြွေး၊ ဟေမန်တေး
ကြွေးတယ်လေလေ့ ကြွေးတယ်လေ့။

✦ ဆောင်းနှောင်းရာသီ၊ ရောက်လေပြီ
နွေဆီတက်လှမ်း၊ နေပြင်လမ်း
စိမ့်စမ်းမြိုင်မှာ၊ တောရိပ်သာ
တာရာမာဃ၊ စန်းယှဉ်ခ
လှတယ်လေလေ့ လှတယ်လေ့။

✦ လတပို့တွဲ၊ ထမနဲ
ဆင်နွှဲယှဉ်ပြိုင်၊ ချွေးဖြိုင်ဖြိုင်
မွှေးကြိုင်သင်းထုံ၊ နိုင်ငံ့ဂုဏ်
ကြည်ယုံမမေ့၊ တို့ဓလေ့
မွေ့တယ်လေလေ့ မွေ့တယ်လေ့။

✦ မိုးလေလွတ်ကင်း၊ ခါပွင့်လင်း
နေမင်းရောင်ဝါ၊ မပူခါ
ဆင်ကာခြိမ့်သဲ၊ ရှင်ပြုပွဲ
ဆင်နွှဲအခါ၊ မင်္ဂလာ
သာတယ်လေလေ့ သာတယ်လေ့။

✦ ချမ်းမြသာယာ၊ ဤချိန်ခါ
ရာသီပွင့်လင်း၊ လုပ်ခွင်ရှင်း
ပွဲခင်းညီညာ၊ နွဲပျော်ကာ
သံသာငြိမ့်အေး၊ ရိုးရာတေး
ကြွေးတယ်လေလေ့ ကြွေးတယ်လေ့။

✦ ရိုးရာမမေ့၊ လှူဓလေ့
ထုံမွေ့စဉ်လာ၊ ဤချိန်ခါ
သာယာအေးမြ၊ ဆောင်းနှောင်းလ
နှင်းခမာလာ၊ ရနံ့ဖြာ
သာတယ်လေလေ့ သာတယ်လေ့။

✦ တပို့တွဲလ၊ ချမ်းမြမြ
လှပသာယာ၊ ပြည်မြန်မာ
ရိုးရာဓလေ့၊ တို့ပျော်မွေ့
မမေ့စေရည်၊ ကဗျာစီ
သီတယ်လေလေ့ သီတယ်လေ့။ ။

**မောင်လေပြေ(တောင်တွင်း)**

## ၂၈-၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၀၀၀,၀၀၀)ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေး ကော်မတီ**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပြိုင်ပွဲကျင်းပ



နေပြည်တော်   ဇန်နဝါရီ   ၂၈

မြန်မာ့ဓလေ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ ဝန်ထမ်းအချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီလိုစိတ်များရှိစေရန်ရည်ရွယ်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိလျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) ယာဉ်ရပ်နားကွင်း (၁) ၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ထမနဲထိုးပြိုင်ပွဲသို့လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြပြီး ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့်အသင်းများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

# လူငယ်ငြိမ်းချမ်းရေးဖိုရမ် -၂၀၂၆ တက်ရောက်ခဲ့သည့် နေပြည်တော်ကောင်စီ လူငယ်ကိုယ်စားလှယ်များက ဖိုရမ်အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ တက်ရောက် လေးခန်းတွဲ၊ လေးထပ် အမှုထမ်းအိမ်ရာများ အသစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး

နေပြည်တော်   ဇန်နဝါရီ   ၂၈

လူငယ်ငြိမ်းချမ်းရေးဖိုရမ် - ၂၀၂၆ တက်ရောက်ခဲ့သည့်နေပြည်တော်ကောင်စီ လူငယ်ကိုယ်စားလှယ်များက ဖိုရမ်အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ နေပြည်တော် လူငယ်ရေးရာကော်မတီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ် - ၂၀၂၆ သို့ တက်ရောက်ခဲ့ကြသည့် နေပြည်တော်ကိုယ်စားပြုလူငယ်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သည်။



ဦးစွာ အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအား အလေးပြုကြပြီး "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လူငယ်များပါဝင်မှုမြှင့်တင်ခြင်း" Video Clip ကိုကြည့်ရှုကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ကိုယ်စားပြုတက်ရောက်ခဲ့ကြသည့် လူငယ်များအနေဖြင့် ဖိုရမ်၏ဆွေးနွေးမှုများမှရရှိလာသည့် အတွေ့အကြုံများကို ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား/ကျောင်းသူလူငယ်များကို ထပ်ဆင့်မျှဝေပေးကြမည်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် ငြိမ်းချမ်းရေးအတွက် အတွေ့အကြုံကောင်းများကို ပြန်လည်မျှဝေလက်ဆင့်ကမ်းပြီး အကောင်းဆုံးဆက်လက်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူငယ်ကိုယ်စားလှယ်များကို ဂုဏ်ပြုဆုပေးအပ်ပြီး လူငယ်ကိုယ်စားလှယ် ၁၀ ဦးတို့က မိတ်ဆက်ကာ အုပ်စုလိုက်ဆွေးနွေးမှုမှတ်တမ်းကိုပြန်လည်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လူငယ်ကိုယ်စားလှယ်များ၏ ဖိုရမ်တက်ရောက်လှုပ်ရှားမှု Video Clip ကိုပြသပြီး လူငယ်ငြိမ်းချမ်းရေးဖိုရမ်-၂၀၂၆ တွင်ဆွေးနွေးသည့် ခေါင်းစဉ်အနှစ်ချုပ်ကိုတင်ပြကာ တက်ရောက်လာသည့် ကျောင်းသား/ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် အကွက်အမှတ် (၈-က) ၌ လေးခန်းတွဲ၊ လေးထပ်အမှုထမ်းအိမ်ရာများ အသစ်ဆောက်လုပ်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်းအမြန်ပြီးစီးရေး၊ လူအင်အား၊ စက်ယန္တရားတိုးမြှင့်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးတို့ကိုမှာကြားခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင်ကျင်းပသည့် ဒုတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာဗုဒ္ဓညီလာခံသို့ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




နေပြည်တော်   ဇန်နဝါရီ   ၂၈

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဇန်နဝါရီလ ၂၄ ရက်မှ ၂၅ ရက်အထိကျင်းပသည့် ဒုတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာဗုဒ္ဓညီလာခံသို့ တက်ရောက်ခဲ့သည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၂၆ ရက်က အိန္ဒိယနိုင်ငံမှမြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

အဆိုပါညီလာခံတွင် ကမ္ဘာ့နိုင်ငံပေါင်း ၄၀ ကျော်မှ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဓိပတိဆရာတော်ကြီးများ၊ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ နိုင်ငံအသီးသီးရှိဗုဒ္ဓတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဗုဒ္ဓဘာသာဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ပါဝင်ဆွေးနွေးကြပြီး "Collective Wisdom, United Voice and Mutual Coexistence" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၂၃ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ရောက်ရှိခဲ့ပြီး ဒုတိယဝန်ကြီးသည် ယင်းနေ့မွန်းလွဲပိုင်းတွင် International Buddhist Confederation မှ Director General Mr. Mohijit Halder နှင့်တွေ့ဆုံကာ ဗုဒ္ဓတရားတော်လာ လူမှုယဉ်ကျေးမှုဆိုင်ရာကဏ္ဍများနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဇန်နဝါရီလ ၂၄ ရက်တွင် နယူးဒေလီမြို့ရှိ Bharat Mandapan အဆောက်အအုံ၌ ဒုတိယအကြိမ်မြောက် ဗုဒ္ဓညီလာခံဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ဦးစွာ International Buddhist Confederation ၏ Secretary General ဖြစ်သူ ဆရာတော် Shri Gajendra Khensur Rinpoche Jangchup Choeden ကဦးဆောင်ပြီး ဆုတောင်းမေတ္တာပို့သ၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ ထို့နောက် အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Shri Gajendra Singh Shekhawat က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဂီတပညာရှင် Dr. Aditi Sharma Garg က အိန္ဒိယရိုးရာဗျပ်စောင်းကိုတီးခတ်၍ ဓမ္မတေးဂီတဖြင့် ပူဇော်ခြင်း၊ အိန္ဒိယပါလီမန်ရေးရာနှင့် လူမျိုးစုရေးရာဝန်ကြီး H.E .Mr. Shri Kiren Rijiju က အမှာစကားပြောကြားခြင်း၊ Ladakh ပြည်နယ်ယဉ်ကျေးမှုအဖွဲ့မှ ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်ကိုကျင်းပရာ ဒုတိယဝန်ကြီးက "Collective Wisdom and United Voice for Social Harmony" ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုတွင် ပါဝင်ဆွေးနွေးသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်သူများကို IBC မှ ဒုတိယအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓညီလာခံအထိမ်းအမှတ်တံဆိပ်များပေးအပ်ချီးမြှင့်ပြီး ညီလာခံသို့ တက်ရောက်လာသည့် ကမ္ဘာ့ဗုဒ္ဓဘာသာနိုင်ငံအသီးသီးမှ ကိုယ်စားပြုရဟန်းတော်များကိုလည်း ညီလာခံအထိမ်းအမှတ်တံဆိပ်များ ပေးအပ်ခဲ့သည်။

ပထမနေ့ညီလာခံအပြီးတွင် ဒုတိယဝန်ကြီးသည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ ညီလာခံအခမ်းအနားခင်းကျင်းပြသမှုများကို ကြည့်ရှုအားပေးသည်။

ဇန်နဝါရီလ ၂၅ ရက်ညီလာခံဒုတိယနေ့တွင် ဒုတိယဝန်ကြီးသည် စကားဝိုင်းများသို့ ဆက်လက်တက်ရောက်သည်။ အဆိုပါ ဒုတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓညီလာခံသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များ တက်ရောက်ပါဝင်ဆွေးနွေးကြသည့် ဗုဒ္ဓဘာသာဆိုင်ရာညီလာခံတစ်ရပ်ဖြစ်ပြီး ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားစေရေးအတွက် အရေးပါသည့် အခမ်းအနားတစ်ရပ်လည်းဖြစ်သည်။

ယင်းနေ့ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဒေါ်နုမြဇံခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များနှင့်အတူ နယူးဒေလီမြို့ Qila Rai Pithora Cultural Complex ရှိ မြတ်ဗုဒ္ဓ၏ မွန်မြတ်သောဓာတ်တော် (Piprahwa Relics) အထူးပြပွဲသို့ သွားရောက်လေ့လာကြည်ညိုဖူးမြော်ကြရာ အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် Archaeological Survey of India (ASI) မှ တာဝန်ရှိသူများက လာရောက်ကြိုဆိုနှုတ်ဆက်ကာ လိုက်ပါရှင်းလင်းပြသကြပြီး အထိမ်းအမှတ်လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြဝတီ**




ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများအား မြိတ်မြို့မှရန်ကုန်မြို့သို့ ပို့ဆောင်ပေးရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့်တာဝန်ရှိသူများကကြည့်ရှုစဉ်။



ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများစစ်ရေယာဉ်(မုတ္တမ)ဖြင့်မြိတ်မြို့မှ ရန်ကုန်မြို့သို့ ရောက်ရှိလာရာတာဝန်ရှိသူများက စားသောက်ဖွယ်ရာများပေးအပ်စဉ်။





ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ပေးသော မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့ရှိ စုရပ်နေရာသို့ပို့ဆောင်ပေးစဉ်။



သန်လျင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ ကြီးကြပ်၍ လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန သန်လျင်ခရိုင်ရုံးမှ တာဝန်ရှိသူများက လူဦးရေတိုက်ဆိုင် စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။

**၁ ရှေ့ဖုံးမှအဆက်**

ထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေးကာ ပါဝင်ပတ်သက်သူများကိုသက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အပြင် အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံအစိုးရအနေဖြင့် **ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သည်ဟုသံသယရှိသဖြင့် ကမ္ဘောဒီးယားနိုင်ငံ၊ ရဲတပ်ဖွဲ့နှင့်သက်ဆိုင်ရာဌာနများက ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသားများကို** နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းခေါ်ယူသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ မြန်မာနိုင်ငံသား ၇၂၉ ဦးကို အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း(MAI) နှင့် တပ်မတော်လေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။

ထိုသို့ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ပေးခဲ့သည့် မြန်မာနိုင်ငံသားများအနက် တပ်မတော်လေယာဉ်ဖြင့် မြိတ်မြို့သို့ ပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့သည့် မြန်မာနိုင်ငံသား ၅၄၃ ဦးကို မြိတ်မြို့မှ ရန်ကုန်မြို့သို့ပို့ဆောင်ပေးနိုင်ရေး မြိတ်မြို့၊ ဆိပ်ငယ်တံတားမှ စစ်ရေယာဉ်များဖြင့် တင်ဆောင်၍ ကျွန်းစုမြို့နယ်၊ မော်တုံးကြီးကျေးရွာအနီးရှိပင်လယ်ပြင်၌ စောင့်ဆိုင်းနေသည့် စစ်ရေယာဉ် (မုတ္တမ)ပေါ်သို့ ပို့ဆောင်ပေးရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ မြိတ်ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါစစ်ရေယာဉ်(မုတ္တမ)သည် ဇန်နဝါရီလ ၂၇ ရက် ညပိုင်းတွင် စတင်ထွက်ခွာခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ပေးခဲ့သည့် မြန်မာနိုင်ငံသားများအား စစ်ရေယာဉ်ပေါ်တွင် တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ စားသောက်နေထိုင်မှုများအဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးခြင်းတို့ကို တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့သည်။ စစ်ရေယာဉ်(မုတ္တမ)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ရှိ အမှတ် (၃)ဆိပ်ခံတံတားသို့ရောက်ရှိကြပြီး သန်လျင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ ကြီးကြပ်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင်ခရိုင်ရုံးမှ တာဝန်ရှိသူများက လူဦးရေတိုက်ဆိုင်စစ်ဆေးခြင်း၊ သန်လျင်ခရိုင် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးမကောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ခရိုင်အတွင်းရှိဌာနဆိုင်ရာများက စားသောက်ဖွယ်ရာများအား တစ်ဦးချင်းပေးအပ်သည်။

ထို့နောက် ပြန်လည်ခေါ်ဆောင်လာသော မြန်မာနိုင်ငံသားများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ပေးသော



ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများအား စစ်ရေယာဉ်(မုတ္တမ)ပေါ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများအား စစ်ရေယာဉ်(မုတ္တမ)ပေါ်တွင် အစားအသောက်များ ကျွေးမွေးစဉ်။

မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့ရှိ စုရပ်နေရာသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာတာဝန်ရှိသူများကလိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ၊ လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်ကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းတို့၏ ပြောကြားချက်များကိုလည်းယခုလိုပဲကြားသိရပါတယ်-

"လိုင်းပေါ်မှာလူခေါ်တဲ့ဟာတွေတွေ့တယ်။ ညီမတို့သွားပြီးတော့ ဆက်သွယ်ကြည့်တော့ ဒီအလုပ်ကအရမ်းကောင်းတယ်။ တစ်လကို သိန်း ၄၀ လောက်ရမယ်။ ဘာမှမလုပ်ရဘူး Customer Service ပေးရုံပဲဆိုပြီး ခေါ်ခဲ့တာ။ ဟိုမှာ တစ်လကို သိန်း ၄၀ လောက်ရတယ်ဆိုပြီးတော့ သွားခဲ့တာပေ့ါ။ စရောက်တော့ တစ်ရက်လောက်ပေးနားတယ်။ ရောက်တဲ့အချိန်မှာ နင်တို့သုံးတဲ့ Facebook အတိုင်းပဲ IG အကောင့်တွေမွေးရတယ်၊ပြီးရင်အဲဒီကနေမှ ရည်ညွှန်းတဲ့ နိုင်ငံကိုအင်ဒိုနီးရှား ဆိုအင်ဒိုနီးရှား ၊ US ဆို US ပေ့ါ။ ညီမတို့က အင်ဒိုနီးရှားကို လူရှာပြီးတော့မှ Whatup ရဖို့အတွက် ညီမတို့ကတောင်းပေးရတာ။ ပြဿနာတွေမဖြစ်ခင်မှာ ညီမတို့ကသံရုံးကို တိုင်မယ်ပေ့ါနော် ။ သံရုံးကိုတိုင်ပြီးတော့မှ သံရုံးကလာခေါ်ပေးတာကို စောင့်မယ်ဆိုပြီးတော့မှ စီစဉ်ထားကြတာ။ အဲဒီကနေမှ ကမ္ဘောဒီးယားအစိုးရက လိုက်လံဖမ်းဆီးတဲ့အခါမှာတော့ ဖြစ်ချင်တာဖြစ်တော့ သေရင်လည်းသေပါစေ၊ ရှင်ရင်လည်း ငါတို့မြန်မာပြည်တော့ရောက်အောင်ပြန်မယ် ဘယ်လိုနည်းနဲ့မဆိုပြီးတော့ အဲဒီကနေထွက်ပြေးပြီး နီးစပ်ရာ ကမ္ဘောဒီးယားတွေကို မေးပြီးတော့မှ ကားငှားပြီး သံရုံးကို ရောက်အောင်သွားခဲ့တာ။ စရောက်တော့ သံအမတ်ကြီးရော၊ အောက်ကအစ်မတွေလည်း အရမ်းကို သဘောကောင်းတယ်။ အကုန်လုံးလည်း အစစအရာရာကူညီပေးတယ်၊ စားဖို့သောက်ဖို့ နေဖို့ထိုင်ဖို့ အပြင်မှာတောင်မှ မနေခိုင်းဘဲနဲ့ သံရုံးထဲမှာပဲ နေဖို့ထိုင်ဖို့တွေ အစစအရာရာ ကျန်းမာရေးအကုန်လုံးဂရုစိုက်ပေးတယ်။ နေမကောင်းဘူးဆိုရင်လည်း ဆေးခန်းပြပေးတယ်။ အစားအသောက်ဆိုရင်လည်း သူတို့စီစဉ်နိုင်သလောက် အကုန်လုံးစီစဉ်ပေးပြီးတော့မှ အားလုံးနွေးနွေးထွေးထွေးနဲ့ ဆက်ဆံပေးတယ်။ အစကနေအဆုံးထိပေ့ါနော်ညီမလေးတို့ လေယာဉ်ပေါ်စတက်ကတည်းက လေယာဉ်ပေါ်မှာပါတဲ့ တပ်မတော်က အရာရှိတွေရော ၊ စစ်သည်တွေအကုန်လုံးညီမတို့အပေါ် အကုန်လုံးနွေးနွေးထွေးထွေး ဆက်ဆံကြတယ်။ အစစအရာရာဂရုစိုက်ပေးပြီး ခေါ်လာပေးပြီး လေဆိပ်ဆိုက်ပြီးတော့မှ တပ်ဝင်းထဲကို ရောက်တဲ့ အချိန်မှာလည်း ထမင်းကျွေးတာကအစ အရာရှိ၊ စစ်သည်တွေက ညီမတို့ကို နှိမ်ချခြင်း၊ ခွဲခြားခြင်းမရှိဘဲ အကောင်းမွန်ဆုံး ဆက်ဆံပေးခဲ့တယ်။ အဲဒီကနေမှတစ်ဆင့် သင်္ဘောပေါ် ရောက်လာတယ်။ သင်္ဘောပေါ်က အရာရှိ၊ စစ်သည်တွေရော အကုန်လုံးက ဂရုတစိုက်နဲ့ ကြိုဆိုပေးတယ်၊ အကုန်လုံးကို ကျေးဇူးတင်ပါတယ်။ အမှန်အတိုင်းပြောလို့ရှိရင်တော့ ညီမတို့ကိုယ့်သဘောနဲ့ ကိုယ်ဆုံးဖြတ်ပြီးတော့မှ သွားခဲ့ကြတာ။ အခုလိုဒုက္ခဖြစ်ချိန်မှာ အစစအရာရာ မငြိုမငြင်ဘဲ ကူညီပေးတဲ့အတွက်လည်း စိတ်ထဲမှာ အရမ်းပဲကျေးဇူးတင်မိပါတယ်။ အရမ်းလည်း ဝမ်းသာပါတယ်လို့ ပြောချင်ပါတယ်" ဟုပြောသည်။

"ကမ္ဘောဒီးယားနိုင်ငံကိုအလုပ်တွေခေါ်တာတွေ့တာနဲ့သွားကြည့်မယ်။ အဆင်ပြေရင် လုပ်မယ်။ အဆင်မပြေရင် ပြန်လာခဲ့မယ်ဆိုပြီးတော့ ရောက်သွားတာပေ့ါ။ တရုတ်လို နည်းနည်းပါးပါးတတ်တယ်ဆိုတော့ စကား



ပြန်လုပ်မယ်ဆိုပြီးတော့ သွားခဲ့တာ။ အဲ့ကိုရောက်တော့ ရောင်းစားခံလိုက်ရတယ်။ ရောင်းစားခံလိုက်ရပြီး သူတို့ တိုက်ပိတ်ထားတယ်။ ၁၇ ရက် ၁၈ ရက်လောက် တိုက်ပိတ်ထားတယ်။ တိုက်ပိတ်ထားပြီး လက်ထိတ်တွေခတ်ထားတယ်၊ ၁၂ နာရီတစ်ခါ လာကြည့်တယ်။ ထမင်းကျွေးတယ်။ ပြီးလို့ရှိရင် ပြန်ပိတ်သွားတယ်။ သူတို့ထင်တာ တရုတ်စကားအဲ့လောက်မရဘူးထင်လို့ နောက်တစ်နေရာပြန်ရောင်းစားဖို့ လုပ်တယ်၊ပြည့်တန်ဆာရုံရောင်းစားဖို့ပေ့ါ။ အဲ့လိုဆိုတော့ပြည့်တန်ဆာရုံက လာကြည့်တော့ခြောက်ထောင်ပဲပေးမယ်ဆိုတော့ သူတို့ကပိုက်ဆံရှုံးခံရမှာဆိုတော့ မရောင်းဘဲနဲ့ ကုမ္ပဏီမှာပဲအလုပ်လုပ်ဖို့ဆိုပြီးတော့ ထားလိုက်တယ်။ အကောင့်တွေ လော့ဂ်အင်ဝင်ခိုင်းတယ်။ Tiktok၊ We Chat အကောင့်တွေ လော့ဂ်အင်ဝင်ရတယ်။ အဲ့ကနေတစ်ဆင့် သူတို့ကလိမ်တာပေ့ါ။ ရောက်ရောက်ချင်းကို ချော့ပြီးတော့ စာချုပ်တွေ ချုပ်ခိုင်းတယ်။ လက်ဗွေတွေ နှိပ်ခိုင်းတယ်။ အဲ့လိုမျိုးနှိပ်ခိုင်းတာကျတော့ တကယ်လို့ ကိုယ်တွေကရဲတိုင်တာဖြစ်ဖြစ်၊ သံရုံးကို တိုင်တာဖြစ်ဖြစ် လာကြည့်တဲ့အချိန် အဲ့စာချုပ်ကို သူတို့က ထုတ်ပြတယ်။ စာချုပ်ချုပ်ထားတယ်ဆိုတော့ ရဲတွေလည်း ဘာမှမလုပ်နိုင်ဘူး။ မခေါ်သွားနိုင်ဘူး။ အဲ့ဒီလိုမျိုးပုံစံပေ့ါ။ ကိုယ်က ရောင်းစားခံရတယ်ဆိုတော့ သူတို့ပြောတဲ့အတိုင်း လုပ်ရတယ်။ မလုပ်ရင် ရိုက်တာတွေ၊ ကျင်စက်နဲ့ တို့တာတွေလည်းရှိတယ်။ ကြောက်တော့လည်းလုပ်ရတာပေ့ါ။ မလုပ်လို့ရှိရင် ရိုက်ခံရမှာလေ။ သံရုံးမှာက ထမင်းစားဖို့ရယ် အိပ်ဖို့နေရာတွေ သေချာစီစဉ်ပေးတယ်။ လေယာဉ်လာကြိုမယ်ဆိုတာ သိတယ်။ အဲ့ဒါပြီးရင် တုံးတွေထုပေးပြီး ကတ်တွေလုပ်ပေးတယ်။ အဲ့ဒါပြီးမှ အရင်



ရောက်တဲ့သူကို အုပ်စု ၁၊ ၂ ခွဲပြီးတော့ ပြန်ပို့တယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ မဟုတ်လို့ရှိရင် ကိုယ့်အစီအစဉ်နဲ့ဆိုရင်တော့ အိမ်ပြန်ရောက်မှာ မဟုတ်တော့ဘူး။ ကိုယ့်နိုင်ငံကို ပြန်ရောက်မှာ မဟုတ်တော့ဘူး" ဟုပြောသည်။

"သန်လျင်၊ ကျောက်တန်း၊ ခရမ်းသုံးခွစတဲ့ မြို့နယ်ရုံးတွေကနေ ကျွန်တော်တို့ လဝကတွေအနေနဲ့ နာမည်စာရင်းကောက်ဖို့အတွက်တာဝန်ပေးခြင်းခံရတဲ့အတွက်ကြောင့် ဒီနေရာမှာ လာပြီးတော့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ သန်လျင်ခရိုင်မှာရှိတဲ့ လဝကရယ်၊ အလုပ်သမားဦးစီးဌာနရယ်ကတော့ နာမည်စာရင်းကောက်ယူရေးပေ့ါ။ ပြီးတော့ သက်ဆိုင်ရာဌာနတွေလည်း အသီးသီးပေ့ါ၊ သူတို့ရဲ့ ကျူရာတာဝန်အခန်းကဏ္ဍတွေကို တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေအနေနဲ့ နိုင်ငံခြားကို အလုပ်သွားလုပ်မယ်ဆိုရင် တရားဝင် လမ်းကြောင်းတွေကနေ သွားကြရင်တော့ ပိုပြီးတော့ အဆင်ပြေပါတယ်ခင်ဗျ။ အခုလိုမျိုးတရားမဝင်သွားတယ်ဆိုရင် ဥပဒေလမ်းကြောင်းအရလည်း ကာကွယ်မှုမရှိဘူး။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံသားတွေအနေနဲ့ နိုင်ငံခြားကိုထွက်လည်တာပဲဖြစ်ဖြစ်၊ အလုပ်သွားလုပ်တာပဲဖြစ်ဖြစ် နိုင်ငံတော်ကနေ သတ်မှတ်ထားတဲ့ ဥပဒေလုပ်ထုံးလုပ်နည်းတွေ ကြားထဲကနေပဲသွားကြဖို့အတွက် ကျွန်တော့်အနေနဲ့ တိုက်တွန်းချင်ပါတယ်" ဟုပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သည်ဟု သံသယရှိသဖြင့် ကမ္ဘောဒီးယားနိုင်ငံ၊ ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများက ကမ္ဘောဒီးယား



နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသားများအနက် ဇန်နဝါရီလ ၂၃ ရက်တွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း(MAI)ဖြင့် မြန်မာနိုင်ငံသား ၁၃၆ ဦးကိုလည်းကောင်း၊ ဇန်နဝါရီလ ၂၅ ရက်တွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း(MAI)ဖြင့် ၅၀ ဦး၊ တပ်မတော်လေယာဉ်များဖြင့် ၃၈၀ ဦးကိုလည်းကောင်း၊ ဇန်နဝါရီလ ၂၆ ရက်တွင် တပ်မတော်လေယာဉ်များဖြင့် ၁၆၃ ဦးကိုလည်းကောင်း အသီးသီးခေါ်ဆောင်ပေးခဲ့ပြီး စုစုပေါင်းမြန်မာနိုင်ငံသား ၇၂၉ ဦးကို ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# More than 2,000 acres of rainfed paddy harvested in Homalin Township



HOMALIN January 28

According to the Township Agriculture Department, local farmers have harvested more than 2,000 acres of rainfed paddy in Homalin Township of Sagaing Region.

Homalin Township cultivated up to 63,713 acres of monsoon paddy during the monsoon cropping season, and harvesting began in October. As of today, 2,247 acres have been harvested, with an average yield of 74.67 baskets per acre, according to reports.

"The monsoon cropping season in Hommalin Township covered only 63,713 acres of monsoon paddy. The fields under cultivation are now being harvested, and more than 2,000 acres have already been harvested. We have been providing the necessary technology and quality seed varieties for monsoon paddy cultivation. We also carried out field inspections to ensure farmers could plant in time," said Daw Su Su Thwe, Head of the Homalin Township Agriculture Department.

It is reported that during this year's monsoon season, the Township's Agriculture Department and local farmers worked together to ensure systematic cultivation without difficulties.

Farmers in Homalin Township were provided with agricultural techniques, awareness on pest prevention, guidance to prevent crop losses, and instructions to ensure harvested paddy was placed under proper cover in a timely manner.

The Agriculture Department staff also worked to ensure successful cultivation and good yield by guiding farmers on selecting quality and pure seed varieties, preventing pest outbreaks, conducting timely weeding and thinning, removing off-type plants, and systematically applying fertilizers. **SK**

# Budalin Township grows more than 6,000 acres of chickpea this cold season

BUDALIN January 28

Local farmers have planted more than 6,000 acres of chickpea in Budalin Township of Sagaing Region, according to the Township Agriculture Department.

For the 2025–2026 winter cropping season, Budalin Township has planned to cultivate 52,110 acres of chickpea, and planting began in October. As of today, 6,617 acres have been planted, according to reports.

"Budalin Township planned to grow more than 52,000 acres of chickpea during the winter cropping season. As of today, more than 6,000 acres have already been planted. We are working to ensure the planned acreage is fully met. Chickpea cultivation has been improving year by year. To achieve good yield and quality, we are cooperating with farmers to provide pure and quality seed varieties, necessary inputs, and post-harvest techniques," said U Phyo Wai, Head of the Budalin Township Agriculture Department.

It is reported that farmers are cultivating Yezin-8 and Yezin-11 varieties, which are suitable for the region and known for good yields. The cost of cultivation is said to exceed Ks-300,000 per acre.

During this year's winter cropping season, the Agriculture Department is cooperating with farmers to provide quality seed varieties, required inputs, and post-harvest technology to ensure high yield and quality for all types of pulses. The department is also carrying out awareness campaigns and coordination to encourage the use of Trichoderma beneficial fungi during the pulse cultivation period.

Sagaing Region is the country's largest producer of various pulses, with the largest cultivation area nationwide. Because pulses can be grown both as a major crop and as an intercrop, farmers in the region continue to cultivate them as an income-generating crop. **SMK**

# Labutta Township sells a large volume of Seabass to Yangon market



LABUTTA January 28

Local merchants from Labutta Township of Ayeyawady Region shipped a large volume of Seabass to Yangon market said Daw Mar Mar Aye, the owner of fishery product trading depot in Labutta Township.

In Labutta Township, Seabass exports to the Yangon market reached up to 70,000 viss.

"Over the past month, we exported up to 70,000 viss of Seabass from our township. The Yangon market's strong demand boosted export volumes. As exports increased, business operators and those working in the fisheries sector were able to operate smoothly," said Daw Mar Mar Aye.

Seabass from Labutta Township fetches the prices ranging from Ks-19,500 to Ks-24,000 per viss in the Yangon market. With a large quantity of seafood, including Seabass, being exported, traders, fishery workers, and cargo transport workers have gained employment and are operating under favorable conditions. **SMK**

# Tapioca tubers in high demand at domestic market in Pantanaw Township

PANTANAW January 28


Tapioca tubers, produced by Pantanaw Township of Ayeyawady Region is in good trading at the domestic market due to high demand, said Daw Thin Thin Aye, the owner of agricultural produce trading depot in Pantanaw Township.

In Pantanaw Township, the trade of locally produced tapioca tubers has been strong from the third week of November up to the present. It is currently the harvesting period for tapioca tubers in the area, and a viss of fresh tapioca tubers is reportedly selling for up to Ks-4,500.

"Tapioca sales are good. Farmers here grow two varieties of tapioca. The tubers now being harvested are starting to come onto the market. With good demand and steady trade, both the farmers and farm labourers are benefiting. This year's higher prices are mainly because fewer farmers planted cassava compared to last year, and because buyers from Yangon as well as the local market are purchasing in larger quantities," said Daw Thin Thin Aye.

Tapioca grown by farmers in Pantanaw Township is said to be of good quality and largely free from pests and diseases. With the rising demand and improved sales of local tapioca tubers, both growers and labourers are reportedly experiencing more favourable conditions. **SK**

# Betel leaves trading high at domestic market in Kyangin Township



KYANGIN January 28

Local businesspersons are trading betel leaves at the domestic market in Kyangin Township of Ayeyawady Region, said Daw Aye Thu, the owner of betel leaves and areca nut trading depot in Kyangin Township.

In Kyangin Township, locally grown betel leaves have entered the market, and demand has been strong from the first week of December up to the present, with good trading activity reported. Daily sales of these locally produced betel leaves range from 500 to 1,500 viss, according to local sources.

"Our township's betel leaves are being actively purchased, and sales have improved. The betel leaves currently being harvested as a monsoon-season crop are of good quality. Buyers from the local market and nearby green-produce markets are purchasing in large quantities. Daily sales have increased. The leaves are free from pests, of good quality, and yields are strong," said Daw Aye Thu.

In Kyangin Township, locally grown betel leaves that are enjoying strong market activity are selling for up to Ks-22,000 per 10 viss. These leaves—both larger and tender varieties—are being transported and sold to areas such as Pathein, Pantanaw, and Maubin.

**SMK**

# Katha District grows more than 1,000 acres of onions this year



KATHA January 28

The Agriculture Department of Katha District in Sagaing Region stated that local farmers have planted more than 1,000 acres of onion in the district.

During the 2025-2026 winter cropping season, Katha District has set a target of cultivating 1,700 acres of onion. Planting began in October this year, and as of today, 52 acres have been completed in Katha Township and 1,028 acres in Htigyaing Township, bringing the total planted area to 1,080 acres, according to reports.

"This year, during the winter cropping season in Katha District, we have planned to cultivate 1,700 acres of onion. As of today, 1,080 acres have already been planted. We are continuing efforts to ensure that the full targeted acreage is achieved. Onion cultivation is proceeding as usual. We are also facilitating market linkages so that onions can obtain good prices," said Daw Khin Myat Myat Oo, District Head of the Department of Agriculture in Katha District.

For the 2025–2026 winter cropping season, the township-wise onion cultivation targets in Katha District are 110 acres in Katha Township, 300 acres in Indaw Township, 730 acres in Htigyaing Township, and 560 acres in Bamauk Township, totalling 1,700 acres, it is reported.

In Katha District, the respective township Departments of Agriculture are providing support to onion farmers by facilitating market connections to help them secure good prices, offering technical guidance to improve storability for long-term keeping, promoting cultivation under Good Agricultural Practices (GAP), and assisting farmers in producing high-quality onions.

Onion farmers reportedly incur production costs of around Ks-1.8 million per acre, with an average yield of 5,000 viss per acre.

In Sagaing Region, onions are widely cultivated. The townships with the largest onion-growing areas are Monywa, Yinmabin, ChaungU, Shwebo, and Myinmu.

**SMK**

# More than 5,000 acres of maize and sweet corns planted in Phaungpyin Township

PHAUNGPYIN January 28

Cultivation of 5,125 acres of maize and sweet corns was carried out in Phaungpyin Township of Sagaing Region, according to the district Agriculture Department.

During the 2025-2026 winter cropping season, Phaungpyin Township has set a target of cultivating 820 acres of maize and 4,635 acres of sweet corn, for a total of 5,455 acres. Planting began in October this year, and as of today, 800 acres of maize and 4,325 acres of sweet corn have been completed, bringing the total planted area to 5,125 acres, according to reports.

"This year, during the winter cropping season in Phaungpyin Township, we have planned to cultivate 5,455 acres of maize and sweet corn. As of today, 5,125 acres have already been planted. We are continuing efforts to ensure that the full targeted acreage is achieved. At present, maize cultivation is progressing well and is expected to exceed the planned acreage. To ensure successful crop production, we are providing awareness and technical guidance, including measures to prevent pest and disease infestations," said Daw Kywe Kywe Hlaing, District Head of the Department of Agriculture in Mawlaik District.

This year, the Phaungpyin Township Department of Agriculture is providing support to maize and sweet corn farmers through training programmes, field demonstrations, preventive measures against fall armyworm, and integrated crop protection practices, including the use of neem-based pesticides as well as ginger- and chilli-based pest control methods, according to reports.

In Phaungpyin Township, maize yields exceed 50 baskets per acre, with production costs of around Ks-500,000 per acre, while sweet corn yields average about 15,000 cobs per acre, with cultivation costs exceeding Ks-500,000 per acre. **SK**

# Nyaungdon Township supplies large volume of sturgeon fish to Yangon market

NYAUNGDON January 28

Local businesspersons from Nyaungdon Township of Ayeyawady Region sent a large volume of sturgeon fish to Yangon market said Daw Than Than Oo, the owner of fishery produt trading centre in Nyaungdon Township.

From Nyaungdon Township, a total of 75,000 viss of sturgeon were able to be supplied to the Yangon market. It is reported that shipment volumes increased due to stronger demand for sturgeon in the Yangon market.

"The current price of sturgeon is reasonably stable. Business operations are manageable. Supply to local depots here is low, and buyers from Yangon are purchasing more sturgeon, so shipments have increased. Since the first week of last month, we had to send more sturgeon to Yangon. Demand for other fish species is also rising. Even though demand from Yangon has increased, prices have not risen significantly yet," said Daw Than Than Oo.

In Nyaungdon Township, fishery product traders purchase local freshwater products and transport them not only to local markets but also to the Yangon market. Sturgeon is currently priced between Ks-15,500 and Ks-18,500 per viss.

**SK**

●● From Page - 21
(Taipei) are now considering listing the virus as a Category 5 disease - a rare or emerging infection with major public health risks, that require immediate reporting and special control measures.

**What are the symptoms?**

Nipah can begin with symptoms that look like a bad flu or stomach bug, including fever, headaches, muscle aches, vomiting and a sore throat.

In some people, it escalates into something far more serious, with dizziness, drowsiness, confusion and neurological signs that point to acute encephalitis – dangerous inflammation of the brain. Severe cases can involve seizures and rapid deterioration, sometimes progressing to coma within 24 to 48 hours.

Some patients also develop atypical pneumonia and severe breathing problems, including acute respiratory distress.

The incubation period is usually four to 14 days, but it can sometimes be much longer. In rare instances, an incubation period of up to 45 days has been reported.

**How deadly is it?**

Nipah is known for its high fatality rate. The estimated case fatality rate is 40 to 75 percent, though this varies between outbreaks depending on how quickly patients are diagnosed and how strong clinical care and surveillance are in affected areas.

In the worst cases, Nipah can be a rapid and brutal illness because it can cause severe inflammation of the brain (encephalitis) and acute respiratory failure.

Case descriptions from past outbreaks suggest some patients deteriorate from what looks like a standard viral illness – fever, aches, vomiting – into confusion, extreme drowsiness and seizures, before slipping into coma within 24 to 48 hours.

Others develop severe breathing problems, including pneumonia and acute respiratory distress, which can be fatal without intensive supportive care.

However many people who survive make a full recovery – but the virus is feared because severe cases can worsen dramatically, and some survivors are left with long-term neurological damage.

There have also been reports of relapse in a small number of cases.

**Is there a vaccine or treatment?**

There are currently no approved vaccines or drugs that specifically target Nipah virus infection.

Instead, doctors rely on intensive supportive care, treating the most dangerous respiratory and neurological complications as they arise. **Mail Online**

# Iran ready for dialogue with US, but will defend itself if pushed - Mission to UN

WASHINGTON January 28

Tehran is open to negotiations but will defend itself if provoked, Iran's Mission to the UN said on Wednesday, responding to remarks by US President Donald Trump that US warships are heading toward Iran.

"Iran stands ready for dialogue based on mutual respect and interests—BUT IF PUSHED, IT WILL DEFEND ITSELF AND RESPOND LIKE NEVER BEFORE!," the mission posted on X.

The mission also recalled that during previous US military campaigns in Iraq and Afghanistan, more than 7,000 Americans lost their lives.

Protests initially erupted in Iran in late December 2025 amid concerns over inflation, which was triggered by the weakening of the national currency, the rial. The demonstrations intensified on January 8, following calls from Reza Pahlavi, the son of the Shah of Iran, who was ousted in 1979. On that same day, internet access was blocked nationwide. In several Iranian cities, the protests escalated into clashes with police as demonstrators shouted slogans critical of the government. There have been reports of casualties among security forces and protesters.

In late December, Trump said he would support new strikes on Iran if Tehran attempted to continue developing its missile and nuclear programs. Later, amid Iranian protests, Trump threatened the country with a powerful strike if any demonstrators were killed.

**Sputnik**

# Trump asserts 'massive armada with great power' racing toward Iran

WASHINGTON January 28

US President Donald Trump said on Wednesday that a "massive armada" containing great power is speeding toward Iran.

"A massive Armada is heading to Iran. It is moving quickly, with great power, enthusiasm, and purpose," Trump wrote on Truth Social.

The force would be larger than one previously sent to Venezuela and is prepared to fulfill the mission rapidly if needed, the US leader stressed.

"Hopefully Iran will quickly "Come to the Table" and negotiate a fair and equitable deal - NO NUCLEAR WEAPONS - one that is good for all parties. Time is running out, it is truly of the essence!" Trump added.

The president warned that if no agreement is reached, any future US strike on Iran would be "far worse" than previous actions.

**Sputnik**



# Dozens dead after massive winter storm grips U.S.

NEW YORK January 28

Several dozen people died and hundreds of thousands remained without power on Tuesday after a massive winter storm dumped snow and ice from the U.S. Northeast to the South over the weekend.

Frigid cold lingered after the record-breaking winter storm drifted away from the East Coast on Monday. Some 220 million Americans were on alert for extreme cold temperatures, with cold weather warnings and advisories stretching from Texas and Florida to New York.

At least 45 weather-related deaths were reported nationwide on Tuesday, according to the Associated Press.

Three brothers, aged 6, 8, and 9, died Monday after falling into an icy pond in Fannin County, Texas, police said. In New York City, officials reported that 10 people had been found dead outdoors in the cold.

The National Weather Service forecast that another winter storm could hit parts of the East Coast this weekend, with more record lows expected as far south as Florida. **Xinhua**

# Putin to hold talks on January 29 with UAE President in Russia - Kremlin

MOSCOW January 28

Russian President Vladimir Putin will hold talks on January 29 with UAE President Sheikh Mohamed bin Zayed Al Nahyan, who will be in Russia on an official visit, the Kremlin said on Wednesday.

"On January 29, 2026, Russian President Vladimir Putin will hold talks with President of the United Arab Emirates Mohammed Bin Zayed Al Nahyan, who will be in Russia on an official visit," the statement said.

The presidents will discuss key areas of Russian-Emirati cooperation, as well as the current situation in the Middle East, the statement said.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Deadly bat-borne virus sparks pandemic fears in Asia as countries bring back Covid-era border controls

A deadly virus outbreak in India has sparked fresh pandemic fears across Asia, prompting some countries to roll out Covid-era airport screenings to stop it spreading.

Several airports have stepped up precautionary measures after India's West Bengal region confirmed five cases of Nipah virus – a rare but highly dangerous infection carried by bats that can infect both pigs and humans.

The virus is watched closely by health officials because it can spread from animals to humans – and in some cases between people – yet there is no approved vaccine or specific drug treatment.

The outbreak is linked to a private hospital in West Bengal, where at least five healthcare workers were infected earlier this month.

Around 110 people who came into contact with infected patients have now been quarantined as a precaution, officials said.


A doctor, a nurse and another staff member at the hospital tested positive after the first two cases were detected in a male and female nurse from the same district.

Narayan Swaroop Nigam, the principal secretary of the Department of Health and Family in Bengal, said one of the nurses is in critical condition after they both developed high fevers and respiratory issues between New Year's Eve and January 2.

The critically ill nurse, who is now in a coma, is believed to have contracted the infection while treating a patient suffering from severe respiratory problems.

That patient died before tests for Nipah virus could be carried out.

In response, Thailand's ministry of public health has implemented health screening for passengers at major airports arriving from West Bengal.




Travellers are being assessed for fever and other Nipah virus symptoms including headache, sore throat, vomiting and muscle pain, and are being issued health 'beware' cards advising what to do if they become ill.

Phuket International Airport is also undergoing increased cleaning due to its direct flight links with West Bengal, despite no cases being reported in Thailand.

Local media reports have stated that travellers with a high fever or other symptoms consistent with Nipah virus may be taken to quarantine facilities.

Nepal has raised alert levels at Tribhuvan International Airport in Kathmandu and land crossings bordering India, while China(Taipei) has said it is planning to list Nipah virus as a Category 5 notifiable disease – the highest classification for serious emerging infections – which would require immediate reporting and special control measures if cases occur.

China(Taipei)'s Centres for Disease Control said it is maintaining its Level 2 'yellow' travel alert for Kerala state in southwestern India, advising travellers to exercise caution.

So far, no cases have been reported outside India, and there is no sign of Nipah spreading to the US or elsewhere in North America. But the response shows just how seriously authorities are treating the risk.

Nipah has a fatality rate of between 40 and 75 percent, according to the World Health Organization, from complications such as respiratory failure and swelling of the brain.

Nipah remains rare, but experts warn it has the potential to cause devastating illness when it strikes.

Here's what it is, how it spreads – and how worried we should be about the outbreak escalating.

### What is Nipah virus?

Nipah is a zoonotic infection, meaning it can pass from animals to humans – most notably linked to fruit bats, and in some outbreaks pigs.

It's a virus that worries health officials because it can hit fast and hard, causing anything from no symptoms at all to a sudden, severe illness that attacks the lungs and the brain.

In milder cases, people may only feel flu-like symptoms – but in severe cases it can trigger acute respiratory distress, seizures and encephalitis, a dangerous swelling of the brain that can be fatal.

Another reason it sets alarm bells ringing is that it has been shown to spread person-to-person, particularly among family members and caregivers, making strict infection control crucial when cases are detected.

Health authorities monitor Nipah due to its outbreak potential – and because its death rate in confirmed cases is unusually high.

### Why are authorities suddenly screening for it at airports?

Airport checks have been stepped up after cases were detected in West Bengal, with the outbreak linked to healthcare settings where viruses can spread quickly if not contained.

Thailand has started screening arrivals at international airports receiving flights from the region, while Nepal has introduced checks at Kathmandu airport and at land border points with India.

China(Taipei) has also proposed classifying Nipah as a high-risk emerging infection under its disease control system.

While measures like these can look dramatic, officials are essentially trying to spot illness early and block any chance of infections slipping across borders.

Airport staff said to be looking for obvious signs of illness, such as a high temperature, are flagging up passengers who have recently travelled from an affected area and reporting symptoms that could fit an early Nipah infection.

Health declaration forms, mandatory temperature checks and full body heat scanners are the main method of doing this.

Anyone who appears unwell can then be pulled aside for further medical assessment, with health authorities able to trace contacts more quickly if an infection is suspected.

### How does it spread?

Nipah can spread from animals to humans, and it can also be transmitted through contaminated food or direct person-to-person contact.

During the first recognised outbreak in Malaysia in the late 1990s, which also affected Singapore, most human infections were linked to contact with sick pigs or their contaminated tissue, with transmission thought to have occurred through unprotected exposure to secretions from infected animals.

In later outbreaks in Bangladesh and India, researchers believe a key source of infection was consumption of fruit or fruit products contaminated by fruit bats, including raw date palm juice tainted with infected urine or saliva.

Human-to-human transmission has also been reported, particularly among family members and caregivers of infected patients.

Preliminary investigations suggest the healthcare workers in India caught the deadly virus while treating a patient with severe respiratory symptoms who died before testing could be carried out, according to sources at the hospital.

'The most likely source of infection is a patient who had been admitted to the same hospital previously. That individual is being treated as the suspected index case, and investigated,' a health official involved surveillance efforts told The Telegraph.

Health authorities in China

See Page - 20●●

# ဂြိုဟ်တုနဲ့တိုက်ရိုက်ချိတ်ဆက်နိုင်တဲ့ ကမ္ဘာ့ပထမဆုံးစက်ရုပ်





တရုတ်နိုင်ငံကထုတ်လုပ်ထားတဲ့ လူတူစက်ရုပ် "Embodied Tien Kung" ဟာ ကမ္ဘာပတ်လမ်းကြောင်းနိမ့်ဂြိုဟ်တုတွေနဲ့ တိုက်ရိုက်ချိတ်ဆက်နိုင်တဲ့ ကမ္ဘာ့ပထမဆုံးစက်ရုပ်ဖြစ်လာပါတယ်။ ပြုလုပ်ခဲ့တဲ့စမ်းသပ်မှုမှာ စက်ရုပ်ဟာ မြေပြင်အင်တာနက်လုံးဝမလိုဘဲ ဂြိုဟ်တုနဲ့တိုက်ရိုက်ချိတ်ဆက်ပြီး မြင်ကွင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ ပေးပို့နိုင်ခဲ့တာပါ။

စက်ရုပ်ကို မောင်းသူမဲ့ကားပေါ်က လက်မှတ်သွားယူခိုင်းတဲ့ တာဝန်ပေးအပ်ခဲ့ရာမှာ ဂြိုဟ်တုနဲ့ အောင်အောင်မြင်မြင်ချိတ်ဆက်ပြီးနောက် ကားပေါ်မှလက်မှတ်ကိုယူပြီး တခြားနေရာဆီ လမ်းလျှောက်ပို့ဆောင်ပေးခဲ့ပါတယ်။ ဒီလိုလုပ်ဆောင်မှုတစ်လျှောက်လုံးမှာ စက်ရုပ်ရဲ့လှုပ်ရှားမှုတွေနဲ့ ကင်မရာမြင်ကွင်းတွေကို ကီလိုမီတာရာပေါင်းများစွာဝေးတဲ့နေရာကနေ တိုက်ရိုက်ကြည့်ရှုနိုင်ခဲ့ပါတယ်။ အခုလိုမျိုး ဂြိုဟ်တုနဲ့ တိုက်ရိုက်ချိတ်ဆက်နိုင်တာကြောင့် အင်တာနက်မရတဲ့နေရာတွေ၊ ဘေးအန္တရာယ်ဖြစ်နေတဲ့နေရာတွေနဲ့ သတ္တုတွင်းတွေမှာ ဒီစက်ရုပ်တွေကိုအသုံးပြုပြီး အန္တရာယ်ရှိတဲ့အလုပ်တွေကို ခိုင်းစေလို့ရတော့မှာပါ။ ဒါ့အပြင် ဒီစနစ်ကနေတစ်ဆင့် ဖုန်းတွေ၊ ကွန်ပျူတာတွေကိုပါ ချိတ်ဆက်ပြသနိုင်ခဲ့တာကြောင့် ဂြိုဟ်တုကနေ ကိရိယာတော်တော်များများကို တစ်ပြိုင်နက်တည်းထိန်းချုပ်နိုင်တာကိုလည်းတွေ့ရပါတယ်။ အခုစမ်းသပ်ချက်အရ ဒီစက်ရုပ်ဟာ ခက်ခဲတဲ့ပတ်ဝန်းကျင်မှာပါ တာဝန်ထမ်းဆောင်နိုင်မှာပါ။

**Ref: IE**

**ကိုထက်**

# ကာဗွန်ထုတ်လွှတ်မှုမှတစ်ဆင့် လေယာဉ်ဆီကို တစ်ဆင့်တည်းဖြင့်ထုတ်လုပ်နိုင်


စက်ရုံတွေကထွက်လာတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေကို လေယာဉ်ဆီထုတ်လုပ်နိုင်တဲ့ ဓာတုပစ္စည်းတွေအဖြစ် တစ်ဆင့်တည်းနဲ့ ပြောင်းလဲပေးနိုင်မယ့် နည်းပညာအသစ်တစ်ခုကို ဩစတြေးလျနိုင်ငံ RMIT တက္ကသိုလ်မှ သိပ္ပံပညာရှင်တွေက ရှာဖွေဖော်ထုတ်လိုက်ပါတယ်။

ဒီနည်းပညာဟာ အရင်က အဆင့်ဆင့်လုပ်ဆောင်ခဲ့ရတဲ့ ကာဗွန်ဖယ်ရှားမှုဖြစ်စဉ်နဲ့ ပြောင်းလဲမှုဖြစ်စဉ်တွေကို တစ်ခုတည်းအဖြစ် ပေါင်းစည်းလိုက်တာဖြစ်ပါတယ်။ အရင်နည်းလမ်းတွေဟာ စွမ်းအင်သုံးစွဲမှုများပြားပြီး ကုန်ကျစရိတ်လည်း မြင့်မားခဲ့ပေမယ့်အခုနည်းပညာကတော့ လုပ်ငန်းစဉ်ကို ရိုးရှင်းသွားစေပြီး စွမ်းအင်လေလွင့်မှုကိုလည်း လျှော့ချပေးနိုင်တယ်လို့ သိပ္ပံပညာရှင်တွေကဆိုပါတယ်။ ဒီစနစ်ကတစ်ဆင့် စက်ရုံတွေကထွက်တဲ့ အညစ်အကြေးဓာတ်ငွေ့တွေကို လေယာဉ်လောင်စာဆီသာမက တခြားဓာတုပစ္စည်းတွေ ထုတ်လုပ်ရာမှာ အသုံးပြုမယ့် အခြေခံပစ္စည်းတွေအဖြစ် ပြောင်းလဲပေးတာပါ။

သုတေသနအဖွဲ့ဟာ ၃ ကီလိုဝပ်ရှိတဲ့ ရွှေ့ပြောင်းပုံစံစက်ပစ္စည်းကို တည်ဆောက်ပြီး စမ်းသပ်မှုတွေ အောင်မြင်ထားပါတယ်။ နောက်တစ်ဆင့်မှာ စက်မှုလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး ၂၀ ကီလိုဝပ်ရှိတဲ့ စနစ်ကို စမ်းသပ်သွားဖို့ရှိနေပါတယ်။ ဒီနည်းပညာဟာ လေကြောင်းကဏ္ဍမှာ ကာဗွန်ထုတ်လွှတ်မှုလျှော့ချဖို့ အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်လာမှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**



# နေရောင်ခြည်စွမ်းအင်သုံးပြီး Ariya လျှပ်စစ်ကားရဲ့ မောင်းနှင်နိုင်မှုအကွာအဝေးကိုမြှင့်တင်




ဂျပန်ကားကုမ္ပဏီဖြစ်တဲ့ Nissan ဟာ သူတို့ရဲ့ Ariya လျှပ်စစ်ကားမှာ နေရောင်ခြည်စွမ်းအင်သုံး အမိုးပြားတွေတပ်ဆင်ပြီး ကားမောင်းနှင်နိုင်တဲ့ အကွာအဝေးကို ပိုမိုဝေးလံအောင် မြှင့်တင်ပေးနိုင်ဖို့ ပြင်ဆင်နေပါတယ်။ အခုနည်းပညာက ကားရဲ့အမိုးမှာ ဆိုလာပြားတပ်ဆင်ထားတာဖြစ်ပြီး နေရောင်ခြည်ကနေရရှိလာတဲ့ စွမ်းအင်ကို ကားဘက်ထရီအားသွင်းဖို့ ဒါမှမဟုတ် ကားအတွင်းက လျှပ်စစ်စနစ်တွေအတွက် အသုံးပြုမှာဖြစ်ပါတယ်။

နစ်ဆန်းရဲ့အဆိုအရ ဒီလို နေရောင်ခြည်စွမ်းအင်အသုံးပြုခြင်းအားဖြင့် တစ်နှစ်ကို ပျမ်းမျှ ကီလိုမီတာရာဂဏန်းကနေ ထောင်ဂဏန်းအထိ အပိုဆောင်း မောင်းနှင်နိုင်စေမယ်လို့သိရပါတယ်။ ဒါဟာအားသွင်းရုံတွေမရှိတဲ့နေရာမှာ လျှပ်စစ်ကားမောင်းနှင်ရတဲ့အခက်အခဲကို အတိုင်းအတာတစ်ခုအထိ ဖြေရှင်းပေးနိုင်မှာပါ။

လက်ရှိမှာ နစ်ဆန်းကုမ္ပဏီကဒီစနစ်ကို စမ်းသပ်ဖို့အတွက် ရွှေ့ပြောင်းပုံစံကားတွေကို ထုတ်လုပ်ပြီး လက်တွေ့စမ်းသပ်မှုတွေ လုပ်ဆောင်နေပါတယ်။ အရင်ကထွက်ရှိခဲ့တဲ့ Nissan Leaf မော်ဒယ်မှာလည်း ဆိုလာပြားလေးတွေသုံးခဲ့ဖူးပေမယ့်အခု Ariya မှာတော့ ပိုမိုထိရောက်တဲ့နည်းပညာနဲ့ ကြီးမားတဲ့ဆိုလာပြားကိုအသုံးပြုသွားမှာဖြစ်တယ်လို့သိရပါတယ်။

**Ref: AE**

**ကိုထက်**

# တရုတ်၏ မျိုးဆက်သစ်ကိုယ်ပျောက်ဗုံးကြဲလေယာဉ် ကိုယ်ပျောက်စနစ်မပျက်ဘဲ ၆၂ ရာခိုင်နှုန်းအထိ ပိုမိုမြန်ဆန်လာနိုင်




သိပ္ပံပညာရှင်များရှာဖွေတွေ့ရှိလိုက်တဲ့ နည်းပညာတစ်ရပ်ကြောင့် တရုတ်နိုင်ငံရဲ့ မျိုးဆက်သစ်ကိုယ်ပျောက်ဗုံးကြဲလေယာဉ်တွေဟာ ရေဒါမှာထောက်လှမ်းရခက်တဲ့ သူတို့ရဲ့ကိုယ်ပျောက်စွမ်းရည်စနစ်မပျက်ဘဲ အမြန်နှုန်း ၆၂ ရာခိုင်နှုန်း ပိုမြန်လာနိုင်တော့မှာဖြစ်ပါတယ်။

တရုတ်လေကြောင်းအာကာသသိပ္ပံနဲ့နည်းပညာတက္ကသိုလ်မှ သုတေသနအဖွဲ့ဟာ လေယာဉ်ရဲ့ မျက်နှာပြင်ဒီဇိုင်းနဲ့ လေခွင်းအားဆိုင်ရာပစ္စည်းတွေကို အဆင့်မြှင့်တင်ပြီး ဒီလိုစွမ်းဆောင်ရည်မျိုး ရလာအောင် လုပ်ဆောင်နိုင်ခဲ့တာပါ။ အရင်ကတော့ လေယာဉ်တွေအရှိန်မြှင့်လိုက်ရင် လေထုနဲ့ပွတ်တိုက်ပြီး ထွက်လာတဲ့ အပူကြောင့် ကိုယ်ပျောက်စနစ်ကို ထိခိုက်စေနိုင်ပေမယ့်အခုနည်းပညာအသစ်က ဒီပြဿနာကိုဖြေရှင်းပေးနိုင်ခဲ့တာဖြစ်ပါတယ်။

သုတေသနအဖွဲ့ဟာ လေလှိုင်းစမ်းသပ်ခန်းထဲမှာ တွက်ချက်မှုတွေနဲ့ ရွှေ့ပြောင်းပုံစံစမ်းသပ်မှုတွေလုပ်ခဲ့ရာမှာ လေယာဉ်ဟာ အသံထက်မြန်တဲ့နှုန်းနဲ့ ပျံသန်းနေသည့်တိုင် ရေဒါမှာမပေါ်သလောက်ဖြစ်အောင် လုပ်နိုင်တာကို ပညာရှင်များကတွေ့ရှိလိုက်တာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# အမေရိကန်လေတပ်ရဲ့ Doomsday လေယာဉ်များက ဝေဟင်နျူကလီးယားကွပ်ကဲမှုဗဟိုဌာနအဖြစ် တာဝန်ယူနိုင်ခြေရှိ




အမေရိကန်လေတပ်က အသစ်ထုတ်လုပ်မယ့် E-4C "Doomsday" လေယာဉ်တွေဟာ နျူကလီးယားစစ်ပွဲလို အရေးပေါ်အခြေအနေမျိုးမှာ ဝေဟင်အထက်ကနေ နျူကလီးယားလက်နက်တွေကို တိုက်ရိုက်ထိန်းချုပ်ကွပ်ကဲမယ့် ဗဟိုဌာနအဖြစ် တာဝန်ယူနိုင်ခြေရှိတယ်လို့ သိရပါတယ်။

အခု E-4C လေယာဉ်အသစ်တွေကို Sierra Nevada Corp(SNC) ကုမ္ပဏီက အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံတန်ဖိုးရှိ စီမံကိန်းနဲ့ တည်ဆောက်နေတာဖြစ်ပြီး လက်ရှိအသုံးပြုနေတဲ့ E-4B Nightwatch လေယာဉ်ဟောင်းတွေနေရာမှာ အစားထိုးသွားမှာပါ။

ဒီလေယာဉ်တွေဟာ မြေပြင်ကကွပ်ကဲမှုစင်တာတွေ ပျက်စီးသွားရင်တောင် နိုင်ငံတော်သမ္မတနဲ့ ကာကွယ်ရေးဝန်ကြီးတို့ကနေတစ်ဆင့် တပ်ဖွဲ့တွေကိုအမိန့်ပေးနိုင်အောင်စီစဉ်ထားတာဖြစ်ပါတယ်။

အထူးခြားဆုံးကတော့ အမေရိကန်ရေတပ်က အသုံးပြုနေတဲ့ E-6B လေယာဉ်တွေဟာ မကြာခင်အနားယူတော့မှာဖြစ်လို့ သူတို့လုပ်ဆောင်နေရတဲ့ နျူကလီးယားတိုက်ချင်းပစ်ဒုံးကျည်တွေကို လွှတ်တင်ဖို့အမိန့်ပေးရတဲ့တာဝန်ကိုပါ ဒီလေယာဉ်အသစ်တွေက လွှဲပြောင်းယူရဖွယ်ရှိနေတာပါ။ အရင် E-4B တွေမှာတော့ ဒီလိုစနစ် မပါဝင်ခဲ့ပါဘူး။

**Ref: IE**

**ကိုထက်**

# ဘန်ကောက်၌ လေထု ညစ်ညမ်းမှုမြင့်တက်နေ ဒေသခံများအနေဖြင့် နေအိမ်မှသာ အလုပ်လုပ်ရန်တိုက်တွန်း

**ဘန်ကောက်၊ ရာသီဥတု**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ လေထု ညစ်ညမ်းမှုအဆင့်မှာ အန္တရာယ်ရှိသည့် အခြေအနေသို့ မြင့်တက်လာသောကြောင့် ပြည်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အနေဖြင့် နေအိမ်မှသာအလုပ်လုပ်ကြရန် ဘန်ကောက်မြို့တော်ဝန်က ဇန်နဝါရီလ ၂၈ ရက်တွင် တိုက်တွန်းသည်။

ဘန်ကောက်မြို့အုပ်ချုပ်ရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ အနည်းဆုံးခရိုင် ၃၅ ခု တွင် PM2.5 ဖုန်မှုန့်ညစ်ညမ်းမှုသည် ကျန်းမာရေးကို ဆိုးဝါးစွာထိခိုက်စေနိုင်သည့် "လိမ္မော်ရောင်"အဆင့်သို့ ရောက်နိုင်သည်ဟုခန့်မှန်းထားသဖြင့် ဇန်နဝါရီလ ၂၉ ရက်မှ ၃၀ ရက်အထိ နေအိမ်မှသာအလုပ်လုပ်ရန်မေတ္တာရပ်ခံထားခြင်းဖြစ်သည်။

အိမ်နီးချင်းပြည်နယ်များတွင် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို မီးရှို့ခြင်းနှင့် ရာသီဥတုအခြေအနေတို့ကြောင့် လေထုညစ်ညမ်းမှုမှာ သာမန်ထက်ပိုမိုဆိုးရွားလာခြင်းဖြစ်ကြောင်း မြို့တော်ဝန်ကပြောထားသည်ဟုသိရသည်။

**Ref: Xinhua**

# အီရန်အနေဖြင့် နျူကလီးယားသဘောတူညီချက်မပြုလုပ်လျှင် နောက်ထပ်တိုက်ခိုက်မှုက ပိုမိုပြင်းထန်မည်ဟု ထရမ့်သတိပေး



**ဝါရှင်တန်၊ စစ်ရေး**

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားသဘောတူညီချက်တစ်ရပ်ကို အမြန်ဆုံးပြုလုပ်ရန်နှင့် သို့မဟုတ်ပါကနောက်ထပ်ပြုလုပ်မည့် တိုက်ခိုက်မှုသည် ယခင်ထက်များစွာပိုမိုပြင်းထန်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇန်နဝါရီလ ၂၈ ရက်တွင် သတိပေးသည်။

အီရန်နိုင်ငံသည် နျူကလီးယားကင်းစင်ရေးအတွက် မျှတသောသဘောတူညီချက်ရရှိစေရန် ဆွေးနွေးပွဲစားပွဲဝိုင်းသို့ အမြန်ဆုံးလာရောက်ရေး ထရမ့်က လူမှုကွန်ရက်မှတစ်ဆင့် တိုက်တွန်းထားသည်။

ထို့ပြင်အချိန်အကန့်အသတ်ရှိကြောင်းနှင့် အကယ်၍ သဘောတူညီမှုမရရှိပါက နောက်ထပ်ဖြစ်လာမည့် တိုက်ခိုက်မှုသည် ပြီးခဲ့သည့် ဇွန်လအတွင်းကပြုလုပ်ခဲ့သော Operation Midnight Hammer စစ်ဆင်ရေးထက် များစွာဆိုးရွားပြင်းထန်မည်ဖြစ်ကြောင်း ၎င်းကလူမှုကွန်ရက်၌ ပြောခြင်းဖြစ်သည်။

လက်ရှိတွင် အမေရိကန်၏ကြီးမားသောစစ်ရေယာဉ်အုပ်အာမဒါသည် အီရန်နိုင်ငံဘက်သို့ဦးတည်ခုတ်မောင်းနေပြီး အဆိုပါစစ်ရေယာဉ်အုပ်တွင် USS Abraham Lincoln လေယာဉ်တင်သင်္ဘောလည်း ပါဝင်သည်။

ထိုစစ်ရေယာဉ်အုပ်သည် ဗင်နီဇွဲလားနိုင်ငံသို့စေလွှတ်ခဲ့သည့်အဖွဲ့ထက်ပင် ပိုမိုအင်အားတောင့်တင်းပြီး လိုအပ်ပါက လျင်လျင်မြန်မြန်နှင့် အင်အားအပြည့်တာဝန်ထမ်းဆောင်ရန်အသင့်ရှိကြောင်း ထရမ့်က ပြောထားသည်။ သို့သော် အီရန်နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်၏ခြိမ်းခြောက်မှုအောက်တွင် မည်သည့်ဆွေးနွေးမှုမျှလုပ်မည်မဟုတ်ကြောင်း တုံ့ပြန်ထားသည်ဟု သိရသည်။

**Ref: ST**

# ဖိလစ်ပိုင်တောင်ပိုင်းတွင် ဒုတိယကမ္ဘာစစ်လက်ကျန် မပေါက်ကွဲသေးသည့် ဗုံး ၂၃ လုံး ရှာဖွေတွေ့ရှိ

**မနီလာ၊ လုံခြုံရေး**

ဖိလစ်ပိုင်နိုင်ငံရှိ ဒါဗာအိုစီးတီး၌ ဒုတိယကမ္ဘာစစ်လက်ကျန် မပေါက်ကွဲသေးသောဗုံး ၂၃ လုံးကို ရှာဖွေတွေ့ရှိကြောင်း ဖိလစ်ပိုင်တပ်မတော်က ဇန်နဝါရီလ ၂၈ ရက်တွင် ထုတ်ပြန်သည်။

ဖောက်ခွဲရေးပစ္စည်းရှင်းလင်းရေးတပ်ဖွဲ့မှနည်းပညာစစ်ဆေးရေးအဖွဲ့၏ အဆိုအရ ထိုဗုံးများသည် အလေးချိန် ၃၂ ကီလိုဂရမ်ရှိသော Type 99၊ No. 3 နှင့် Mark 3 အမျိုးအစားဗုံးများဖြစ်ကြောင်း သိရသည်။ ထိုဗုံးများသည် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်က အသုံးပြုခဲ့သော ဗုံးအမျိုးအစားများဖြစ်ကြောင်း ၎င်းအဖွဲ့၏အစီရင်ခံစာတွင်ဖော်ပြထားသည်။

တွေ့ရှိရသောဗုံးများသည် ဟောင်းနွမ်းနေပြီး သံချေးတက်နေသော်လည်း အနီးရှိဒေသခံများနှင့် ပတ်ဝန်းကျင်အပေါ်ကြီးမားသောဘေးအန္တရာယ်ပေးနိုင်ဆဲဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။ ထို့ကြောင့် ဗုံးများပေါက်ကွဲမှုမဖြစ်စေရန် တင်းကျပ်သောလုံခြုံရေးစည်းမျဉ်းများဖြင့် ဆောင်ရွက်ကြောင်း သိရသည်။

**Ref: Xinhua**

# အမေဇုန်ကုမ္ပဏီက ကမ္ဘာတစ်ဝန်းရှိ ဝန်ထမ်း ၁၆၀၀၀ ကျော်ကို ထပ်မံလျှော့ချ

**ဆီယက်တဲ၊ စီးပွားရေး**

ကမ္ဘာ့ကျော် အွန်လိုင်းအရောင်းကုမ္ပဏီဖြစ်သည့် အမေဇုန်သည် ကမ္ဘာတစ်ဝန်းရှိ ၎င်းတို့၏ ဝန်ထမ်းအင်အား ၁၆၀၀၀ ကို ထပ်မံလျှော့ချလိုက်ကြောင်း ဇန်နဝါရီလ ၂၈ ရက်တွင် အတည်ပြုပြောသည်။

ယခုလုပ်ဆောင်ချက်သည် ပြီးခဲ့သည့် အောက်တိုဘာလကတည်းက စတင်သည့် ဝန်ထမ်းအင်အား ၃၀၀၀၀ လျှော့ချရေး အစီအစဉ်ကို အပြီးသတ်လုပ်ဆောင်ခြင်းဖြစ်ပြီး လိုအပ်ပါက နောက်ထပ်လျှော့ချမှုများရှိလာနိုင်ကြောင်း ကုမ္ပဏီကဆိုသည်။ အမေဇုန်ရှိစုစုပေါင်းဝန်ထမ်း ၁ ဒသမ ၅၈ သန်းနှင့်နှိုင်းယှဉ်ပါက ယခုလျှော့ချသည့် အရေအတွက်သည် နည်းပါးသော်လည်း ကော်ပိုရိတ်ဝန်ထမ်းအင်အားစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းခန့်ရှိသည်။ ယခုကဲ့သို့ဝန်ထမ်းလျှော့ချခြင်းမှာ ကုမ္ပဏီအတွင်း အဆင့်ဆင့်သော စီမံခန့်ခွဲမှုများကိုလျှော့ချရန်၊ တာဝန်ယူမှုကိုမြှင့်တင်ရန်နှင့် လုပ်ငန်းခွင်အတွင်း ကြန့်ကြာမှုများကို ဖယ်ရှားရန်ဖြစ်ကြောင်းသိရသည်။

**Ref: AGC**

# ဗင်နီဇွဲလား၏အနာဂတ်ကိုပုံဖော်ရန် စီအိုင်အေက အခြေစိုက်စခန်းတစ်ခုတည်ဆောက်နေ




**နယူးယောက်၊ နိုင်ငံရေး**

အမေရိကန်၏ ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ) သည် ဗင်နီဇွဲလား၌ မာဒူရိုအလွန် အနာဂတ်ကိုပုံဖော်ရန် ယင်းနိုင်ငံအတွင်း အမြဲတမ်းအခြေစိုက်စခန်းတစ်ခုကို တိတ်တဆိတ်တည်ဆောက်နေကြောင်းသတင်းဌာနကြီးတစ်ခုက ဇန်နဝါရီလ ၂၇ ရက်တွင် ဖော်ပြထားသည်။

အမေရိကန်အစိုးရအနေဖြင့် ကရာကပ်မြို့၌ တရားဝင်သံရုံးဖွင့်လှစ်ရန် စီစဉ်နေသော်လည်း စီအိုင်အေနှင့်ဆက်စပ်သည့်ရုံးတစ်ခုတည်ထောင်ရန်မှာ ဦးစားပေးဖြစ်ကြောင်း အမည်မဖော်လိုသူ သတင်းအရင်းအမြစ်တစ်ခုကပြောသည်။

စီအိုင်အေအေးဂျင့်များသည် ထိုအခြေစိုက်စခန်းမှတစ်ဆင့် လက်ရှိဗင်နီဇွဲလားအစိုးရနှင့် အတိုက်အခံများအကြား ဆက်သွယ်ရေးလမ်းကြောင်းများကို ဖော်ဆောင်သွားမည်ဖြစ်ပြီး ခြိမ်းခြောက်မှုဖြစ်လာနိုင်သည့် တတိယအဖွဲ့အစည်းများကိုလည်း ပစ်မှတ်ထားသွားမည်ဖြစ်ကြောင်း သတင်းအရင်းအမြစ်ကပြောသည်။

ဗင်နီဇွဲလား၌ စီအိုင်အေ၏လုပ်ဆောင်ချက်များသည် ၂၀၁၄ ခုနှစ်နောက်ပိုင်း ယူကရိန်းနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့်ပုံစံအတိုင်းဖြစ်သည်။ ယူကရိန်းတွင် သမ္မတဗစ်တာယာနူကိုဗစ် ရာထူးမှဖယ်ရှားခံရပြီးနောက် စီအိုင်အေသည် ယူကရိန်း၏ ရဲဘက်ထောက်လှမ်းရေးဌာန၊ စစ်ဘက်ထောက်လှမ်းရေးဌာနတို့ကို အုပ်ချုပ်မှုယူခဲ့ကြောင်း သိရသည်။

**Ref: RT**

# အိန္ဒိယ၌ လေယာဉ်တစ်စင်းပျက်ကျ ပြည်နယ်ဒုတိယဝန်ကြီးချုပ်အပါ လူငါးဦးသေဆုံး

**နယူးဒေလီ၊ မတော်တဆမှု**

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရက်ထရာပြည်နယ်၌ ဇန်နဝါရီလ ၂၈ ရက်တွင် လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ ပြည်နယ်ဒုတိယဝန်ကြီးချုပ် အာဂျစ်ပါဝါ အပါအဝင် လူငါးဦးသေဆုံးသွားကြောင်း တာဝန်ရှိသူများက အတည်ပြုပြောသည်။

အဆိုပါ လေယာဉ်ငယ်သည် မဟာရက်ထရာပြည်နယ်၏ မြို့တော်မွမ်ဘိုင်းမြို့မှ ၂၅၉ ကီလိုမီတာခန့်အကွာရှိ ပူနေးခရိုင် ဘာရာမတီလေဆိပ်သို့ ဆင်းသက်ရန်ကြိုးပမ်းစဉ် ပျက်ကျခြင်းဖြစ်သည်။ သေဆုံးသူများတွင် ဒုတိယဝန်ကြီးချုပ်နှင့်အတူ လေယာဉ်မှူးနှစ်ဦး၊ လုံခြုံရေးအရာရှိတစ်ဦးနှင့် အကူတစ်ဦးတို့ပါဝင်ပြီး လေယာဉ်ပေါ်လိုက်ပါသူအားလုံး သေဆုံးခြင်းဖြစ်သည်ဟုအိန္ဒိယမြို့ပြလေကြောင်းညွှန်ကြားမှုဦးစီးဌာနကထုတ်ပြန်ထားသည်။

VSR Aviation မှ ပိုင်ဆိုင်သည့် Learjet 45 အမျိုးအစားလေယာဉ်သည် မြေပြင်သို့ ဆင်းသက်ရန်ပြင်ဆင်စဉ် ထိန်းချုပ်မှုလွတ်ကာပျက်ကျပြီးနောက် ချက်ချင်းမီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ အသက် ၆၆ နှစ်ရှိ ဒုတိယဝန်ကြီးချုပ် အာဂျစ်ပါဝါသည် ရွေးကောက်ပွဲဆွယ်စည်းရုံးရေးခရီးစဉ်အဖြစ် ပူနေးသို့သွားစဉ် ယခုကဲ့သို့မတော်တဆမှုဖြစ်ပွားခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျရာနေရာတွင် ကယ်ဆယ်ရေးအဖွဲ့ဝင်များ ရောက်ရှိနေကြောင်းသိရသည်။

**Ref: Xinhua**



# နီပါးရ်ဗိုင်းရပ်စ်အကြောင်း သိကောင်းစရာ

ဒေါက်တာသန်းနိုင်စိုး



**ရောဂါပိုးစတင်တွေ့ရှိပုံနှင့်တွေ့ရှိရာဒေသများ**

နီပါးရ်ဗိုင်းရပ်စ်ကို ၁၉၉၉ ခုနှစ်က မလေးရှားနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းရှိ နက်ဂရီဆင်းဘီလန်ပြည်နယ် ပို့ဒစ်ဆင်ခရိုင် ဆွန်ဂိုင်းနီပါးရ်ရွာ၌ ကပ်ရောဂါအသွင်ဖြစ်ပွားခဲ့စဉ်က စတင်တွေ့ရှိခဲ့ပြီး အဆိုပါရွာကို အစွဲပြု၍ နီပါးရ်ဗိုင်းရပ်စ်ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ နီပါးရ်ဗိုင်းရပ်စ်သည် ကိုဗစ်-၁၉ ရောဂါကဲ့သို့ အသစ်ပေါ်ပေါက်လာသည့် ဗိုင်းရပ်စ်မဟုတ်ကြောင်း ဦးစွာတင်ပြလိုပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဤရောဂါကို ၂၀၀၁ ခုနှစ်က စတင်တွေ့ရှိခဲ့ရာမှ နှစ်စဉ်နီးပါးရောဂါဖြစ်ပွားမှုများရှိခဲ့ပြီး အိန္ဒိယနိုင်ငံအရှေ့ပိုင်းဒေသများတွင်လည်း ရောဂါဖြစ်ပွားမှုများရှိကြောင်း သိရသည်။ သို့ရာတွင် အဆိုပါရောဂါဖြစ်ပွားသည့် နေရာဒေသများမှ တခြားဒေသများနှင့် နိုင်ငံတကာသို့ ရောဂါပျံ့နှံ့ခဲ့ခြင်းမရှိကြောင်း သိရသည်။

နီပါးရ်ဗိုင်းရပ်စ်၏ မူလလက်ခံကောင်ဖြစ်သော လင်းနို့မျိုးစိတ်နှင့် တခြားလင်းနို့မျိုးစိတ်များတွင် ဗိုင်းရပ်စ်ပိုးရှိကြောင်း အထောက်အထားများကို ဒေသတွင်းနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့၌ တွေ့ရှိထားသည်။

မြန်မာနိုင်ငံ၌ ယနေ့အထိ နီပါးရ်ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုများကို တွေ့ရှိရခြင်းမရှိသေးသော်လည်း မူလလက်ခံကောင် လင်းနို့မျိုးစိတ်ဖြစ်သည့် သစ်သီးစားလင်းနို့၊ လင်းဆွဲများပေါများစွာတည်ရှိရာ ဒေသဖြစ်ပြီး ကူးစက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိသည့် ဒေသတွင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်အတွက် နီပါးရ်ဗိုင်းရပ်စ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အထူးအလေးပေးဆောင်ရွက်လျက်ရှိသည်။

**ရောဂါကူးစက်ပုံ**

နီပါးရ်ဗိုင်းရပ်စ်သည် နီးကပ်စွာနေထိုင်၍ တိုက်ရိုက်ထိတွေ့ခြင်းမှတစ်ဆင့်သာ အဓိကကူးစက်ခြင်းဖြစ်၍ ကိုဗစ်-၁၉ ရောဂါကဲ့သို့ အလွန်ကူးစက်မြန်ခြင်းမရှိကြောင်းသိရသည်။ ရောဂါကူးစက်မှုပုံစံများအနေဖြင့် -

(က) တိရစ္ဆာန်မှ လူသို့ကူးစက်ခြင်း - နီပါးရ်ဗိုင်းရပ်စ်ရှိသော ဝက်များ သို့မဟုတ် လင်းနို့များ၏ ထွက်ရည်များ (တံတွေး၊ ဆီး) နှင့် တိုက်ရိုက်ထိတွေ့ခြင်း၊

(ခ) အစားအသောက်မှတစ်ဆင့် ကူးစက်ခြင်း - လင်းနို့များကိုက်ထားသော သစ်သီးများ၊ လင်းနို့တံတွေး သို့မဟုတ် ဆီးများပေကျံနေသော သစ်သီးများ၊ ထန်းရည်၊ ဓနိရည်များကို စားသောက်မိခြင်း၊

(ဂ) လူအချင်းချင်းကူးစက်ခြင်း - လူနာထံမှ ထွက်သည့်အရည်များနှင့် တိုက်ရိုက်ထိတွေ့ခြင်း၊ လူနာနှင့်နီးကပ်စွာထိတွေ့ရသည့် လူနာပြုစုသူများနှင့် ကျန်းမာရေးဝန်ထမ်းများကို ကူးစက်စေခြင်းတို့ဖြစ်သည်။

**ရောဂါလက္ခဏာများ**

နီပါးရ်ဗိုင်းရပ်စ်သည် ခန္ဓာကိုယ်ထဲသို့ရောက်ရှိပြီး ပျမ်းမျှရောဂါပျိုးရက် လေးရက်မှ ၁၄ ရက်အတွင်း ရောဂါလက္ခဏာ စတင်ပြတတ်ပြီး တချို့တွင် ရောဂါပျိုးရက်သည် ၄၅ ရက်အထိ ကြာမြင့်နိုင်သည်။ ရောဂါလက္ခဏာများအနေဖြင့် ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ အန်ခြင်းနှင့် လည်ချောင်းနာခြင်းတို့ကိုခံစားရပြီး ရောဂါပြင်းထန်ပါက စိတ်ရှုပ်ထွေးခြင်း၊ မိုန်းခြင်း၊ တက်ခြင်း အစရှိသော ဦးနှောက်ရောင်ရမ်းခြင်းလက္ခဏာများ ခံစားရပြီး ၂၄ နာရီမှ ၄၈ နာရီအတွင်း သတိလစ်မေ့မြောခြင်းတို့ဖြစ်ပွားနိုင်သည်။ တချို့လူနာများတွင် ပြင်းထန်သောအဆုတ်ရောင်ရောဂါနှင့် အသက်ရှူရခက်ခဲခြင်းများ တွေ့ကြုံရတတ်သည်။ ရောဂါကြောင့် သေဆုံးမှုနှုန်းမှာ အလွန်မြင့်မားပြီး ကူးစက်သည့် ဗိုင်းရပ်စ်အမျိုးအစားနှင့် စောစီးစွာဆေးကုသရရှိမှုပေါ်မူတည်၍ သေဆုံးမှုနှုန်း ၄၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအထိ ရှိနိုင်သည်။

**လတ်တလောရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ်**

၂၀၂၅ ခုနှစ်အတွင်း အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၌ ရောဂါကူးစက်ဖြစ်ပွားမှုများရှိခဲ့သော်လည်း ရောဂါစတင်ဖြစ်ပွားသည့်နေရာဒေသများမှ အဆိုပါနိုင်ငံများ၏ နိုင်ငံတွင်း တခြားဒေသများနှင့် နိုင်ငံတကာသို့ ရောဂါပျံ့နှံ့ခြင်းမရှိကြောင်း သိရသည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလနှောင်းပိုင်းတွင် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ဘာရာဆတ်မြို့၌ ကူးစက်မှုအသစ်များ တွေ့ရှိခဲ့ရာ ဆရာဝန်များနှင့် သူနာပြုများအပါအဝင် အနည်းဆုံးငါးဦးခန့်တွင် ရောဂါပိုးကူးစက်ခံရကြောင်း အတည်ပြုနိုင်ခဲ့သည်။ လက်ရှိအခြေအနေတွင် အနီးကပ်ထိတွေ့ခဲ့သူလူပေါင်း ၁၀၀ မှ ၁၉၀ ခန့်ကို သီးသန့်ခွဲခြားစောင့်ကြည့် (Quarantine) ထားရှိကာ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ လက်ရှိဖြစ်ပွားသည့်ဖြစ်စဉ်တွင်လည်း ယနေ့အချိန်ထိ အိန္ဒိယနိုင်ငံ၏တခြားဒေသများနှင့် တခြားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိသေးကြောင်း သိရသည်။

> **"နီပါးရ်ဗိုင်းရပ်စ်သည် ခန္ဓာကိုယ်ထဲသို့ရောက်ရှိပြီး ပျမ်းမျှရောဂါပျိုးရက် လေးရက်မှ ၁၄ ရက်အတွင်း ရောဂါလက္ခဏာ စတင်ပြတတ်ပြီး တချို့တွင် ရောဂါပျိုးရက်သည် ၄၅ ရက်အထိ ကြာမြင့်နိုင်သည်။ ရောဂါလက္ခဏာများအနေဖြင့် ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ အန်ခြင်းနှင့် လည်ချောင်းနာခြင်းတို့ကိုခံစားရပြီး ရောဂါပြင်းထန်ပါက စိတ်ရှုပ်ထွေးခြင်း၊ မိုန်းခြင်း၊ တက်ခြင်း အစရှိသော ဦးနှောက်ရောင်ရမ်းခြင်းလက္ခဏာများ ခံစားရပြီး ၂၄ နာရီမှ ၄၈ နာရီအတွင်း သတိလစ်မေ့မြောခြင်းတို့ ဖြစ်ပွားနိုင်သည် . . ."**

**ရောဂါကာကွယ်ရေးနည်းလမ်းများ**

နီပါးရ်ဗိုင်းရပ်စ်သည် တိရစ္ဆာန်မှလူသို့ကူးစက်သည့်ရောဂါဖြစ်ပြီး နီးကပ်စွာထိတွေ့ခြင်းမှတစ်ဆင့်သာ အဓိကကူးစက်ခြင်းဖြစ်သောကြောင့် သတိပြုဆောင်ရွက်ရမည့် ရောဂါကာကွယ်ရေးနည်းလမ်းများအနေဖြင့် -

- လင်းနို့၊ လင်းဆွဲများ၊ တောရိုင်းတိရစ္ဆာန်များနှင့် နေမကောင်းဖြစ်နေသော ဝက်များနှင့် တိုက်ရိုက်ထိတွေ့ခြင်းကို ရှောင်ကြဉ်ပါ။ မဖြစ်မနေကိုင်တွယ်ရပါက လက်အိတ်နှင့် နှာခေါင်းစည်းကို စနစ်တကျဝတ်ဆင်ပါ။ လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စနစ်တကျဆေးကြောပါ။
- လင်းနို့များကျက်စားရာ ဂူများ၊ သစ်ပင်များ သို့မဟုတ် လင်းနို့ချေးများ ရှိနိုင်သောနေရာများသို့ သွားရောက်ခြင်းကို ရှောင်ကြဉ်ပါ။
- လင်းနို့ကိုက်ထားသောလက္ခဏာရှိသည့် အသီးများကို လုံးဝမစားပါနှင့်၊ အသီးများကို မစားမီ သေချာစွာဆေးကြောပြီး အခွံနွှာ၍စားပါ။
- လင်းနို့တံတွေး သို့မဟုတ် ဆီးနှင့်ညစ်ညမ်းနိုင်ခြေရှိသော ထန်းရည်၊ ဓနိရည်များကို မသောက်မီ သေချာစွာကျိုချက်ပါ။
- ဝက်သားနှင့် တခြားအသားများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ပါ။
- သံသယလူနာနှင့် အနီးကပ်ထိတွေ့ရခြင်းမှ ရှောင်ကြဉ်ပါ။ လူနာကို မဖြစ်မနေပြုစုရပါက လက်အိတ်နှင့် နှာခေါင်းစည်းအပါအဝင် တစ်ကိုယ်ရေအကာအကွယ်သုံးဝတ်စုံ (PPE) ကို စနစ်တကျဝတ်ဆင်ပါ။ လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စနစ်တကျဆေးကြောပါ။
- လူနာ၏အဝတ်အစား၊ ပန်းကန်ခွက်ယောက်များနှင့် အသုံးအဆောင်များကို သီးသန့်ခွဲခြားထားပြီး ပိုးသတ်သန့်စင်ပါ။

အထူးသဖြင့် -

- နီပါးရ်ဗိုင်းရပ်စ်ရောဂါ လတ်တလောဖြစ်ပွားနေသည့်ဒေသများ (ဥပမာ - အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်- India, West Bengal State) သို့ မလိုအပ်ဘဲခရီးမသွားပါနှင့်။
- လတ်တလော ရောဂါဖြစ်ပွားရာဒေသများသို့ ရောက်ရှိနေသူများသည် ရောဂါဖြစ်ပွားရာဒေသများရှိ ဆေးရုံများ သို့မဟုတ် ဖျားနာသူများပြားသည့်နေရာများသို့ မလိုအပ်ဘဲ သွားရောက်ခြင်း မပြုပါနှင့်။
- လတ်တလော ရောဂါဖြစ်ပွားရာဒေသများသို့ ခရီးသွားခဲ့ပြီး မိမိနိုင်ငံသို့ ပြန်လာစဉ်တွင် သံသယရောဂါများဖြစ်သည့် ပြင်းထန်စွာဖျားခြင်းနှင့် ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူရခက်ခဲခြင်း၊ စိတ်ရှုပ်ထွေးခြင်း သို့မဟုတ် အိပ်ငိုက်ခြင်းတို့ခံစားရပါက လေဆိပ်ကျန်းမာရေးဌာန သို့မဟုတ် နယ်စပ်ဝင်၊ ထွက်ပေါက်များရှိ တာဝန်ကျကျန်းမာရေးဝန်ထမ်းများထံ မပျက်မကွက်သတင်းပို့ရပါမည်။
- အကယ်၍ ရောဂါဖြစ်ပွားရာဒေသမှ ပြန်လာပြီး ၁၄ ရက်အတွင်း အထက်ဖော်ပြပါ သံသယရောဂါလက္ခဏာများခံစားရပါက ချက်ချင်းနီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ်ရန်လိုအပ်ပြီး ရောဂါဖြစ်ပွားရာဒေသသို့ ခရီးသွားခဲ့သည့်ရာဇဝင်ရှိကြောင်းကို ဆရာဝန်အား သေချာစွာပြောပြ၍ လိုအပ်သည့်စမ်းသပ်စစ်ဆေးကုသမှုများကို အချိန်မီခံယူရပါမည်။
- မိသားစုတွင် ရောဂါဖြစ်ပွားရာနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသည့် သံသယဖြစ်ဖွယ်ရောဂါလက္ခဏာရှိသူများကို တွေ့ရှိပါကလည်းကောင်း၊ နေထိုင်ရာပတ်ဝန်းကျင်တွင် တိရစ္ဆာန်များ (ဝက်/လင်းနို့)တို့ ထူးထူးခြားခြား သေဆုံးနေသည်ကို တွေ့ရှိပါကလည်းကောင်း နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းအသိပေးအကြောင်းကြားရမည်ဖြစ်သည်။

**ရောဂါကာကွယ်ဆေး/ကုသဆေးရရှိမှုအခြေအနေ**

လက်ရှိအချိန်တွင် နိုင်ငံတကာ၌ နီပါးဗိုင်းရပ်စ်အတွက် သီးသန့်အတည်ပြုထားသော ကုသဆေး သို့မဟုတ် ကာကွယ်ဆေးမရှိသေးပါ။ တချို့သော ကာကွယ်ဆေးများသည် စမ်းသပ်ဆဲအဆင့်တွင်သာရှိနေသည်။ ဝက်များအတွက် ကာကွယ်ဆေးများ ထုတ်လုပ်ရန် ကြိုးစားနေကြသော်လည်း လက်တွေ့တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ခြင်းမရှိသေးပါ။

**ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ထားရှိမှု**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် မျောက်ကျောက်ရောဂါ စသည့် နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ ဖြစ်ပွားခဲ့ချိန်များမှ စတင်ဆောင်ရွက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာလေဆိပ်များအပါအဝင် နိုင်ငံဖြတ်ကျော်ဝင်၊ ထွက်ပေါက်များတွင် အဖျားရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ရပ်တန့်ခဲ့ခြင်းမရှိပါ။ ယခုအချိန်တွင် အဆိုပါလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် ရောဂါဖြစ်ပွားရာဒေသဖြစ်သည့် အိန္ဒိယနိုင်ငံ အထူးသဖြင့် အနောက်ဘင်္ဂလားပြည်နယ်မှ ပြန်လည်ဝင်ရောက်လာသူများမှတစ်ဆင့် နိုင်ငံတွင်းသို့ ရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရေး ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို အထူးအလေးထား၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများကြား အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက် (၂၀၀၅) နှင့်အညီ ကူးစက်ရောဂါဖြစ်ပွားမှုဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ခြင်းလုပ်ငန်းစဉ်အရ အိမ်နီးချင်းနိုင်ငံများနှင့်ဒေသတွင်းနိုင်ငံများ၌ နီပါးရ်ဗိုင်းရပ်စ်နှင့် တခြားကူးစက်ရောဂါများ ဖြစ်ပွားမှုအခြေအနေကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်။

**စာမျက်နှာ - ၂၅ သို့** ■■

■■ စာမျက်နှာ - ၂၄ မှအဆက်

မြန်မာနိုင်ငံ၌ နီပါးရိုဗိုင်းရပ်စ်အပါအဝင် ကူးစက်ရောဂါများကြောင့်ဖြစ်ပွားတတ်သော လတ်တလော ဦးနှောက်ရောင်ရောဂါလက္ခဏာစု စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများတွင် ပုံမှန်အားဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်ထိ နီပါးရိုဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားနိုင်ခြေရှိသည့် လက္ခဏာများဖြင့် ဆေးရုံတက်ရောက်မှုဖြစ်စဉ်များမရှိပါ။

သံသယလူနာများတွင် နီပါးရိုဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုရှိ၊ မရှိကို ဓာတ်ခွဲစစ်ဆေးသိရှိနိုင်ရန် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၌ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ ပြည်သူ့ဆေးရုံများရှိ ကူးစက်ရောဂါလူနာဆောင်များ၌ လိုအပ်သည့် ဆေးကုသမှုများဆောင်ရွက်ပေးနိုင်ရေးအတွက် နီပါးဗိုင်းရပ်စ်ကို တိုက်ရိုက်သတ်နိုင်သော ဆေးမပေါ်ပေါက်သေးသော်လည်း ဝေဒနာသက်သာစေရန် ရောဂါကုထုံးများဖြင့် ကုသပေးနိုင်ရေးအတွက် လိုအပ်သည့် ဆေးဝါး၊ ဆေးပစ္စည်းကိရိယာများနှင့် ပတ်သက်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ပြီးဖြစ်သည်။

ထို့ပြင် လူသားများ၏ကျန်းမာရေး၊ တိရစ္ဆာန်ကျန်းမာရေး၊ ပတ်ဝန်းကျင်ကျန်းမာရေးတို့ကို တစ်ခုတည်းသော ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုမူဘောင် (One Health Approach)အရ နီးနွယ်ဌာနဆိုင်ရာများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့နှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**ကျန်းမာရေးအသိ၊ ကျန်းမာရေး သတိရှိစွာဖြင့် ဆောင်ရွက်ရန်လိုအပ်**

မိဘပြည်သူများအနေဖြင့် မိမိတို့နိုင်ငံ၌ ယခင်က ကူးစက်ဖြစ်ပွားခဲ့ဖူးခြင်းမရှိသည့်အပြင် ယခုအချိန်တွင်လည်း ရောဂါကူးစက်ဖြစ်ပွားသူမရှိသည့် နီပါးရိုဗိုင်းရပ်စ်နှင့်စပ်လျဉ်း၍ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ပျံ့နှံ့နေသောကောလာဟလများနှင့် သတင်းအမှားများကို ယုံကြည်ခြင်းမပြုကြရန် လိုအပ်သည်။ အဆိုပါရောဂါနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမရှိဘဲ ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အသိပေးနှိုးဆော်ချက်များဖြင့် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသည့် သတင်းထုတ်ပြန်ချက်များကိုသာ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိစွာဖြင့်လိုက်နာကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

## မင်းဘူး(စကု)မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားကျင်းပ




မင်းဘူး ဇန်နဝါရီ ၂၈

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဇန်နဝါရီလ ၂၇ ရက်က မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် နန်းတော်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး မကွေးတိုင်းဒေသကြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်၊ မကွေးတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကျော်စိုးနိုင်နှင့် မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်တို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲမုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပွဲတော်အတွင်း ခင်းကျင်းပြသထားသော လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်း၊ ဌာနဆိုင်ရာပြခန်းများ၊ စာအုပ်အရောင်းဆိုင်များနှင့် အားကစားပြိုင်ပွဲများ၊ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်းခန်းမ၌ကျင်းပရာ နန်းတော်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူများက အလှဆုံးပန်းများပွင့်ကြပြီ တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ထည့်သွင်းကျင်းပသော အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာမူလတန်း(အထက်ဆင့်)ပုံပြောပြိုင်ပွဲ၊ အခြေခံပညာမူလတန်း(အောက်ဆင့်) ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် အဆိုပါပွဲတော်၌ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ထည့်သွင်းကျင်းပသော အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်းတွင် စာရေးဆရာမ မစန္ဒာရေးသားသော အရိပ်စာအုပ်အား ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။ ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို အခြေခံပညာအဆင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်းများအပြင် ဓာတ်ပုံပြခန်း၊ ဌာနဆိုင်ရာများ၏ အသိပညာပေးပြခန်းများဖြင့် ဇန်နဝါရီလ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## အိမ်မဲမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၁၄၃၀၀၀ ကျော် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

အိမ်မဲ ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၁၄၃၀၀၀ ကျော် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်၌ ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီက စပါးဧက ၁၄၃၀၁၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော စပါးများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းခဲ့သည့်စပါးတစ်ဧကလျှင် ၁၀၁ ဒသမ ၂၅ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ မိုးစပါးဧက ၁၄၃၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ မိုးစပါးတွေ ရာနှုန်းပြည့်ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ဒီနှစ် ဒေသမှာ ရာသီဥတုကောင်းမွန်တာကြောင့် မိုးစပါးတွေ အခက်အခဲမရှိ စိုက်ပျိုးရိတ်သိမ်းနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့မိုးစပါးတွေကို ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေကို စိုက်ခင်းထဲအရောက် သင်တန်းပေးခဲ့ပါတယ်။ မိုးစပါးတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ရှိသူတွေနဲ့တောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

အိမ်မဲမြို့နယ်၌ စိုက်ပျိုးခဲ့သည့် မိုးစပါးဧက ၁၄၃၀၁၀ တွင် ပေါ်ဆန်းမွှေး၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11၊ GW-1၊ ပခမ်း၊ ဧရာမင်း၊ မနောသုခ၊ ကျားပျံ၊ ဆင်းသုခ၊ နံ့ကား၊ မြီးတုံး စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့်မိုးစပါးများ အထွက်နှုန်းကောင်းမွန်စေရန်၊ အပျက်အစီးအလေအလွင့်မရှိစေရန်၊ စပါးအရည်အသွေး ကောင်းမွန်စေရန်နှင့် စနစ်တကျရိတ်သိမ်းနိုင်ရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သုတကျော်**




### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့်ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၁-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၂၅ | ၂၄၃၅ | ၂၄၀၅ | ၂၃၄၀ | ၂၄၄၅ | ၂၄၆၀ | ၂၄၇၅ | ၂၃၉၅ | ၄၅၀၅ | ၂၆၈၅ | ၂၄၁၀ | ၂၆၂၅ | ၂၄၈၅ | ၂၄၄၅ | ၂၄၇၀ | ၂၇၂၅ |
| 95 Ron | ၂၃၆၀ | ၂၄၇၅ | ၂၄၄၀ | ၂၃၇၅ | ၂၄၈၀ | ၂၄၉၅ | ၂၅၁၀ | ၂၄၃၀ | ၄၅၆၀ | ၂၇၂၅ | ၂၄၄၅ | ၂၆၆၅ | ၂၅၂၀ | ၂၄၈၅ | ၂၅၀၅ | ၂၇၆၀ |
| HSD (500 ppm) | ၂၂၈၅ | ၂၃၉၅ | ၂၃၆၀ | ၂၂၉၅ | ၂၄၀၀ | ၂၄၁၅ | ၂၄၃၅ | ၂၃၅၀ | - | ၂၆၄၅ | ၂၃၇၀ | ၂၉၂၅ | ၂၄၄၀ | ၂၄၀၅ | ၂၄၂၅ | ၂၆၈၅ |
| HSD (50 ppm) | ၂၅၉၅ | ၂၇၁၀ | ၂၆၇၅ | ၂၆၁၀ | ၂၇၀၅ | ၂၇၃၀ | ၂၇၅၀ | ၂၆၇၀ | ၄၈၃၀ | ၂၉၆၀ | ၂၆၈၅ | ၂၉၃၅ | ၂၇၅၅ | ၂၇၂၀ | ၂၇၄၅ | ၃၀၀၀ |
| HSD (10 ppm) | ၂၅၉၅ | ၂၇၁၀ | ၂၆၇၅ | ၂၆၁၀ | ၂၇၀၅ | ၂၇၃၀ | ၂၇၅၀ | ၂၆၇၀ | - | ၂၉၆၀ | ၂၆၈၅ | ၂၉၃၅ | ၂၇၅၅ | ၂၇၂၀ | ၂၇၄၅ | ၃၀၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၇၂ | ၂၂၄၉ |
| 95 Ron | ၂၂၀၇ | ၂၂၈၅ |
| HSD (500 ppm) | ၂၁၃၄ | ၂၂၀၆ |
| HSD (50 ppm) | ၂၄၃၈ | ၂၅၁၆ |
| HSD (10 ppm) | ၂၄၃၈ | ၂၅၁၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

ညဥ့်အမှောင်ထုက သိပ်သည်းလှသည်။

ထိုသိပ်သည်း နက်ရှိုင်းလှသော အမှောင်ထုကြီးသည် သူ့ကိုယ်ပေါ်ကို တဖြည်းဖြည်းဖိလာသလို ခံစားရရင်း စုလှိုင်သည် မွန်းမွန်းကျပ်ကျပ်ကြီးဖြစ်လာသည်။

သစ်သားခေါင်းထဲတွင် ငြိမ်သက်စွာလဲလျောင်းနေသော မာမီကြီး၏မျက်နှာသည် အမှောင်ထဲမှ ဝဲလှည့်ပြီးပေါ်လာသည်။ မပွင့်တပွင့်ဖြစ်နေသော မျက်လုံးအစုံနှင့် အထက်နှုတ်ခမ်းတိုတက်ကာ ဟနေသောပါးစပ်အတွင်းမှ ဖြူဖွေးသောသွားများကို မြင်ယောင်လာရင်း စုလှိုင်၏ဦးနှောက်တို့သည် အေးစက်ပြီး မူးမှိုင်းလာလေသည်။

'ဒီနေ့ မာမီကြီးသေတာခုနစ်ရက်ရှိပြီ၊ တချို့လူတွေရဲ့ အယူအဆအတိုင်းဆိုရင် သေတဲ့လူဟာ သေပြီးလို့ ခုနစ်ရက်နေမှ သူသေတာ သူသိတယ်တဲ့၊ မာမီကြီးလည်း ဒီနေ့မှ သူသေတာ သူသိတော့မယ်ထင်တယ်။ ဒီလိုသိပြီးတော့ သူဘယ်ကိုသွားမလဲ၊ သေခြင်းရဲ့ဟိုဘက်မှာ ဘာများရှိသလဲမသိဘူး။ နတ်ပြည်ဆိုတာ၊ ငရဲပြည်ဆိုတာ၊ တစ္ဆေသရဲဆိုတာတွေရော တကယ်ရှိသလား'

စုလှိုင်သည် သူ့မျက်စိထဲတွင် မြင်ယောင်နေသော အသုဘမျက်နှာကြီးကို အံကြိတ်၍ကြည့်ရင်း စဉ်းစားနေမိသည်။ စုလှိုင်ငယ်စဉ်က ပုံတိုပတ်စများ မကြားဖူး၊ နားမထောင်ခဲ့ဖူးချေ။ ငရဲခန်းခြောက်၍ ဘုံခန်းခြောက်တတ်သောပုံပြင်များကို မကြားဖူးခဲ့သောကြောင့် ငရဲပြည်၊ နတ်ပြည်ဆိုသည်ကိုလည်း အယုံအကြည်သိပ်မရှိပေ။

အမာညီနှင့်သက်သက်တို့က တစ္ဆေသရဲဆိုလျှင် အသံကြားရုံဖြင့်ကြက်သီးတဖြန်းဖြန်းထ၍ သိမ့်သိမ့်တုန်အောင် ကြောက်တတ်ကြသော်လည်း စုလှိုင်ကမူ ကြောက်စရာဟုပင် သဘောမထားခဲ့ချေ။ သို့သော် ယခုတော့ တစ်စုံတစ်ရာကို ကြောက်ရွံ့မုန်းတီးသလိုခံစားရပြီး ရင်ထဲတွင် စိမ့်အေးလိုက်မောလာလေသည်။

'တစ္ဆေသရဲဆိုတာ မရှိနိုင်ပါဘူး၊ အလကားစွဲလမ်းယုံကြည်နေတာတွေပါ'

စုလှိုင်သည် စိတ်ထဲမှ ဗလုံးဗထွေးပြောနေမိရင်း အိပ်ရာခေါင်းရင်းမှမီးကို လှမ်း၍ဖွင့်လိုက်သည်။

ဖြန်းခနဲလင်းသွားသော အလင်းရောင်ကြောင့် မျက်စိများပြာဝေသွားသော်လည်း အတန်ငယ်အသက်ရှူချောင်သွားသလိုခံစားရလေသည်။

ပန်းနုရောင်ဇာခန်းဆီးများသည် လေပြည်လေညင်းဝယ် ဝဲလွင့်နေကြသည်မှအပ တစ်ခန်းလုံးငြိမ်သက်နေလေသည်။ စုလှိုင်၏လက်များသည် အေးစက်နေသော်လည်း နဖူးပြင်တွင်မူ ချွေးများစို့နေသည်။ စုလှိုင်သည် လက်သီးကို တင်းတင်းဆုပ်၍ ငြိမ်သက်နေရင်း အသက်ကိုမှျင်း၍ ရှူနေမိလေသည်။ သူလှုပ်ရှားလိုက်လျှင် တစ်စုံတစ်ခုက လာရောက်ဖိစီးတော့မည်ဟု ထင်မှတ်နေရင်း လှုပ်လိုက်ရမည်ကို ကြောက်ရွံ့ဝန်လေးနေသည်။

'စု ဘာပြောလိုက်တယ်၊ စုနဲ့မာမီက မာမီကြီးရဲ့အရိပ်တွေဟုတ်လား'

မာမီ၏အသံကို ကြားယောင်လာပြန်သည်။ မာမီသည် စုလှိုင်၏စကားကို နားလည်ဟန်မတူဘဲ မျက်မှောင်ကုတ်နေခဲ့လေသည်။

စုလှိုင်သည် သက်ပြင်းကို ဟင်းခနဲချကာ ဆုပ်ထားသောလက်ချောင်းလေးများကို ဖြေလျှော့လိုက်သည်။ ထို့နောက် အိပ်နေရာမှလူးလဲထထိုင်လိုက်သည်။ တစ်စုံတစ်ရာချုပ်ကိုင်ဖိစီးမှုကို မခံစားရသောအခါမှ စိတ်သက်သာရာရသွားသည်။ အသက်ကိုတစ်ဝကြီးရှူကာ နဖူးပြင်မှချွေးများကိုသုတ်ရန် စားပွဲပေါ်မှလက်ကိုင်ပဝါလေးကို လှမ်း၍ဆွဲယူလိုက်လေသည်။ လက်ကိုင်ပဝါအောက်ရှိ စာအိတ်အပြာရောင်လေးသည် စားပွဲအောက်သို့ လွင့်ကျသွားသည်။ စာအိတ်ပေါ်တွင် စုလှိုင်၏အမည်ကို လှပဝိုင်းစက်သောလက်ရေးဖြင့် ရေးထားသည်။ စာကိုမဖတ်ရသေးသောကြောင့် မည်သူ့ဆီမှစာနည်း စုလှိုင်မသိသေးချေ။

'သေခြင်းဆိုတာ ငြိမ်းချမ်းခြင်းလား၊ ဝေဒနာအပေါင်းမှ လွန်မြောက်ခြင်းလား၊ အခုဘဝနဲ့ နောက်ဘဝကြားမှာ ဘာရှိသလဲ၊ နောင်ဘဝဆိုတာရော တကယ်ရှိပါ့မလား'

ကြမ်းပေါ်မှ စာအိတ်အပြာလေးကိုငေးစိုက်ကြည့်ရင်း စုလှိုင်သည် ဆက်၍တွေးနေမိပြန်သည်။ လက်ကိုင်ပဝါကို အေးစက်တုန်ယင်နေသော လက်ချောင်းလေးများနှင့် တင်းတင်းဆုပ်ကိုင်ထားသော်လည်း နဖူးပြင်မှချွေးများကိုသုတ်ရန် ရုတ်ခြည်းမေ့လျော့သွားလေသည်။

'သေခြင်းဆိုတာ ဝေဒနာအပေါင်းက ချုပ်ငြိမ်းရာလို့ပြောကြတယ်။ ဟင့်အင်း ဟင့်အင်း၊ မဖြစ်နိုင်ဘူး၊ ဝေဒနာအပေါင်း စုပြီးခံစားရတာပါ။ သေတယ်ဆိုတာ လွယ်တာမှတ်လို့၊ ဝိညာဉ်ဆိုတာ လွယ်လွယ်လေးနဲ့ ဒီခန္ဓာကိုယ်ကြီးကိုစွန့်သွားနိုင်တာမှမဟုတ်တာ၊ မခံနိုင်လွန်းမှ၊ တွယ်ကပ်လို့မရလွန်းမှ ထွက်သွားရတာ၊ သေခြင်းဆိုတာ အဆုံးစွန်သောဝေဒနာအပေါင်းကို အသက်ရှင်လျက် မခံစားနိုင်တော့လို့၊ မခံနိုင်လွန်းလို့ ဝိညာဉ်လေးလွင့်စဉ်ထွက်သွားရတာပါ၊ ဟုတ်တယ်၊ မာမီကြီးလည်း မသေခင် ဘယ်လောက်တောင် ဝေဒနာတွေခံလိုက်ရမယ်မသိဘူး၊ မအေးတင်ပြောတော့ လက်ချောင်းတွေကုပ်သွားသတဲ့၊ မျက်ဖြူကြီးလန်သွားသတဲ့၊ ပါးစပ်ထဲက အရည်တွေ အို အို ဘုရား'

**"ပန်းနုရောင်ဇာခန်းဆီးများသည် လေပြည်လေညင်းဝယ် ဝဲလွင့်နေကြသည်မှအပ တစ်ခန်းလုံးငြိမ်သက်နေလေသည်။ စုလှိုင်၏လက်များသည် အေးစက်နေသော်လည်း နဖူးပြင်တွင်မူ ချွေးများစို့နေသည်။ စုလှိုင်သည် လက်သီးကို တင်းတင်းဆုပ်၍ ငြိမ်သက်နေရင်း အသက်ကိုမှျင်း၍ ရှူနေမိလေသည်။ သူလှုပ်ရှားလိုက်လျှင် တစ်စုံတစ်ခုက လာရောက်ဖိစီးတော့မည်ဟု ထင်မှတ်နေရင်း လှုပ်လိုက်ရမည်ကို ကြောက်ရွံ့ဝန်လေးနေသည်. . ."**

စုလှိုင်သည် မတစဖူး ဘုရားတလိုက်ရင်း မျက်စိကို တအားမှိတ်ထားလိုက်မိသည်။ ထိုအခါ ဆန့်ဆန့်ကြီးလဲလျောင်းနေသော မာမီကြီး၏အသွင်ကို မြင်ယောင်လာပြန်သဖြင့် 'အား'ခနဲအော်ကာ အိပ်ရာပေါ်မှ ခုန်၍ဆင်းလိုက်မိသည်။

'ညည်းအမေက ငါ့သမီး၊ ညည်းက ငါ့မြေးပဲအေ့'

သစ်သားခေါင်းထဲတွင် အဆန့်သား အိပ်နေသော မာမီကြီးက ရုတ်တရက် လှမ်းပြောလိုက်သလို ထင်လိုက်မိရင်း စုလှိုင်၏တစ်ကိုယ်လုံး တုန်ယင်လာသည်။ ချစ်ခြင်းမေတ္တာကိုတောင့်တကာ ဟာနေသောရင်ထဲသို့ ကြောက်ရွံ့ခြင်းနှင့်ချောက်ချားခြင်းတို့သည် ဝရုန်းသုန်းကား တိုးဝင်လာကြလေသည်။

စုလှိုင်သည် အခန်းထဲမှပြေးထွက်လာခဲ့မိသည်။ စင်္ကြံလမ်းလေးသည် ပြာမှိန်သောမီးပွင့်လေးအောက်ဝယ် ရီဝေမှုန်မွှားနေသည်။ မာမီကြီး၏အခန်းဘက်သို့ လှမ်း၍ကြည့်မိသောအခါတွင်ကား စုလှိုင်သည် နောက်ဆုတ်၍ သူ့အခန်းထဲသို့ သူပြန်ပြီး ခုန်ဝင်လိုက်မိပြန်သည်။ ပိန်းပိတ်အောင်မှောင်နေသော အခန်းလေးရှေ့မှ ဖြတ်၍သွားရန် သတ္တိမရှိသောကြောင့်ဖြစ်လေသည်။

'မအေးတင် မအေးတင်'

စုလှိုင်သည် အော်၍ခေါ်လိုက်မိသည်။ သူ့ကိုယ်သူ အော်၍ခေါ်သည်ဟုထင်သော်လည်း စင်စစ်အားဖြင့် အသံတိုးတိုးသာ ထွက်သည်ကို ဂရုမပြုမိပေ။

'မာမီ၊ ဒက်ဒီ အို လာပါ စုဆီကို တစ်ယောက်ယောက်လာကြပါ'

စုလှိုင်သည် အသံသဲ့သဲ့လေးဖြင့်အော်နေရင်း အခန်းတွင်း ရှိရှိသမျှမီးတို့ကို အကုန်လျှောက်၍ အပြေးအလွှားဖွင့်လိုက်မိသည်။ ထိန်လင်းတောက်ပသောမီးရောင်များအလယ်တွင် ရောက်နေသောအခါမှ အတန်ငယ် လုံခြုံသွားသလိုခံစားရသည်။ မာမီကြီး၏ အသုဘမျက်နှာကြီးကို မြင်ယောင်မိဦးမည်စိုးသဖြင့် မျက်တောင်ခတ်ရန်ပင် ကြောက်ရွံ့နေသည်။ ပြူးကျယ်သောမျက်လုံးကို အစွမ်းကုန်ဖွင့်ကာ အသက်ကို ကယောင်ကတမ်းရှိုက်၍ ရှူနေမိလေသည်။ **ဆက်လက်ဖော်ပြပါမည်။**

# ဟသ်ာတမြို့နယ်၌ စားအုန်းဆီဖြန့်ဖြူးရောင်းချမှုအပေါ် ညွှန်ကြားချက်များနှင့်အညီ ရောင်းချမှုရှိ မရှိ ကွင်းဆင်းစစ်ဆေး



ဟသ်ာတ ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဟသ်ာတခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများပူးပေါင်း၍ ဟသ်ာတမြို့နယ်၌ စားအုန်းဆီလက်လီ၊ လက်ကားဖွင့်လှစ်ရောင်းချလျက်ရှိသည့်ဆိုင်များအား စားအုန်းဆီဖြန့်ဖြူးရောင်းချမှုအပေါ် ညွှန်ကြားချက်များနှင့်အညီ ရောင်းချမှုရှိ၊ မရှိ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခြင်းကို ဇန်နဝါရီလ ၂၇ ရက်က ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း စီမံခန့်ခွဲမှုကော်မတီဝင် ဦးမင်းမင်းထွန်း၊ ဟသ်ာတခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်း၊ ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောအောင်မွန်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမိုးကျော်နှင့်တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါအဖွဲ့သည် ဟသ်ာတမြို့နယ်အတွင်း စားအုန်းဆီလက်လီ၊ လက်ကားဖွင့်လှစ်ရောင်းချနေသည့် ဥယျာဉ်မြောက်ရပ်ကွက် မလိခလမ်းရှိဖိုးရဲဆီဆိုင်၊ ပတ္တမြားရပ်ကွက် ဦးဝိစာရလမ်းရှိ ထွန်းသစ်စကုန်စုံဆိုင်၊ ကနောင်စုရပ်ကွက် ဘူတာဈေးရှိ B သုံးလုံးကုန်စုံဆိုင်၊ ညောင်ပင်ရွာရပ်ကွက် ဓမ္မာရုံကျောင်းလမ်းရှိ နိုင်ဆီစက်တို့အပါအဝင် စားအုန်းဆီအရောင်းဆိုင်များမှ စားအုန်းဆီဖြန့်ဖြူးရောင်းချမှုအပေါ် ညွှန်ကြားချက်များနှင့်အညီ ရောင်းချမှုရှိ၊ မရှိ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

# ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများ တာရှည်အထားခံစေရန် ပြုပြင်မွမ်းမံခြင်းနည်းပညာသင်တန်းဖွင့်လှစ်မည်

မန္တလေး ဇန်နဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ထုံးဘိုရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း၌ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများ တာရှည်အထားခံစေရန် ပြုပြင်မွမ်းမံခြင်းနည်းပညာသင်တန်းကို ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းကို ထုံးဘိုရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း၌ ဖေဖော်ဝါရီလ ၂ ရက်မှ ၄ ရက်အထိဖွင့်လှစ်ပြီး စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်သည်။

ယင်းသင်တန်းတွင် ဖရဲသီးအခွံ၊ ကျွဲကောသီးအခွံများကို ယိုထိုးနည်း၊ သခွားမွှေးသီးယို၊ ခရမ်းချဉ်သီးယိုပြုလုပ်နည်း၊ ခရမ်းချဉ်သီး Paste၊ ခရမ်းချဉ်သီးဆော့စ်၊ ပဲနို့နှင့်ပဲပြားပြုလုပ်နည်း စသည်တို့ကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

သင်တန်းကို နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ ရိတ်သိမ်းချိန်လွန်နည်းပညာဌာန (PHRI)မှ ကျွမ်းကျင်ပညာရှင်များနှင့် ထုံးဘိုရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်းမှ ဆရာမများပူးပေါင်း၍ သင်ကြားပို့ချမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် ထုံးဘိုရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း ဖုန်း-၀၉-၉၄၆၉၆၅၅၉၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ဆောင်းဦး

# ပွင့်ဖြူမြို့နယ်၌ တစ်နိုင်တစ်ပိုင်ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရရှိ



ပွင့်ဖြူ ဇန်နဝါရီ ၂၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မြေအောက်ရေဖြင့် တစ်နိုင်တစ်ပိုင်ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးရေးလုပ်ငန်းကို အားထားလုပ်ကိုင်လျက်ရှိရာ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး နေ့စဉ်ခူးဆွတ်ရောင်းချခြင်းဖြင့် ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဟင်းသီးဟင်းရွက်တွေစိုက်ပျိုးရာမှာ ဝယ်ယူစားသုံးသူတွေ အစားအစာဘေးကင်းစေဖို့ ဓာတုလွတ်အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်နဲ့ စိုက်ပျိုးပါတယ်။ စိုက်ပျိုးရေကလည်းအဆင်ပြေတော့ ဒီဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားတဲ့ ဟင်းသီးဟင်းရွက်စိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းပြီး လှိုင်လှိုင်ခူးဆွတ်ရောင်းချနေရလို့ နေ့စဉ်ဝင်ငွေရရှိပြီး တောင်သူတွေအဆင်ပြေပါတယ်" ဟု ပွင့်ဖြူမြို့နယ် ရွာသစ်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးကပြောသည်။

ပွင့်ဖြူမြို့နယ်သည် စိုက်ပျိုးရေအဆင်ပြေသည့်အတွက် မြို့ပေါ်ရပ်ကွက်တချို့နှင့် ကျေးလက်ဒေသများ၌ ဒေသခံပြည်သူများက နေ့စဉ်မိသားစုဝင်ငွေရရှိရေးအတွက် ဟင်းသီးဟင်းရွက်နှင့် သီးနှံမျိုးစုံကို တစ်နှစ်ပတ်လုံးစိုက်ပျိုးကြကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် တချို့တောင်သူများသည် သီးထပ်၊ သီးညှပ်အဖြစ် နှစ်သီးစား၊ သုံးသီးစားစနစ်ဖြင့် စိုက်ပျိုးကြပြီး စိုက်ပျိုးမြေနှင့် ရာသီဥတုမျှတကောင်းမွန်သည့်အတွက် တစ်နိုင်တစ်ပိုင်ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းအောင်မြင်ဖြစ်ထွန်း၍ တောင်သူများ ဝင်ငွေရရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ပြည် ဇန်နဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲကို ဇန်နဝါရီလ ၂၈ ရက်တွင် ပြည်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ရွှေဝါဖူးက ပြည်ထောင်စုတိုင်းရင်းသားများစည်းလုံးညီညွတ်မှုအင်အားဖြင့် ပင်လုံစာချုပ်ချုပ်ဆိုခဲ့ပုံအကြောင်း၊ ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ နောက်ခံသမိုင်းကြောင်းနှင့် လွတ်လပ်ရေးရရှိခဲ့မှုအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက အခမ်းအနားတွင် ခင်းကျင်းပြသထားသော ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။



ယင်းနောက် ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာရန် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေး သတင်းစကားလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ကော့မှူးမြို့နယ်၌ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ လိုက်လံငှားရမ်းပေး

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်ရှိ ဌာနဆိုင်ရာများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ဌာနဆိုင်ရာရုံးများနှင့် စာသင်ကျောင်းများအရောက် စာအုပ်စာစောင်များ အခမဲ့လိုက်လံငှားရမ်းပေးခြင်းကို ဇန်နဝါရီလ ၂၇ ရက်က အခြေခံပညာအလယ်တန်းကျောင်း(မြို့ကုန်း)နှင့် အခြေခံပညာအလယ်တန်းကျောင်း(ပိန္နဲကုန်း)တို့၌ ဆောင်ရွက်သည်။

ကော့မှူးမြို့နယ်ရှိ အခြေခံပညာကျောင်းများ၊ ကျေးရွာ/ရပ်ကွက်များနှင့် ဌာနဆိုင်ရာရုံးများအရောက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် သုတ၊ ရသစာအုပ်များ၊ ကလေးစာပေများ၊ စာဖတ်သူအကြိုက် စာအုပ်စာစောင်များကို နှစ်ပတ်လျှင်တစ်ကြိမ် သွားရောက်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ စာပေနှင့်ရင်းနှီးပြီး စာအုပ်စာစောင်များ လေ့လာဖတ်ရှုနိုင်စေရန် ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်၌ သုတ၊ ရသစာအုပ်စာစောင် ၂၀၀၀ ကျော်ဖြင့် အစိုးရရုံးပိတ်ရက်များမှအပ လိုက်လံငှားရမ်းပေးနေပြီး စာငှားကတ်တစ်ခုလျှင် နှစ်အုပ်နှုန်းဖြင့် ရက်သတ္တနှစ်ပတ်ကြာငှားရမ်းနိုင်ကာ နှစ်ပတ်ပြည့်ပါက စာအုပ်အသစ်များဖြင့် လဲလှယ်ငှားရမ်းပေးပြီး အသင်းဝင်လိုသူများကိုလည်း စာငှားကတ်များ အခမဲ့ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။**ကျော်သူရ(ကော့မှူး)**

# တောင်တွင်းကြီးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ပုံပြောပြိုင်ပွဲကျင်းပ

တောင်တွင်းကြီး ဇန်နဝါရီ ၂၈

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး ပုံပြောပြိုင်ပွဲကို ဇန်နဝါရီလ ၂၇ ရက်က ကျင်းပသည်။

အဆိုပါပုံပြောပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က လူငယ်လူရွယ်များ ဗလငါးတန်နှင့်ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်လာစေရန်၊ စာဖတ်သည့်အလေ့အကျင့်များရရှိစေရန်၊ နွေရာသီအားလပ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်ရည်ရွယ်၍ ပြိုင်ပွဲများကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကိုကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက မိမိတို့ဖတ်ရှုလေ့လာထားသည့် ပုံပြင်ခေါင်းစဉ်များဖြင့် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင်ဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အားလပ်သည့်အချိန်များတွင် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **နောင်နောင်(ဗိဿနိုးမြေ)**

# ဂန့်ဂေါမြို့နယ်၌ မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေး

ဂန့်ဂေါ ဇန်နဝါရီ ၂၈

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ မူခင်းကြိုတင်ကာကွယ်ရေးနှင့်မူခင်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၊ ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် မြို့မဈေးလမ်းထောင့်ရှိ လမ်းဆုံနေရာတို့၌ ဇန်နဝါရီလ ၂၇ ရက်က ဆောင်ရွက်သည်။

အဆိုပါ လက်ကမ်းစာစောင်တွင် ရာဇဝတ်ပြစ်မှုများသည် လူမှုဘဝလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေပြီး တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေနိုင်သည့်အတွက် ပြည်သူများသိရှိရမည့် လူသတ်မှုဖြစ်ပွားရသည့်အကြောင်းရင်းများ၊ လူသတ်မှုမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရမည့်အချက်များနှင့် ကျူးလွန်ပါက ချမှတ်နိုင်သည့်ပြစ်ဒဏ်များ၊ လောင်းကစားခြင်းများပြုလုပ်ပါက ဖြစ်ပွားနိုင်သည့်ဆိုးကျိုးများနှင့် လောင်းကစားမှုကျူးလွန်ပါက ချမှတ်နိုင်သည့် ပြစ်ဒဏ်များ၊ မုဒိမ်းမှုကျူးလွန်ခံရနိုင်သည့်အချက်များ၊ မုဒိမ်းမှုမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရမည့်အချက်များနှင့် ကျူးလွန်ပါက ချမှတ်နိုင်သည့်ပြစ်ဒဏ်များ၊ လူကုန်ကူးမှုခံရနိုင်သည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များ၊ လူကုန်ကူးမှုနှင့်ပတ်သက်၍ အကြံပြုချက်များ၊ ခိုးမှု/လုယက်မှုများ မဖြစ်စေရေး လိုက်နာရမည့်အချက်များ၊ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့်အဖွဲ့များ၊ အကြမ်းဖက်မှုဆိုင်ရာပြစ်မှုများ မပြုလုပ်မိအောင် သတိပြုရှောင်ကြဉ်ရမည့်အချက်များနှင့် အကြမ်းဖက်မှုကျူးလွန်ပါက ချမှတ်ခံရမည့်ပြစ်ဒဏ်များပါရှိပြီး ပြည်သူများအနေဖြင့် သတင်းပေးရန်နှင့်အကူအညီတောင်းခံနိုင်သည့်ဖုန်းနံပါတ်များ ပါရှိသည်။

ထိုသို့ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဂန့်ဂေါမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**

# ပေါ်တူဂီအသင်းက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မက္ကဆီကိုနိုင်ငံ၌ အခြေချလေ့ကျင့်ရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံတောင်းဆိုထား



လစ္စဘွန်း ဇန်နဝါရီ ၂၈

ပေါ်တူဂီအသင်းက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများအတွက် အခြေချလေ့ကျင့်မှုကို အမေရိကန်နိုင်ငံ၌ လုပ်ဆောင်မည်မဟုတ်ဘဲ မက္ကဆီကိုနိုင်ငံ၌သာ လုပ်ဆောင်ရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ထံ တောင်းဆိုထားကြောင်း သိရသည်။

ပေါ်တူဂီအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် မက္ကဆီကိုနိုင်ငံရှိ Fairmont Mayakoba အပန်းဖြေစခန်း၌အခြေချပြီး လေ့ကျင့်ပြင်ဆင်မှုများကိုလုပ်ဆောင်မည်ဖြစ်သည်။

ပေါ်တူဂီအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များကို အမေရိကန်နိုင်ငံ ဟူစတန်မြို့၌ အုပ်စုနှစ်ပွဲ၊ မိုင်ယာမီ၌ အုပ်စုတစ်ပွဲကစားရမည်ဖြစ်သော်လည်း အမေရိကန်နိုင်ငံ၌ အခြေမချလိုသည့်အတွက် မက္ကဆီကိုနိုင်ငံ၌သာ အခြေချလေ့ကျင့်ရန် တောင်းဆိုထားပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ စခန်းချလေ့ကျင့်မည့်မြို့များကို အတည်မပြုထားသေးခြင်းဖြစ်သည်။

ပေါ်တူဂီအသင်း အခြေချလေ့ကျင့်ရန်တောင်းဆိုထားသည့် Fairmont Mayakoba အပန်းဖြေစခန်းသည် မက္ကဆီကိုနိုင်ငံ၌ ကမ္ဘာလှည့်ခရီးသွားများ အများအပြားလာရောက်လေ့ရှိသည့်နေရာဖြစ်သည်။

ပေါ်တူဂီအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု(K)၌ ကိုလံဘီယာအသင်း၊ ဥဇဘတ်ကစ္စတန်အသင်း၊ ကွန်ဂိုအသင်း သို့မဟုတ် ဂျမေကာအသင်း သို့မဟုတ် နယူးကယ်လီဒိုးနီးယားအသင်းတို့မှ အနိုင်ရရှိမည့်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေကြောင်း သိရသည်။ *Ref;Fotmob*

# ကလပ်အသင်းပိုင်ရှင်အဖြစ် ဘောလုံးလောကသို့ဝင်ရောက်ရန် အေစီမီလန်အသင်းကစားသမားဟောင်းပါတို ကြိုးပမ်းလျက်ရှိ

လန်ဒန် ဇန်နဝါရီ ၂၈

အေစီမီလန်အသင်း တိုက်စစ်ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ပါတိုသည် ကလပ်အသင်းပိုင်ရှင်အဖြစ် ဘောလုံးလောကသို့ ဝင်ရောက်ရန်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အသက် ၃၆ နှစ်အရွယ် ပါတိုသည် အေစီမီလန်အသင်းတွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကစားခဲ့ပြီးနောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများနှင့် ရုန်းကန်ခဲ့ရပြီးနောက် ကိုရင်သီယန်အသင်း၊ ဆာပေါ်လိုအသင်း၊ ချယ်လ်ဆီးအသင်း၊ ဗီလာရီးယဲလ်အသင်း၊ တီယန်ဂျင်အသင်း၊ အော်လန်ဒိုအသင်းနှင့် ဆာပေါ်တိုအသင်းတို့ထံ အဆင့်ဆင့်ပြောင်းရွှေ့ကစားပြီးနောက် ၂၀၂၃ ခုနှစ်က ဆာပေါ်လိုအသင်းတွင် နောက်ဆုံးကစားပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့ခြင်းဖြစ်သည်။

ပါတိုနှင့် ရင်းနှီးမြှုပ်နှံရေးအဖွဲ့အစည်းတစ်ခုတို့က အင်္ဂလန်လိဂ်-၂ ကလပ်အသင်းတစ်သင်းဖြစ်သည့် ကိုလ်ချက်စတာအသင်းကိုဝယ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ကိုလ်ချက်စတာအသင်းကစားခဲ့သည့်ပွဲစဉ်များကို သွားရောက်ကြည့်ရှုကာ အသင်းကိုဝယ်ယူရန် ကိုလ်ချက်စတာအသင်းမှ တာဝန်ရှိသူများနှင့်ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

လက်ရှိတွင် ပါတိုနှင့်ရင်းနှီးမြှုပ်နှံရေးအဖွဲ့အစည်းတစ်ခုတို့က ကိုလ်ချက်စတာအသင်းကို ဝယ်ယူရန် ကိုလ်ချက်စတာအသင်းဥက္ကဋ္ဌ ရော့ဘီကောလင်းနှင့် ဆွေးနွေးမှုများလုပ်ဆောင်နေခြင်းဖြစ်ပြီး မကြာမီသတင်းထုတ်ပြန်ကြေညာမည်ဖြစ်သည်။

ကိုလ်ချက်စတာအသင်းသည် ယခုဘောလုံးရာသီ အင်္ဂလန်လိဂ်-၂ ပြိုင်ပွဲတွင် ၂၆ ပွဲကစားပြီးချိန်၌ ၁၁ ပွဲနိုင်၊ ကိုးပွဲသရေ၊ ခြောက်ပွဲရှုံး ရမှတ် ၄၂ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၈)နေရာတွင် ရပ်တည်နေပြီး လာမည့်ဘောလုံးရာသီ၌ လိဂ်-၁ ပြိုင်ပွဲသို့ တန်းတက်နိုင်ရန် မျှော်လင့်ချက်ရှိနေကြောင်း သိရသည်။

*Ref;The Athletic*

# ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်က သက်တမ်းတိုးစာချုပ်အတွက် လုပ်ခလစာတိုးမြှင့်ပေးရန် မန်ယူအသင်းထံတောင်းဆို




မန်ချက်စတာ ဇန်နဝါရီ ၂၈

မန်ယူအသင်း အဓိက ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်က သက်တမ်းတိုးစာချုပ်အတွက် လုပ်ခလစာတိုးမြှင့်ပေးရန် အသင်းထံတောင်းဆိုထားကြောင်း သိရသည်။

ဘရူနိုဖာနန်ဒက်သည် ၂၀၁၉ ခုနှစ်က စပို့တင်းလစ္စဘွန်းအသင်းမှ မန်ယူအသင်းသို့ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးကွင်းလယ်ကစားသမားများမှ တစ်ဦးအပါအဝင်ရပ်တည်နေသူဖြစ်သည်။

ဘရူနိုဖာနန်ဒက်နှင့် မန်ယူအသင်းတို့စာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၇ခုနှစ် ဇွန်လအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် မန်ယူအသင်းက ဘရူနိုဖာနန်ဒက်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြိုးပမ်းနေပြီး ဖာနန်ဒက်က သက်တမ်းတိုးစာချုပ်အတွက် လုပ်ခလစာတိုးမြှင့်ပေးရန် တောင်းဆိုထားခြင်းဖြစ်သည်။

လက်ရှိတွင် ဖာနန်ဒက်သည် မန်ယူအသင်းတွင် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၃၀၀၀၀၀ ရရှိနေသူဖြစ်ပြီး ဖာနန်ဒက်က သက်တမ်းတိုးစာချုပ်အတွက် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၄၀၀၀၀၀ ပေးရန် တောင်းဆိုထားခြင်းဖြစ်သည်။

ဘရူနိုဖာနန်ဒက်အနေဖြင့် ယခုဘောလုံးရာသီကုန်ဆုံးချိန်တွင် သက်တမ်းတိုးစာချုပ်သစ်မချုပ်ဆိုနိုင်ပါက အသင်းနှင့်လမ်းခွဲဖွယ်ရှိနေပြီး ၎င်းကို ဆော်ဒီထိပ်တန်းကလပ်အသင်းများအပြင် ဘိုင်ယန်မြူးနစ်အသင်းကလည်း ခေါ်ယူရန် စောင့်ကြည့်နေခြင်းဖြစ်သည်။

လက်ရှိမန်ယူအသင်းတွင် လုပ်ခလစာအများဆုံးကစားသမားအဖြစ် ကွင်းလယ်ကစားသမား ကက်စ်မဲရိုးက တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၃၅၀၀၀၀ ဖြင့် ရပ်တည်နေပြီး ဖာနန်ဒက်အနေဖြင့် လုပ်ခလစာတိုးမြှင့်ပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်မည်ဆိုပါက အသင်းတွင် လုပ်ခလစာအများဆုံးရရှိသည့်ကစားသမားအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

အလားတူ မန်ယူအသင်းသည် ဘရူနိုဖာနန်ဒက်အပြင် လူငယ်ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ကိုဘီမိုင်နူးကိုလည်း သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။ *Ref;Topskill Sports UK*

# ဖီနာဘာချီအသင်းက မန်စီးတီးအသင်းမှ အိုမာမာမွတ်အားခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်နေ

မန်ချက်စတာ ဇန်နဝါရီ ၂၈

ဖီနာဘာချီအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် မန်စီးတီးအသင်းမှထွက်ခွာရန် ကြိုးပမ်းနေသည့် တိုက်စစ်ကစားသမား အိုမာမာမွတ်အားခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။

အိုမာမာမွတ်သည် ဖရန့်ဖက်အသင်းတွင်ကစားခဲ့စဉ်က အဓိက ကစားသမားတစ်ဦးအဖြစ်အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း ၂၀၂၄ ခုနှစ်က မန်စီးတီးအသင်းသို့ပြောင်းရွှေ့ကစားပြီးနောက် အသင်းတွင်ကစားခွင့်နည်းပါးနေသည့်အတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အိုမာမာမွတ်သည် မန်စီးတီးအသင်းတိုက်စစ်ပိုင်းတွင် ဒိုကူ၊ ချက်ခရီ၊ ဆီမီညို၊ ဟာလန်းတို့နောက်မှသာ လူစားဝင်ကစားသမားအဖြစ် ပါဝင်ကစားရသည့်အတွက် ပုံမှန်ပွဲထွက်ခွင့်ရရှိမည့်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိတွင် ဖီနာဘာချီအသင်းက လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလ မပြီးဆုံးမီ ခေါ်ယူနိုင်ရန် ဆွေးနွေးမှုများလုပ်ဆောင်နေပြီး ပြောင်းရွှေ့ကြေးအဖြစ် စတာလင်ပေါင် သန်း ၃၀ ပေးချေရဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

➢ ကျောဖုံးမှအဆက်


သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၆)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၂၆ ရက်**တွင် မိုင်းဖြတ်မြို့နယ်ဟိုနား(စောမွန်)ကျေးရွာအနီး၌ တရားမဝင်ကုန်ပစ္စည်းတင် လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၀၀၀၀၀)ကိုလည်းကောင်း၊ ရပ်စောက်မြို့နယ် ရေဖြူကျေးရွာ၌ တရားမဝင်ကုန်ပစ္စည်းတင် လိုင်စင်မဲ့မော်တော်ယာဉ်(၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရပ်စောက်မြို့နယ်ရေဖြူကျေးရွာ၌ပင်မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁၁)မျိုး၊ စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၉၃၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်ရှိ Mitsubishi Fuso Truck (၁)စီး၊ Toyota Hiace (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၄၃၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



လိုင်စင်မဲ့မော်တော်ယာဉ် (Toyota Crown 2001 Model)

ရေဝတီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



လိုင်စင်မဲ့မော်တော်ဆိုင်ကယ်

မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် ရေဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၁၆ ရက်**တွင် ဟင်္သာတမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် (၃ ဒသမ ၀၇၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၇၄၂၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ **ဇန်နဝါရီလ ၂၀ ရက်**တွင် ပုသိမ်မြို့နယ် အမှတ်(၅)ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၃၇၄၂၄)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၂၄ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၅)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃၇)မျိုး၊ လျှပ်စစ်ပစ္စည်း (၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၅၅၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ ၂၀ ရက်၊ ၂၂ ရက်၊ ၂၄ ရက်နှင့် ၂၆ ရက်တို့တွင်** ဖမ်းဆီးရမိမှု**စုစုပေါင်းမှာ အမှုတွဲ (၂၇)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၉၇၂၀၄၂၄)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။

မြဝတီ

## ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၂၈

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၃ ရက်မှ ၅ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပါသည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၈ ရက်မှ ၂၅ ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၇ ရက်ခန့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၂ ရက်မှ ၉ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ



နေပြည်တော် ဇန်နဝါရီ ၂၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၁၉ ရက်မှ ၂၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း(၂၄ ဒသမ ၃၉၇၆ )တန်၊ အခြား (၉၁ ဒသမ ၉၅၉၀ )တန် စုစုပေါင်း (၁၁၆ ဒသမ ၃၅၆၆ )တန်၊ ယာဉ်/ယန္တရား (၄)စီး၊ တရားခံ (၇) ဦး** ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။

မြဝတီ

### သဇင်(FM)အသံလွှင့်အစီအစဉ်

၂၉-၁-၂၀၂၆(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင်မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

**ပျောက်ဆုံးကြောင်း**
ဇေယျာစိုး(ဘ)ဦးမြင့်စိုး ၁၂/မဂဒ(နိုင်)၁၆၂၉၆၆ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၂၈၄၃၅၈၈

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ပဲခူးမြို့နယ်၊ အ.ထ.က ကမ်းမြင့်ကျောင်းမှ ဒုမူပြ ဒေါ်ဇင်မာဝင်း၏ဖခင် ဦးကျင်လှ(ခ)ဦးတင်လှ ၇/ပခန(နိုင်)၁၄၀၉၈၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးကျင်လှ(ခ)ဦးတင်လှ

**ပျောက်ဆုံးကြောင်း**
ခင်မောင်ထွေး(ဘ)ဦးစန်းမောင် ၁၂/သဃက(ပြု)၀၀၄၀၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၈၅၅၀၀၃၂

**ပျောက်ဆုံးကြောင်း**
မောင်သက်ညီ(ဘ)ဦးအောင်ဝင်း ၉/ခမစ(နိုင်)၀၄၀၅၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅

**ပျောက်ဆုံးကြောင်း**
မာရ်တီးနာ(ဘ)ဦးအေရီးကို ၂/ဒမဆ(နိုင်)၀၇၄၇၉၆ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅

စာပေမြင့်မှ လူမျိုးတင့်မည်

## ဝမ်းနည်းကြေကွဲခြင်း
## မအဥ္ဇလီကျော်(ခ)ဂျိုသီးမား
## အသက်(၃၃)နှစ်

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)၊ ပဲခူးတိုင်းဒေသကြီး၏ နာယကဖြစ်သူ၊ တောင်ငူမြို့နေ သတင်းစာဆရာကြီး ဦးကျော်လှ (သမာဓိ)-(ဒေါ်ဒေဝကီးဒေဝီ)တို့၏မြေး၊ ဦးဝင်းကျော်-ဒေါ်နွဲ့ယဉ်ဝင်းတို့၏သမီး မအဥ္ဇလီကျော်(ခ)ဂျိုသီးမားသည် ၂၁-၁-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)**
**ပဲခူးတိုင်းဒေသကြီး**

## ဘဝနတ်ကျောင်း ရွှေ့ပြောင်းစံတော်မူခြင်း
## (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဗုဒ္ဓစာပေ ပထမဆုရ၊ အနေက ဂန္ထကာရက၊ ဝိနယာလင်္ကာရဋီကာနိဿယသစ် ကျမ်းပြုအကျော်)
## ဘဒ္ဒန္တစန္ဒာဝရမဟာထေရ်
## သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၇)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ ကျောင်းတောင်တောရကျောင်းတိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာညောင်ကုန်းတိုက်၊ မင်္ဂလာစံကျောင်း ပဓာနနာယကဖြစ်တော်မူသော၊ မာန်အောင်မြို့နယ်၊ ဆင်နားချောင်ရွာနေ (ခမည်းတော် ဦးညီလှဦး-မယ်တော် ဒေါ်ငွေအိမ်)တို့၏သား ကျေးဇူးတော်ရှင်သက်တော်ရှည်ဆရာတော်ဘုရားကြီးသည် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း၊ ၈ ရက်)၂၅-၁-၂၀၂၆ ရက်(တနင်္ဂနွေနေ့)ညနေ ၄:၀၂ နာရီတွင် ကျောင်းတောင်တောရကျောင်းတိုက်၌ ဘဝနတ်ကျောင်း ရွှေ့ပြောင်းစံတော်မူသွားပါကြောင်း အသိပေးအပ်ပါသည်။

**(ဈာပနရက်ကို ထပ်မံကြေညာပါမည်။)**
**တပည့်-ဒါယကာ၊ ဒါယိကာမများ**
**ကျောင်းတောင်တောရကျောင်းတိုက်**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးသွားသည့် ကော်မတီပိုင် မဟာအောင်မြေမြို့နယ်၊ သံလျက်မှော်အနောက်ရပ်ကွက်၊ ကန်တော်ကြီးအနောက်ခြမ်းရှိ ရေထွန်းတိုက်ခန်း အဆောင်(၁၂)နှင့် အဆောင်(၁၃)၊ RC(၄)ထပ်အဆောက်အဦများကို ဖျက်သိမ်းရောင်းချသွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်လေလံတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | လေလံလျှောက်လွှာ ရောင်းချမည့်ရက် | - | (၂၈-၁-၂၀၂၆)ရက်မှ (၁၀-၂-၂၀၂၆)ရက်ထိ |
| (ခ) | လေလံလျှောက်လွှာ ပိတ်မည့်ရက် | - | (၁၀-၂-၂၀၂၆)ရက်၊ (၁၆:၃၀)နာရီ |
| (ဂ) | လေလံလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက် | - | (၁၀-၂-၂၀၂၆)ရက် |
| (ဃ) | လေလံဖွင့်မည့်ရက် | - | (၁၁-၂-၂၀၂၆)ရက်၊ (ခန့်မှန်း) |
| (င) | လေလံဖွင့်မည့်နေရာ | - | အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ |
| (စ) | လုပ်ငန်းအမည် မဟာအောင်မြေမြို့နယ်၊ ရေထွန်းတိုက်ခန်း RC(၄)ထပ်၊ အဆောင်(၁၂)နှင့် အဆောင်(၁၃) | | |
| (ဆ) | လျှောက်လွှာတစ်စုံ ရောင်းဈေးနှုန်း | - | ၂၀၀၀ ကျပ် |

၂။ လေလံတင်ဖျက်သိမ်းရောင်းချမည့် အဆောက်အဦများကို (၂၈-၁-၂၀၂၆) မှ (၁၀-၂-၂၀၂၆)ရက်နေ့အထိ လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း ၀၉-၂၅၀၃၂၆၄၆၄ နှင့် ၀၉-၇၉၈၅၄၄၉၁၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပညာဘဏ်တိုက်
## စာကြည့်တိုက်

### တစ်ဦးတည်းဖြစ်ပါကြောင်း
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ မြေမလှ အမကတွင် ပညာသင်ကြားခဲ့သော ကျောင်းဝင်အမှတ် ၂၈၈ မနှင်းရီဝေ၏ဖခင်မှာ ကျောင်းစာရင်းတွင် ဦးမောင်ဦးဖြစ်ပြီး အိမ်ထောင်စုစာရင်းတွင် ဦးဦးဟု အမည်နှစ်မျိုးကွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်ဦး(ခ)ဦးဦး**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဖူလုံ အ.ထ.ကတွင် ပညာသင်ကြားခဲ့သော ကျောင်းဝင်အမှတ် ၆၇၅၄ မအိမြတ်သော်၏ဖခင် ၈/ရစက(နိုင်)၀၇၅၅၆၉ ကိုင်ဆောင်သူ ဦးဖိုးငြိမ်းနှင့် ဦးကျော်ငြိမ်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဖိုးငြိမ်း(ခ)ဦးကျော်ငြိမ်း**

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ မြေမလှကျေးရွာနေ အဘ ဦးအောင်တိုး၏ သမီး မခင်ဖုန်းရှီ၏အမည်မှန်မှာ ၈/ရစက(နိုင်)၂၇၃၃၃၃ အရ မခင်ဘုံရှီဖြစ်ပါကြောင်း။ **မခင်ဘုံရှီ**

### ဖခင်အမည်မှန်
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အ.ထ.က(တက်ရှိန်း)Grade-11 တွင် ပညာသင်ကြားနေသော မောင်ဝေလင်းထွန်း၏ဖခင် ဦးဇော်ဝင်း၏အမည်မှန်မှာ ဦးဇော်ဇော် ၉/တကန(နိုင်)၁၂၃၉၇၃ ဖြစ်ပါကြောင်း။ **ဦးဇော်ဇော်**

### ပျောက်ဆုံးကြောင်း
စိုင်းကွမ်ခေး(ဘ)စိုင်းအိုက်အုန်း ၁၃/မဆတ(နိုင်)၀၅၂၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၇၅၈၄၇၈

### ပျောက်ဆုံးကြောင်း
ငွေငွေဝင်း(ဘ)ဦးစန်း ၁၂/သခန(နိုင်)၁၄၀၁၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကျော်သက်(ဘ)ဦးစိုးသင်း ၉/ပဘန(နိုင်)၂၄၇၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သက်ထူးအောင်(ဘ)ဦးတင်မြင့် ၆/ကသန(နိုင်)၀၇၂၄၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
လူလူလင်းအောင်(ဘ)ဦးသန်းဝင်း ၁၀/သထန(နိုင်)၁၉၃၅၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### အမည်ပြောင်း
ပဲခူးမြို့၊ အ.ထ.က(၃)ကျောင်း၊ Grade-7(B) မှ အဘ ဦးသူရိန်ဝင်း၏သား မောင်ရှင်းသန့်သူရိန်မှ မောင်ဘုန်းခန့်ပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဘုန်းခန့်ပိုင်**

### ပျောက်ဆုံးကြောင်း
စန်းစန်းလွင်(ဘ)ဦးခွေးသိုး ၁၂/မဘန(နိုင်)၀၄၅၈၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
အေးသန္တာ(ဘ)ဦးမြသိန်း ၁၂/သလန(နိုင်)၁၇၂၄၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
အောင်အောင်စိန်(ဘ)ဦးလောစိန် ၁၃/လရန(နိုင်)၁၁၇၉၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နှင်းဝေလွင်(ဘ)ဦးကြည်လွင် ၁၂/ဒဂတ(နိုင်)၁၃၅၅၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### တစ်ဦးတည်းဖြစ်ပါကြောင်း
ပဲခူးမြို့၊ မူလွန်အလယ်ကုန်းကျောင်းမှ မူလတန်းပြ ဒေါ်သိန်းသိန်းဦး၏ဖခင် ဦးဘိုးစော(ခ)ဦးမောင်မောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဘိုးစော(ခ)ဦးမောင်မောင်**

### ပျောက်ဆုံးကြောင်း
ဇော်ထွေး(ဘ)ဦးထွန်းရဲ ၁၂/မဘန(နိုင်)၁၁၇၄၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ခင်မောင်(ဘ)ဦးထွန်းသိန်း ၁၁/စတန(နိုင်)၀၆၈၃၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဘီခဲမန်း(ဘ)ဦးတလွန်မန်း ၄/ပလဝ(နိုင်)၀၄၇၅၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 961390)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၂၂၀၈၉၃

### ပျောက်ဆုံးကြောင်း
ချစ်သိန်း(ဘ)ဦးအောင်ခင် ၁၀/ရမန(နိုင်)၀၂၂၉၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၀၁၄၂၅၂

### ဖခင်အမည်မှန်
ပဲခူးမြို့၊ မူလွန်(ဘုရား-ငုတ္တိုမြန်မာ)ကျောင်းမှ ဒုလယ်ပြ ဒေါ်လေးလုံ၏ဖခင်အမည်မှန်မှာ ဦးလှမြိုင်(ကွယ်လွန်)ဖြစ်ပါကြောင်း။ **ဦးလှမြိုင်**

### အမည်မှန်
ပဲခူးမြို့၊ မူလွန်မြို့သစ်(ဂ)ကျောင်းမှ မူလတန်းပြ ဒေါ်ခင်မူအေး၏အမည်မှန်မှာ ဒေါ်ခင်မူအေး ၇/ပခန(နိုင်)၀၀၆၂၄၂ ဖြစ်ပါကြောင်း။ **ဒေါ်ခင်မူအေး**

### မိဘအမည်မှန်
ပဲခူးမြို့၊ အ.လ.က(ခွဲ)စာသူငယ်ကျောင်းမှ ဒုမူပြ ဦးသန်းဖြိုးအောင်၏မိဘအမည်မှန်မှာ ဦးလင်းအောင်-ဒေါ်စန်းစန်းထွေးဖြစ်ပါကြောင်း။ **ဦးလင်းအောင်-ဒေါ်စန်းစန်းထွေး**

### မိဘအမည်မှန်
ပဲခူးမြို့၊ မူလွန်လက်ပံခုန်ကျောင်းမှ ဒုလယ်ပြ ဦးနိုင်ကိုလင်း၏မိဘအမည်မှန်မှာ ဦးသိန်းဆွေ-ဒေါ်တင်ဆောင်းဖြစ်ပါကြောင်း။ **ဦးသိန်းဆွေ-ဒေါ်တင်ဆောင်း**

### အမည်မှန်
ပဲခူးမြို့၊ မူလွန် ရှမ်းစုကျောင်းမှ ဒုမူပြ ဒေါ်ဇင်သူဇာသိမ့်၏အမည်မှန်မှာ ဒေါ်ဇင်သူဇာသိမ့် ၇/ပခန(နိုင်)၃၁၆၁၃၂ ဖြစ်ပါကြောင်း။ **ဒေါ်ဇင်သူဇာသိမ့်**

### ဖခင်အမည်မှန်
ပဲခူးမြို့၊ မူလွန် မဇင်းတိုးချဲ့-ဝါးမရမ်းကျောင်းမှ ဒုမူပြ ဒေါ်စိုးသန္တာနွယ်၏ဖခင်အမည်မှန်မှာ ဦးစိန်စိုး ၇/ဝမန(နိုင်)၀၅၇၄၁၆ ဖြစ်ပါကြောင်း။ **ဦးစိန်စိုး**

### ပျောက်ဆုံးကြောင်း
ခင်ချိုသက်(ဘ)ဦးခင်မောင်အေး ၁၀/သဖရ(နိုင်)၀၇၅၄၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ညောင်ဖိုလ်ပင်ကျေးရွာနေ အဘ ဦးကျော်မိုး၏ သမီး မကြူကေခိုင်၏အမည်မှန်မှာ ကျောင်းဝင်အမှတ် ၈၈၀၄ အရ မခ္ခါညိုသင်းဖြစ်ပါကြောင်း။ **မခ္ခါညိုသင်း**

### ဖခင်အမည်မှန်
ပဲခူးမြို့၊ လ(ခွဲ)ရှမ်းရွာကြီးကျောင်းမှ ဒုလယ်ပြ ဒေါ်ခိုင်နွယ်ဝင်း၏ဖခင်အမည်မှန်မှာ ဦးချစ်တင် ၇/ဝမန(နိုင်)၀၄၇၄၂၄ ဖြစ်ပါကြောင်း။ **ဦးချစ်တင်**

### ပျောက်ဆုံးကြောင်း
စိုးရာဇာထွန်း(ဘ)ဦးမျိုးအောင် ၇/ကဝန(နိုင်)၂၁၁၇၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 919086)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သန္တာထွန်း(ဘ)ဦးသန်းထွန်း ၁၂/ဗတထ(နိုင်)၀၄၀၉၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 916017)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၁၂၇၀၁၆၇

### ပျောက်ဆုံးကြောင်း
ဆွိုတဲ့ဟုန်(ဘ)ဦးနန်းချိုင် ၁၃/လရန(နိုင်)၂၄၃၅၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
သန်းထွတ်ဦး(ဘ)ဦးတင်သိန်း ၁၀/မလမ(နိုင်)၂၃၄၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
စောကျော်မင်းနိုင်(ဘ)ဦးချစ်လှိုင် ၁၀/ကထန(နိုင်)၁၅၉၉၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ရွှေဇင်ယု(ဘ)ဦးကျော်ထူး ၁၀/မလမ(နိုင်)၂၈၂၂၃၅ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
မောင်သိန်းလွင်(ဘ)ဦးအောင်မြတ် ၁၀/လမန(နိုင်)၀၀၁၃၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
အေးအေးရီ(ဘ)ဦးထွန်းရီ ၁၀/သဖရ(နိုင်)၀၀၂၅၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
သိန်းထွေး(ဘ)အပ္ပဒူဂျာဘာရ် ၁၀/ကမရ(နိုင်)၁၇၃၄၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
နှင်းထက်ဝင်း(ဘ)ဦးဝင်းတင် ၁၀/မလမ(နိုင်)၂၂၈၈၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
အောင်ဇင်ဦး(ဘ)ဦးပန်းထိန် ၁၀/သဖရ(နိုင်)၁၅၅၉၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
နော်အီစတာဝင်း(ဘ)ဦးဝင်းဇော် ၇/တငန(နိုင်)၂၃၁၄၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၈၆၆၂၇၁၂

### ပျောက်ဆုံးကြောင်း
လှနွယ်(ဘ)ဦးပေါက်စ ၈/နမန(နိုင်)၀၀၁၈၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ရှိုင်းဝဏ္ဏသော်(ဘ)ဦးသော်ဇင် ၁၂/ပဇတ(နိုင်)၀၃၉၀၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သုတအောင်(ဘ)ဦးကျော်လှိုင်ဝေ ၁၂/လမန(နိုင်)၁၈၆၇၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၇၈၀၁၆

### ပျောက်ဆုံးကြောင်း
မေမြတ်နိုးကျော်(ဘ)ဦးကျော်လှိုင်ဝေ ၁၂/လမန(နိုင်)၁၈၁၉၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၇၈၀၁၆

### ပျောက်ဆုံးကြောင်း
သက်နိုင်(ဘ)ဦးမောင်မောင် ၁၂/တမန(နိုင်)၀၉၆၅၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၂၂၀၉၆၅

### ပျောက်ဆုံးကြောင်း
မအေးသန်း(ဘ)ဦးအောင်ကျော်သာ ၁၁/မပန(နိုင်)၁၁၀၅၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၃၂၉၀၀၀၉

### ပျောက်ဆုံးကြောင်း
ခင်မာဝေ(ဘ)ဦးပေါက်စကြီး ၉/ကပတ(နိုင်)၁၇၂၀၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၇၄၃၁၅၇

### ပျောက်ဆုံးကြောင်း
အောင်လံမြို့နယ်၊ ကြက်ရုံးကြီးကျေးရွာနေ မစိုးမြတ်သူ(ဘ)ဦးအောင်ငွေ ၈/အလန(နိုင်)၂၃၄၂၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၅၅၆၃၄၃၉

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့နေ တင်ဝင်းအောင်(ဘ)ဦးမျိုးလှိုင် ၇/ပခန(နိုင်)၃၅၂၃၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဘားအံမြို့၊ (၆)ရပ်ကွက်နေ စောရဲရင့်ထူးနိုင်(ဘ)ဦးစောအေးထူး ၃/ဘအန(နိုင်)၄၄၇၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၁၄၁၈၉၂၅

## သစ်တောမှန်လျှင်
## အသုံးဝင်
## အစဉ်ထာဝရ
## ထိန်းသိမ်းကြ

### ပျောက်ဆုံးကြောင်း
သီဟထိန်ဝင်း(ဘ)ဦးထိန်ဝင်း ၁၂/မဂဒ(နိုင်)၀၉၁၅၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၈၉၁၆၁၅

### ပျောက်ဆုံးကြောင်း
ဇော်မြင့်ထွန်း(ဘ)ဦးစိုးမြင့် ၁၃/တယန(နိုင်)၀၃၄၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၆၀၇၀၈၈၉

### ပျောက်ဆုံးကြောင်း
ဒေါ်စိန်စိန်(ဘ)အာရှရုပ်ခန်း ၁၃/တယန(နိုင်)၀၁၃၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၆၀၇၀၈၈၉


Smart p®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၇၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


ထာဝရလှပသော အပြုံးအတွက်
DENTOMEC
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED


Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
Myanmar MOBILE MONEY

❖ ဒေသတစ်ခုတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်ကြသူများတွင် တာဝန်ရှိပြီး ဒေသကို ဦးဆောင်အုပ်ချုပ်နေသူများတွင်လည်း တာဝန်ရှိ . . .

❖ ထို့ကြောင့် မိမိတို့တာဝန်ထမ်းဆောင်နေသည့်ဒေသအတွင်း ခရိုင်၊ မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင်သမျှအကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ် . . .

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ပြုလုပ်သော အောင်လံမြို့ရှိဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးအမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# အပြန်အလှန်သွင်းဂိုးများဖြင့် မဟာယူနိုက်တက်အသင်းက ရာမည ယူနိုက်တက်အသင်းကိုအနိုင်ယူ

ရန်ကုန် ဇန်နဝါရီ ၂၈



၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၅)ပြိုင်ပွဲ၏ ပွဲစဉ်တစ်ပွဲဖြစ်သည့် မဟာယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းတွင် သန်လျင်မြို့ သီဟဒီပကွင်း၌ယှဉ်ပြိုင်ကစားကြရာ အပြန်အလှန်သွင်းဂိုးများသွင်းယူခဲ့ကြပြီး မဟာယူနိုက်တက် အသင်းက ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မဟာယူနိုက်တက်အသင်းသည် ရမှတ်(၁၉)မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၇)တွင် ရပ်တည်နေသည့်အသင်းဖြစ်ပြီး

စာမျက်နှာ ၁၂ ကော်လံ ၁ ■



## သာယာဝတီမြို့နယ်၌ နွေစပါး ၄၆၂၈၃ ဧက လျာထားစိုက်ပျိုးမည်

စာ - ၁၄ သို့

**ဆောင်းပါး**

## ပြည်ထောင်စုစိတ်ဓာတ်ကို စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် သက်သေပြ

စာ - ၁၃ သို့

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ ဆောင်ရွက်နိုင်မည်

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်မှ ၁၂ ရက်အထိ နေပြည်တော်၊ ပြည်သူ့ရင်ပြင်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကာလအတွင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်း/ စီးပွား ချိတ်ဆက်မှုပြခန်းဖွင့်လှစ်၍ ပို့ကုန်/ သွင်းကုန်လုပ်ငန်းရှင်တစ်ဦးဖြစ်စေမည့်လုပ်ငန်းစဉ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ MSME လုပ်ငန်းများ၊ သီလဝါ SEZ ၏ Promotion Zone အတွင်း ထုတ်လုပ်ရေးလုပ်ငန်းများ၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ၊ လက်လီ/လက်ကားရောင်းချသူများ၏ အချင်းချင်းချိတ်ဆက်မှုလုပ်ငန်းစဉ်များ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ အကောက်ခွန်ဦးစီးဌာနနှင့် ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များအကြားလုပ်ငန်းစဉ်များ၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များနှင့် နိုင်ငံတကာတွင်ရှိသော မြန်မာနိုင်ငံ၏စီးပွားရေးသံမှူးများဖြင့် အွန်လိုင်းမှ ဆွေးနွေးနိုင်မည့် ဝန်ဆောင်မှုများ၊ မူပိုင်ခွင့်ဆိုင်ရာသိသင့်သိထိုက်သည်များ၊ ကုန်စည်ပြပွဲနှင့်သက်ဆိုင်သောကိစ္စရပ်များအား ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်ဖြစ်လိုသူများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အသေးစား၊ အငယ်စားနှင့်အလတ်စားMSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်နိုင်ရေးအတွက် ပြပွဲကာလအတွင်း လုပ်ငန်း/စီးပွားချိတ်ဆက်မှုပြခန်းတွင် သက်ဆိုင်ရာကဏ္ဍအလိုက် လာရောက်လေ့လာခြင်း၊ ဆွေးနွေးခြင်းဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့်တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၂၂ ရက်နှင့် ၂၄ ရက်**တို့တွင် မော်လမြိုင်ခရိုင်နှင့်

စာမျက်နှာ ၂၉ ကော်လံ ၁ ➢



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။



အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

## နိုင်ငံတကာသတင်း

### အီရန်အနေဖြင့် နျူကလီးယားသဘောတူညီချက်မပြုလုပ်လျှင် နောက်ထပ်တိုက်ခိုက်မှုက ပိုမိုပြင်းထန်မည်ဟု ထရမ့်သတိပေး

စာ - ၂၃ သို့

### အိန္ဒိယ၌လေယာဉ်တစ်စင်းပျက်ကျ ပြည်နယ်ဒုတိယဝန်ကြီးချုပ်အပါ လူငါးဦးသေဆုံး

စာ - ၂၃ သို့